
www.burmeseclassic.com

ဝိုးမိုးစာပေ

ပိုးဆက်လင်းယက်

# ကြိုးရင်မို



www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၃၅၉၁၂၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၃၆၂၁၂၁၀
အဖုံးဒီဇိုင်း - မျိုးဆွေသန်း
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
အတွင်းပလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ။
ပထမအကြိမ်
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၆၀၀ ကျပ်

၈၉၅ . ၈၃
မိုးဆက်လင်းထက်
ကြီးရင်မှို/မိုးဆက်လင်းထက်။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၁
၁၆၄ - စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ။
(၁) ကြီးရင်မှို

BURMESE CLASSIC .com



# “ကြီးရင်မှို”

www.burmeseclassic.com

www.burmeseclassic.com



# နိဒါန်း



ပါလကင်းလွတ် သီတင်းကျွတ်ရောက်တိုင်း အပျိုကြီးတွေရဲ့ ရင်ထဲမှာ ခံစားချက်တစ်မျိုး ရှိလာတတ်ကြသည်။ အပျိုကြီးတိုင်း ထိုခံစားချက်မျိုး ရှိလာသည်ဟု မဆိုလိုပါ။ တချို့ ရှိလာတတ်ကြသည်ကို ဆိုလိုပါသည်။

မီးထွန်းပွဲကို သွားချင်တာမျိုးမဟုတ်။

"ဘယ်တော့စားရမှာလဲ"ဆိုသည့်အမေးကို လူတွေဆီက မကြားချင်တော့သောကြောင့် ရင်ထဲမှာ ဖြစ်ပေါ်လာသည့် အောင့်သီးအောင့်သက် ခံစားချက်မျိုးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တချို့က. . .

"ဒီဝါကျွတ်လည်း မကျွတ်သေးဘူးလား"

ဆိုတာမျိုး မေးသည်။

တချို့က. . .

"မနှစ်ကအတိုင်းပဲလား"

ဟု သရော်သလိုလို ပြောကြ၏။

တော်တော်ရင်းနှီးသော သူတွေကဆိုလျှင်. . .

"ကိုယ့်ဘာသာကိုယ် ဒီတစ်သက်မစွံတော့ဘူးလို့ နားလည်ထားရင်လည်း ငှက်ပျောပင်စိုက်ရတယ်. . . ကြီးလာလို့ အသီး သီးရင်လည်း စားရသေးတယ်၊ ကိုယ်သေသွားရင်လည်း အပင်လိုက်ခုတ်ပြီး ယူသွားရုံပဲ"

ဟု ပြောင်ကြီးဖွဲ့၏။

ထိုအခါမျိုးတွင် ခပ်အေးအေးနေတတ်သော အပျိုကြီးတွေ ရင်ထဲမှာ ဖြစ်ပေါ်လာသော ခံစားချက်ကို အကြောက်တရားနဲ့ ဖိနှိပ်၍ မချိပြုံးကြီး ပြုံး၍သာ နေကြရသည်။

မခံချင်စိတ်ရှိသည့် အပျိုကြီးတွေကတော့. . .

"အပူအပင်ကင်းနေတာကို မနာလိုဖြစ်နေကြတာလား"

ဆိုပြီး ပြန်ပြောတတ်၏။





ခပ်စွာစွာ အပျိုကြီးတွေကတော့. . .

"ကိုယ့်ဘာသာကိုယ် လင်မလိုချင်လို့ မယူဘဲနေတာဘာဖြစ်နေကြတာလဲ၊ သူများလိုက်ပြောနေမယ့်အစား နင်တို့နှမတွေနဲ့ အစ်မတွေကိုသာ လင်တစ်ယောက်နဲ့ မလုံလောက်ရင် နှစ်ယောက် သုံးယောက် ပေးစားလိုက်ကြ"

ဟု ခံပက်တတ်ကြ၏။

ဘာပဲဖြစ်ဖြစ် ဖြစ်ပေါ်လာသည့် ခံစားချက် အခြေခံအတိုင်း အဘာကတော့ တစ်မျိုးတစ်စားတည်း ဖြစ်၏။

ထိုကဲ့သို့ အပျိုကြီးအမျိုးအစား စာရင်းတွင် ပါဝင်သော အပျိုကြီးတစ်ယောက်ရှိသည်။ ထိုအပျိုကြီးမှာ. . .

❋❋❋



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)

[redacted]



'တင် ဝေဝေထွန်း' ကို အပျိုကြီးတစ်ယောက် အဖြစ် လုံးလုံးလျားလျား လက်ခံထားလို့ရသည်။ အဘယ့်ကြောင့် ဆိုသော် သူမအသက်က သုံးဆယ့်ငါးနှစ်တင်းတင်း ပြည့်ပြီးသွားပြီဖြစ်သောကြောင့် ဖြစ်ပါသည်။ အတိအကျပြောရရင် သုံးဆယ့်ခြောက်နှစ်ပြည့်ဖို့ နှစ်လလောက်ပဲ လိုပါတော့၏။ ထို့ကြောင့် အပျိုကြီးပေါက်စ မဟုတ်တော့။ အပျိုကြီးလုံးလုံးဖြစ်ပြီဟု ဆိုလို့နိုင်၏။

သို့သော် . . . သူမကတော့. . .

အသက်လေးဆယ်မကျော်မချင်း သူမကိုယ်သူမ သုံးဆယ်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ကျော်ဟုသာ ပြတ်ပြတ်သားသား ခံယူထားသည်။ တစ်ခါတစ်ရံ သူမအသက်ကို မနေ့တစ်နေ့ကမှ သုံးဆယ်ပြည့်ခဲ့သလိုလို ဆိုတတ်၏။ သူမက ထိုသို့ပြောလျှင်လည်း သူမအကြောင်းကို မသိသူတွေက ယုံတတ်ကြသည်။ သူမက 'နု'သည်။ လက်ရှိရောက်နေတဲ့ အရွယ်ထက် ငါးနှစ်လောက်ပိုငယ်သည်ဟု ထင်ရလောက်အောင် နုနယ်ခြင်းမျိုးကို ဆိုလိုသည်။ အပျိုဖြန်းလေးတစ်ယောက်ဟု ထင်ရလောက်အောင် စွတ်ရွတ်နုနေခြင်းမျိုးမဟုတ်။

BURMESE CLASSIC .com

ထို့ကြောင့် သူမသည် ပျိုမျစ်နုနယ်ခြင်းမျိုးကို ပိုင်ဆိုင်ထားသော အပျိုကြီးမမ တစ်ယောက်ဖြစ်သည်။ ရုပ်ရည်အားဖြင့်တော့ ကျက်သရေရှိရှိ လှပတင့်မော၏။ ကဗျာဆန်ဆန်ပြောရရင် မဟာဆန်သော အလှကို ပိုင်ဆိုင်ထားသည်။

ထို့ကြောင့် ယေဘုယျအားဖြင့် သုံးသပ်ရလျှင် သူမသည် လှပတင့်တယ်သော အမျိုးသမီးတစ်ယောက်ဖြစ်ပါသည်။ သို့သော် ရုပ်ပိုင်းဆိုင်ရာအားဖြင့် အပြစ်ပြောစရာမရှိသော်လည်း စိတ်ပိုင်းဆိုင်ရာအားဖြင့်တော့ အပျိုကြီးဆိုသည့် ဂုဏ်ပုဒ်အောက်တွင်ရှိနေ၍ ထူးခြားမှုရှိသည်။

အပျိုကြီးတော်တော်များများသည်. . .

စပ်စုတတ်၏။ ဇီဇာကြောင်တတ်၏။ အိမ်မွေးတိရစ္ဆာန်မွေး





များကို အသားလွတ် ချစ်တတ်ကြသည်။ အထီးကျန်ဆန်တတ်သည်။ (တစ်ခါတစ်ရံ တစ်ကမ္ဘာလုံးမှာ ကိုယ်တစ်ယောက်တည်းရှိတော့သလိုလို တွေးပြီး သိမ်ငယ်တတ်ကြ၏။)

ဒါတွေကတော့ ယေဘုယျအခြေခံသဘောတရားအားဖြင့် ရှိနေတတ်သော အခြေအနေများဖြစ်သည်။ နောက်တစ်ခု ကျန်သေးသည်။

စိတ်တိုလွယ်သည်။ အရာရာကို သိပ်စိတ်မရှည်တတ်ကြ။

ဒါတွေအားလုံး တင်ဝေဝေထွန်းမှာ ရှိသည်။ သူမမှာ ထိုစိတ်အခြေအနေတွေအားလုံး ပိုင်ဆိုင်ထားသည်။

ထို့ကြောင့် သူမသည် လူ့ပတ်ဝန်းကျင်၌ 'ဂွစာ' ဟုခေါ်သော လူ့အမျိုးအစားထဲသို့ တဖြည်းဖြည်း ရောက်မှန်းမသိ ရောက်လာပါတော့သည်။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com



မိသားစုထမင်းဝိုင်းမှာ ဖြစ်သည်။ သူမ အမေက တင်ဝေဝေထွန်းအား . . .

"သမီး အခုတလော ညဥ့်နက်မှ အိပ်တယ်နော်၊ ဘာတွေ အလုပ်ရှုပ်နေလို့လဲ"

"ဆိုင်ကိစ္စတွေပါ အမေရယ်၊ စာရင်းတွေ လုပ်နေလို့"

"အေးသီတာက စိတ်ချရပါတယ် သမီးရယ်၊ တော်ရုံတန်ရုံ ကိစ္စတွေလည်း မျက်နှာလွှဲလိုက်ပေါ့၊ နေရာတကာ ကိုယ်တိုင်ဝင်ပါ တော့ ပင်ပန်းပါတယ်"





တင်ဝေဝေထွန်းက သူမ အမေကို ဘာမှပြန်မပြောဘဲ ထမင်းကိုသာ ငြိမ်သက်စွာ ဆက်စားသည်။ သူမဖခင်ဦးတောက်ထွန်းက အစားမြန်သူဖြစ်၍ အရင်ဆုံး ပြီးသွားကာ သူ့ဘေးနားမှာ အဆင်သင့် ချထားသော ရေတစ်ခွက်ကို လှမ်းယူလိုက်ပြီး . . .

"ဆိုင်အခြေအနေကရော ဘယ်လိုနေလဲ"

ဦးတောက်ထွန်းရဲ့ အမေးကို တင်ဝေဝေထွန်းက စားနေရင်းမှ . . .

"မဆိုးပါဘူး ဖေဖေ၊ နောက်ပိုင်းတော့ ရောင်းအားနည်းနည်းပါးတယ်"

ဦးတောက်ထွန်းက ခေါင်းတညိတ်ညိတ်လုပ်ပြီး . . .

"ဒါက ကုန်ပစ္စည်းတိုင်းပါပဲ၊ သမီးတစ်ယောက်တည်း မဟုတ်ပါဘူး၊ အဖေတို့ ဆောက်လုပ်ရေးပစ္စည်းတွေလည်း အရောင်းပါးတာပဲ"

"ဟုတ်တယ် အခုလပိုင်းရောက်မှ ထူးထူးခြားခြားကို အရောင်းကျလာတာ၊ တချို့ဆိုင်တွေဆို ပစ္စည်းသစ်တောင် ထပ်မတင်နိုင်ဘူး"

"သမီးကရော ဘယ်လိုလုပ်ထားလဲ"

"သမီးကတော့ ဒီဇိုင်းဟောင်းတွေကို Discount နဲ့ ဈေးလျှော့ရောင်းပြီး ဒီဇိုင်းသစ်တွေကို ပုံမှန် ဝယ်တင်ထားတယ်"

ဦးတောက်ထွန်းက ခေါင်းညိတ်၍. . .



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် အဝတ်အစားဆိုတာ လစဉ်နဲ့အမျှ ဒီဇိုင်းတွေက အသစ်ထွက်နေတာလေ၊ သမီးတို့ မိန်းကလေးအဝတ်အစားတွေဆိုတော့ ပိုဆိုးတာပေါ့၊ အခုတစ်မျိုး တော်ကြာတစ်မျိုး ပေါ်နေတာ၊ ဒါကိုမှ ရောင်းအားကျတယ်ဆိုပြီး ထပ်မတင်ဘဲ တင်းခံနေရင် ပိုဆိုးသွားမှာပေါ့"

တင်ဝေဝေထွန်းက ဦးတောက်ထွန်းရဲ့စကားကို ထောက်ခံသည့်အလား ခေါင်းညိတ်ပြ၍ . . .

"ဟုတ်တယ် ဖေဖေ၊ သမီးကတော့ ဒီလတွေမှာ အမြတ်ကို လုံးဝမေ့ထားလိုက်တယ်၊ ပုံမှန်ဝန်ထမ်းစရိတ်လောက် ကာမိရင် ပြီးရောပဲ၊ ရသမျှဟာကိုတော့ ဆိုင်ထဲ အကုန်ပြန်ထည့်လိုက်တယ်"

"ကောင်းပါတယ် ဖေဖေကတော့ အဲ့ဒီသဘောထားကို ကြိုက်တယ်"

တင်ဝေဝေထွန်းက သူမ ဖခင်ကို ပြုံးပြလိုက်သည်။ သူမ၏ လုပ်ရည်ကိုင်ရည်ကို အသိအမှတ်ပြုသည့်အတွက် ပြုံးပြသော အပြုံးမျိုးဖြစ်သည်။

ထို့နောက် ဦးတောက်ထွန်းက ထမင်းဝိုင်းမှ ထသွားသည်။ ဦးတောက်ထွန်း ထသွားတော့ ဒေါ်မေစီက သူ့သမီးအား ကြည့်၍. . .





"သမီး"

"ရှင်"

"ဒီစကားကတော့ သမီးကို မေမေ ခဏခဏ ပြောနေတဲ့ စကားပါ၊ ဒါပေမယ့် အခုလည်း ထပ်ပြောရဦးမှာပဲ"

"အိမ်ထောင်ပြုဖို့ ပြောမလို့လား"

ဒေါ်မေစီက ခေါင်းညိတ်ပြ၍ . . .

"ပြုရတော့မယ် သမီး၊ ပြုသင့်နေပြီ မေမေတို့မှာ မျိုးဆက်ဆိုလို့ သမီးတစ်ယောက်တည်းရယ်၊ သမီးကမှ အိမ်ထောင်မပြုဘူးဆိုရင် ဦးတောက်ထွန်း ဒေါ်မေစီရဲ့ မျိုးဆက်က သမီးမှာတင် ပြတ်သွားပြီ၊ ဟိုနေ့ကပဲ သမီးဖေဖေက မေမေ့ကို ဒီကိစ္စပြောသေးတယ်၊ သမီးဖေဖေကတော့ အဖေတစ်ယောက်အနေနဲ့ သမီးကို ဒီစကားမျိုး ပြောလို့မသင့်လို့ မေမေ့ကို တိုက်တွန်းတယ်၊ မေမေကတော့ သမီးကို ဒီစကားမျိုးတွေပြောတာ အာပေါက်နေပါပြီ သမီးအခြေအနေက ဘယ်လိုလဲ"

"ဘာအခြေအနေလဲ မေမေ"

"အိမ်ထောင်ပြုဖို့ မစဉ်းစားသေးဘူးလားလို့"

တင်ဝေဝေထွန်းက သက်ပြင်းကို လေးတွဲ့စွာ ချလိုက်သည်။ ထို့နောက် မဖြေချင့်ဖြေချင် လေသံနှင့် . . .



www.burmeseclassic.com

www.burmeseclassic.com



“အိမ်ထောင်ပြုတယ်ဆိုတာ လွယ်တဲ့ကိစ္စလားမေမေရယ်”

ဒေါ်မေစီက . . .

“မလွယ်ဘူးဆိုတာတော့ မေမေ သိပါတယ်၊ ဒါပေမယ့် မေမေတို့မှာ အရာအားလုံး ပြည့်စုံနေပြီလေ၊ ဒီလိုပဲ သမီးမှာလည်း အရာအားလုံး ပြည့်စုံနေပြီပဲ၊ ဒါပေမယ့် မပြည့်စုံသေးတာ တစ်ခုပဲ ရှိတယ်၊ အဲဒါ ဘာလဲသိလား”

တင်ဝေဝေထွန်းက ကြားဖြတ်ဝင်၍

‘ယောက်ျား”

“ဟုတ်တယ် သမီး၊ ယောက်ျားပဲ၊ သမီးဘေးမှာ မားမားမတ်မတ် ရပ်တည်ပေးမယ့် လင်ယောက်ျားတစ်ယောက်လိုတယ်”

“အဲ့ဒါကြောင့် သမီးပြောတာပေါ့၊ ယောက်ျားယူတယ်ဆိုတာ မလွယ်ဘူးလို့”

ဒေါ်မေစီက မျက်ခုံးနှစ်ဖက်စလုံးကို ပင့်တင်လိုက်ကာ သူ့သမီးကို ကြည့်၍. . .

“ဘာတွေမလွယ်တာလဲ သမီး”

‘ယောက်ျားယူတယ်ဆိုတာ ဆိုင်တစ်ဆိုင်မှာ ကိုယ်လိုချင်တဲ့ အရုပ်တစ်ခုကို သွားဝယ်လိုက်သလို တန်းယူလို့ရတဲ့ကိစ္စမှ မဟုတ်တာ မေမေရဲ့၊ ရည်စားရှိမှ ဖြစ်တဲ့ကိစ္စပဲဟာကို၊ သမီးမှာ ရည်းစားမှ





မရှိတာ”

ဒေါ်မေစီက သူ့သမီးစကားကို နားထောင်ပြီး သက်ပြင်းချလိုက်ကာ. . .

“အမေကိုယ်တိုင် သမီးရည်းစားရဖို့ လိုက်ရှာပေးရမလို ဖြစ်နေပြီလားကွယ်၊ သမီးမှာ အရွယ်ရော ရုပ်ရော ရှိပြီးသားပါ၊ သမီးကို လိုချင်နေတဲ့ လူတွေလည်း တစ်ပုံကြီးပါ၊ အဲဒီအထဲမှာ သမီးလက်ခံထားတဲ့ လူတစ်ယောက်မှ မရှိဘူးလား”

“ဟင့်အင်း”

“မောင်မောင်စိုးကရော”

မောင်မောင်စိုးဆိုတာ သူမအဖေ ဦးတောက်ထွန်းရဲ့ မိတ်ဆွေတစ်ယောက်ရဲ့ သားဖြစ်သည်။ ရုပ်က ကုလားမင်းသား ရှရွတ်ခမ်းနဲ့ ခပ်ဆင်ဆင်တူ၏။ နှာခေါင်းကြီးကြီး အသားမဲမဲ။

“မေမေရယ် ကိုယ့်သမီး အချောအလှလေးကို ဒီချိုးဘူး လက်ထဲများ ရက်ရက်စက်စက် ထိုးထည့်ရက်တယ်”

“ဟယ်. . သမီး ဘယ်လိုပြောလိုက်တာလဲ၊ မောင်မောင်စိုးက အင်္ဂလန်က ဘွဲ့ယူထားတဲ့လူပါကွယ်၊ ဒီမှာလည်း အောင်မြင်နေတဲ့ စီးပွားရေးသမားတစ်ယောက်ပါ”

တင်ဝေဝေထွန်းက မျက်နှာကို မဲ့လိုက်ကာ. . .



www.burmeseclassic.com

www.burmeseclassic.com



“သူ့ဘာသာသူ ဘာကြီးပဲဖြစ်နေနေ အဲ့ဒီလိုရုပ်မျိုးကိုတော့ ယောကျ်ားမတော်နိုင်ဘူး”

“ကဲ ထားတော့. . . ဒါဆို မောင်ဗညားကိုရော”

“လာပြန်ပြီ နောက်တစ်ယောက်” ဟု သူမ စိတ်ပျက်စွာ တွေးလိုက်မိသည်။

ဗညားဆိုတာ သူမအဖေ ဦးတောက်ထွန်းရဲ့ အဓိကCustomer တစ်ယောက်ဖြစ်သည်။ သူက ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုရဲ့ ဒါရိုက်တာ။ အသက်ကတော့ သူမထက် သုံးလေးနှစ် ကြီးသည်။

နဖူးပြောင်ပြောင်၊ ဆံပင်တိုတို၊ မျက်လုံးပိတ်ပိတ်နှင့် ရုတ်တရက်ကြည့်လိုက်လျှင် ဘူးသီးတစ်လုံးပေါ်မှာ မျက်လုံးတွေ၊ နှာခေါင်းတွေ ပေါက်နေသည်နှင့် တူသည်။ သူကတော့ ကုလားမဟုတ်။ တရုတ်မှ တရုတ်စစ်စစ်။ သူ့အကြောင်းကို မသိလျှင် ၁၉ လမ်းထိပ်က ခေါက်ဆွဲရောင်းတဲ့ ပေါက်ဖော်ဟု ထင်စရာရှိသည်။

တင်ဝေဝေထွန်းက စားပွဲမှ ထရပ်၍. . .

“တော်ပြီ မေမေ၊ မေမေပြောနေတဲ့ လူတွေကို သမီးတစ်ယောက်မှ သဘောမကျဘူး၊ လောကမှာ ယောကျ်ားတွေ မျိုးတုံးကုန်ပြီး သူတို့နှစ်ယောက်တည်း ကျန်ခဲ့ရင်တောင်မှ သမီးစိတ်ဝင်စားမှာ မဟုတ်ဘူး၊ သူတို့ကို ယူမှ အသက်ရှင်နိုင်မယ်ဆိုရင်တောင် ကိုယ့်ဘာ





သာကိုယ် အဆုံးစီရင်လိုက်မယ်”

ဟု ပြောကာ ဆောင့်ကြီးအောင့်ကြီးနှင့် ထွက်သွားတော့၏။

ဒေါ်မေစီတစ်ယောက်သာ သူမ သမီးကို ကြည့်ရင်း စိတ်ပျက်စွာ ကျန်ရစ်ခဲ့ပါတော့သည်။

❋❋❋



www.burmeseclassic.com

www.burmeseclassic.com



ကြား ရက်တစ်ရက်ဖြစ်၍ ဆိုင်မှာ လူနည်းနည်း ပါးသည်။ ထို့ကြောင့် လက်ကျန်ပစ္စည်းစာရင်းတွေကို အေးသီတာနဲ့အတူ စစ်ရင်း သူမ အလုပ်ရှုပ်နေသည်။ အရင်အပတ်က ကျန်တဲ့ အထည်တွေစာရင်းကို စစ်နေခြင်းဖြစ်သည်။ စာရင်းမှာရှိသော အထည်စာရင်းနှင့် ဆိုင်မှာကျန်သော အထည်စာရင်းကို စစ်ပြီးနောက်. . .

"လက်ကျန်စာရင်းတော့ ကိုက်သွားပြီ၊ နောက်ဝင်တဲ့ စာရင်းကရော ဘယ်လိုလဲ"

အေးသီတာက. . .





"ကျွန်မ အကုန်စစ်ပြီးပြီ မမ၊ ရောက်ပြီးသား စာရင်းတွေရော ရောက်သေးတဲ့ ပစ္စည်းစာရင်းတွေပါ သေချာစစ်ထားတယ်၊ မမ အိမ်ပြန်ရင် ယူသွားလိုက်လေ"

တင်ဝေဝေထွန်းက ခေါင်းညိတ်ပြ၍. . .

"နင် သေချာစစ်ထားရင် ပြီးတာပဲလေ၊ အိမ်ပြန်ရင် ထည့်ပေးလိုက်"

"ဟုတ်ကဲ့"

ဟု ဆိုကာ အေးသီတာက သူမအနားက ထွက်သွားသည်။ သူမက မှန်ဘီဒိုနောက်က ထိုင်ခုံတွင် ပုံထားသော ဘရာစီယာတွေကို ခေါက်ရင်း ဘီဒိုထဲသို့ ထည့်ကာနေ၏။ ထိုအချိန်တွင် သူမ မှန်ဘီဒိုရှေ့သို့ လူတစ်ယောက် လာရပ်သည်။ သူမ မော့ကြည့်လိုက်တော့ ယောကျ်ားကြီးတစ်ယောက်။

သူမက မှန်ဘီဒိုနောက်မှ ထရပ်ကာ. . .

"ဘာလိုလို့လဲရှင့်"

သူမကို မြင်တော့ ထိုလူကြီးမျက်နှာက ရှက်ကိုးရှက်ကန်း ဖြစ်သွားပုံရသည်။ ထို့နောက် မဝံ့မရဲလေသံနှင့်. . .

"ဟို. . . ဟိုဟာလေ ဒီဆိုင်မှာ ယောကျ်ားလေး မရှိဘူးလားဟင်"

"ရှင်"

ထိုလူကြီး၏ အမေးစကားကြောင့် တင်ဝေဝေထွန်းက မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ပြုံးသွားကာ. . .

"ကျွန်မတို့ဆိုင်က ယောကျ်ားလေး မရောင်းဘူးရှင့်၊ အားလုံး မိန်းကလေးတွေပါပဲ၊ ဘာ. . . ဘာဖြစ်လို့လဲဟင်'

သူမ စကားကြောင့် ထိုလူကြီးက ဟိုကြည့်ဒီကြည့်လုပ်၍. . .

"ဘာ. . . ဘာမှတော့ မဟုတ်ပါဘူး တူမကြီးရယ်၊ ဦးလေးက ဟိုဟာ. . . ဟို. . . အတွင်းခံ ဝယ်ချင်လို့ပါ"

ထိုတော့မှ တင်ဝေဝေထွန်းက သဘောပေါက်စွာ ပြုံးလိုက်၍. . .

"သြော် ကျွန်မတို့ဆိုင်က မိန်းကလေးပစ္စည်းတွေပဲ ရောင်းတာ ဦးလေးရဲ့. . . ယောကျ်ားလေးနဲ့ပတ်သက်တဲ့ ပစ္စည်းတွေ မတင်ဘူး၊ ဦးလေး လိုချင်ရင်တော့ ကျွန်မ ဆိုင်ညွှန်ပေးလို့ရပါတယ်"

သူမစကားကို ထိုလူကြီးက လက်ခါပြ၍. . .

"ဦးလေးက မိန်းကလေးပစ္စည်းပဲ ဝယ်မှာပါ"

"သြော် မိန်းမ အတွင်းခံလား ရပါတယ်၊ ဘာအမျိုးအစားလဲ"

ပြောရင်းနှင့် တင်ဝေဝေထွန်းက ဘီဒိုထဲက အတွင်းခံဘောင်းဘီတွေကို ထုတ်လိုက်သည်။ လူကြီးက အတွင်းခံဘောင်းဘီတွေကို ကြည့်ကာ မျက်လုံးပြူးသွားပြီး. . .

"ဒါ. . ဒါတွေ မဟုတ်ဘူး တူမရဲ့၊ ဟိုဟာလေ. . . ဘယ်လို





ပြောရမလဲ၊ အဲ. . . အဲ. . ဘရာစီယာ. . . အဲဒါ. . ."

"သြော် သဘောပေါက်ပြီ၊ ရှိတယ် ဦးလေးရဲ့၊ ဘယ်လိုဟာလဲ၊ ဒီမှာ ကြိုက်တာရွေး"

ထိုလူကြီးက သူ့ရှေ့သို့ ကျလာသော ဘရာစီယာ တစ်ထပ်ကြီးကို ကြည့်ကာ ဟိုကိုင်ကြည့် ဒီကိုင်ကြည့် လုပ်သည်။ ပြီးတော့ ဘရာစီယာတွေကို ကြည့်၍ တဖြည်းဖြည်း စိတ်ရှုပ်လာပုံရ၏။ ထို့ကြောင့် တင်ဝေဝေထွန်းကို မော့ကြည့်လိုက်ကာ. . .

"တူမကြီး"

"ရှင်"

"ဦးလေးက ဒါတွေကို နားမလည်ပါဘူးကွယ်၊ အိမ်က မိန်းမက ရန်ကုန်ရောက်ရင် ဒါမျိုး သုံးထည်လောက် ဝယ်ခဲ့လို့ မှာလိုက်လို့ပါ"

"သြော် ရပါတယ်၊ ကျွန်မ ကောင်းတဲ့အထဲက ရွေးပေးလိုက်မယ်လေ၊ ဒါနဲ့ ဆိုဒ်က ဘယ်လောက်လဲ"

ဦးလေးကြီးက ကြောင်တောင်တောင်နဲ့ ကြည့်နေ၍သူမ ထပ်မေးလိုက်၏။

"ဦးလေးအမျိုးသမီးရဲ့ဆိုဒ်က ဘယ်လောက်လဲလို့"

ထိုအခါကျမှ ထိုလူကြီးက ကျီးကြည့် ကြောင်ကြည့်နှင့် တင်ဝေဝေထွန်း အပါအဝင် ဆိုင်က ကောင်မလေးတွေကို လိုက်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



တင်ဝေဝေထွန်းလည်း ထိုလူကြီးအမူအရာကြောင့် ပထမ အံ့သြနေရာမှ ရှက်စိတ်ကြောင့် ဒေါသထွက်သွားကာ. . .

"ဟာ. . ဦးလေး . . . ဦးလေး ဘာလုပ်တာလဲ"

"ဘာ. . . ဘာမှမလုပ်ပါဘူး၊ တူမကြီးပဲ ဆိုဒ်. . . ဆိုဒ်ဆိုလို့"

"အဲ့ဒါနဲ့ ဦးလေးက ကျွန်မတို့ကို လျှောက်ကြည့်. . . ဟာ ဒုက္ခပါပဲ၊ ဦးလေးအမျိုးသမီးရဲ့ ဆိုဒ်ကို မသိဘူးလား"

တင်ဝေဝေထွန်းရဲ့ ဒေါသသံပါတဲ့ စကားကြောင့် ထိုလူကြီး ကြောက်သွားကာ ယောင်နနနှင့် သူ့လက်ဝါးနှစ်ဖက်ဖြန့်လိုက်၍ လက်ချောင်းလေးတွေကို ကွေးကာ ကြည့်သည်။

တင်ဝေဝေထွန်းလဲ ယောင်နနနှင့် လိုက်ကြည့်နေပြီးတော့မှ မျက်နှာတစ်ခုလုံး နီရဲတက်လာကာ. . .

"ဦး. . . ဦးလေး ဘာ. . . ဘာလုပ်. . ."

"ဒီ. . . ဒီလောက်လောက်တော့ ရှိမယ် တူမကြီး"

"ဟာ. . . ဒုက္ခပါပဲ လာကြပါဦး ဒီကို၊ အေးသီတာ ခိုင်ခိုင်မြင့်တို့ ဒီကိုလာကြပါဦး၊ ဒီကိစ္စကို နင်တို့ပဲ လာရှင်းလိုက်တော့"

ဟုဆိုကာ တင်ဝေဝေထွန်း တစ်ချိုးတည်း လစ်တော့၏။

အေးသီတာတို့ ရောက်လာတော့မှ ပြဿနာက ပြေလည်သွားသည်။





"ရော့ ဦးလေးပြောတဲ့ အတိုင်းအတာအရဆို သုံးဆယ့်ရှစ်ယူသွား၊ နောက်တစ်ခါ ကိုယ့်မိန်းမဆိုဒ်လည်း ကိုယ်သိအောင် လုပ်ထားဦး၊ ဒီလိုပဲ လက်နဲ့လုပ်ပြလို့ရတဲ့ ကိစ္စမဟုတ်ဘူး ဦးလေးရဲ့၊ ဦးလေးက တကယ်ရိုးသားလို့ လုပ်ပြပေမယ့် ဟိုက အပျိုကြီးရှင့် ရှက်တာပေါ့၊ ကျွန်မတို့က အိမ်ထောင်ရှင်ဆိုတော့ တော်သေးတယ်"

ထိုလူကြီးက မျက်နှာငယ်လေးနှင့်. . .

"တောင်းပန်ပါတယ် တူမကြီးရယ်၊ အိမ်က မိန်းမကလည်း ယယ်ခဲ့လို့သာ ပြောလိုက်တယ်၊ ဆိုဒ်မပြောလိုက်ဘူး၊ ဦးလေးကလည်း တစ်ခါမှ မေးမကြည့်ခဲ့ဖူးဘူး"

"ကဲ ကဲ သွားတော့ သွားတော့၊ ဦးလေးပြောမှ ပိုရှုပ်ကုန်ပြီ"

ထိုလူကြီး ထွက်သွားတော့ တစ်ဆိုင်လုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ရယ်လိုက်ကြသည်။

တင်ဝေဝေထွန်းကတော့ ဘယ်အချိန်ကတည်းက ဆိုင်ထဲက ထွက်သွားမှန်း မသိလိုက်ပေ။

အပျိုကြီးကိုမှ ဘရာစီယာဆိုဒ်ကို လက်နဲ့လုပ်ပြတဲ့ လူနဲ့မှ သွားတိုးတာကိုး။

❋❋❋



www.burmeseclassic.com

www.burmeseclassic.com



**သူမ** အိမ်ပြန်ရောက်တော့ ပိုက်ဆံအိတ်ကို ဆိုဖာပေါ်သို့ ပစ်ချကာ ခြေပစ်လက်ပစ်ထိုင်လိုက်မိ၏။ ရှက်စိတ်နှင့် ဒေါသစိတ်က အခုထိ မပြေနိုင်သေး။ ခေါင်းထဲမှာ နောက်ကျိနေသည်။ ထို့ကြောင့် သက်ပြင်းတစ်ချက်ကို ချကာ. . .

"ဟဲ့ အေးမိ"

တစ်ဖက်က ပြန်ထူးသံ မကြားရ။ ထို့ကြောင့် နောက်တစ်ခွန်း ထပ်ခေါ်သည်။

"အေးမိရေ. . . အမယ်လေး ဘယ်များသွားသေနေလဲ"



"ရှင် မမလေး"

အသံနှင့်အတူ ခဏကြာတော့ အေးမိ ရှိုရှိုကလေး ရောက်လာပြီး. . .

"မမလေး ဘာခိုင်းမလို့လဲ"

တင်ဝေဝေထွန်းက အေးမိပုံစံကို မျက်လုံးထောင့်ကပ်၍ တစ်ချက်စိုက်ကြည့်လိုက်ကာ. . .

"နင် ဘာတွေလုပ်နေတာလဲ"

"အိမ်နောက်ဖေးမှာ ရေတင်နေတာ မမလေး"

"အိမ်မှာ ဘယ်သူမှ မရှိကြဘူးလား၊ သာထူးရော ဘယ်သွားလဲ"

"ကိုကြီးဖိုးသာထူးက လမ်းထိပ်ဆိုပြီး ထွက်သွားတယ်၊ လက်ဖက်ရည်ဆိုင်လားမသိဘူး"

တင်ဝေဝေထွန်းက အေးမိစကားကို နားထောင်ပြီး စုတ်တစ်ချက် သပ်လိုက်ကာ. . .

"ကျွတ် သာထူးကတော့ ပြတ်စော်နံနေပြီ၊ သူ့အလုပ်သူ မလုပ်ဘဲ တစ်နေ့တစ်နေ့ လက်ဖက်ရည်ဆိုင်သွားရတာနဲ့ ဘောလုံးပွဲကြည့်ရတာနဲ့ ဟုတ်နေတာပဲ"

တင်ဝေဝေထွန်းစကားဆုံးတော့ အေးမိက နှုတ်ခမ်းတစ်ချက် ရွဲ့ကာ. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မမလေး၊ ဟိုတစ်နေ့ကလည်း ကိုသာထူးကြီး မီးဖို ချောင်ထဲ ဝင်ပြီး ဟင်းတွေခိုးစားနေတာ သမီးတွေ့တယ်"

"တော်စမ်း နင်လည်း အတူတူပဲ၊ ခိုင်းစရာရှိလို့ ခေါ်ရင် ဘယ် တော့မှ တစ်ခါတည်းနဲ့ မကြားဘူး၊ သွား ငါ့အတွက် သံပရာရည်တစ် ခွက် ဖျော်ပြီး ယူလာခဲ့"

အေးမိက 'ဟုတ်ကဲ့'ဟု ပြောကာ တင်ဝေဝေထွန်းရှေ့က လှည့် ထွက်သွား၏။ တင်ဝေဝေထွန်းတစ်ယောက်တည်းသာ ဆိုဖာခုံမှာ ထိုင်ရင်း ကျန်ခဲ့၏။

တစ်ယောက်တည်း ကျန်ခဲ့သူတို့၏ ထုံးစံအတိုင်း တောင် တောင်အီအီတွေ လျှောက်တွေးနေမိသည်။ ကိစ္စကလည်း တွေးလက် စဖြစ်နေ၍ ခုနဆိုင်က အဖြစ်အပျက်က ခေါင်းထဲသို့ ပြန်ရောက်ကာ လာသည်။

ဘရာစီယာဆိုဒ်ကို လက်နဲ့တိုင်းပြီး လုပ်ပြသူမျိုး ဆိုင်ဖွင့်ခဲ့သော သက်တမ်းတစ်လျှောက်တွင် တစ်ခါမှ မကြုံဘူးခဲ့ပေ။ ဒီနေ့မှ ဘယ်လို လူမျိုးနဲ့ လာတွေ့နေမှန်းမသိ။ တွေ့မယ့်တွေ့တော့လည်း သူနဲ့မှ တိုက် တိုက်ဆိုင်ဆိုင် လာကြုံရသည်။

တင်ဝေဝေထွန်း တွေးရင်းနှင့် ဒေါသထွက်လာကာ တောက် တစ်ချက် ခေါက်လိုက်မိသည်။ ထိုအချိန်တွင် အေးမိက သံပရာရည်





တစ်ခွက်ကို သူမရှေ့သို့ လာချပေး၍. . .

"မမလေး ဘာတွေစိတ်တိုနေလဲ"

"နင့်ကိစ္စမပါပါဘူး၊ နင့်အလုပ် နင်သွားလုပ်၊ ဒါနဲ့ မေမေကော"

"မေမေကြီး အလှူသွားတယ် မမလေး"

သူမ သံပရာရည်ခွက်ကို ကိုင်ကာ တစ်ချက်မော့သောက်လိုက် သည်။ အေးစက်မွှေးပျံ့သော သံပရာရည်ရနံ့က ရင်ဘတ်ထဲသို့ ပျံ့နှံ့သွားချိန်တွင် စိတ်အလိုမကျမှုတွေ အားလုံး တစ်ဒင်္ဂ ပျောက် ကွယ်သွားသည်ဟု ထင်လိုက်မိသည်။

ထိုအချိန်တွင် ခြံထဲသို့ ကားတစ်စီး ထိုးဆိုက်လာသံ ကြားရ သည်။ ခဏကြာတော့ ဒေါ်မေစီ ဧည့်ခန်းထဲသို့ ဝင်လာ၏။ သူမကို တွေ့တော့. . .

"ဟယ် သမီး ဒီနေ့ဆိုင်က အစောကြီး ပြန်လာပါလား၊ ဘာလဲ နေမကောင်းလို့လား"

"မဟုတ်ပါဘူး မေမေရယ်၊ ခေါင်းထဲ နောက်ကျိကျိဖြစ်နေ တာနဲ့ ပြန်လာလိုက်တာ၊ မေမေ အလှူသွားတယ်ဆို"

ဒေါ်မေစီက. . .

"ဟုတ်တယ် သမီးရေ. . . အန်တီမြတို့အလှူလေ၊ သူတို့က ဘောင် သမီးကို မေးနေသေးတယ်၊ မေမေလည်း မနေ့က သမီးကို



www.burmeseclassic.com

www.burmeseclassic.com



ပြောဖို့ မေ့သွားတယ်၊ ဒါပေမယ့် သမီးမှာ အရေးတကြီးကိစ္စရှိလို့ဆိုပြီး မေမေ ကြည့်ကောင်းအောင် ပြောလိုက်ပါတယ်"

ပြောရင်းနှင့် ဒေါ်မေစီက အေးမိကို သောက်ရေတစ်ခွက် လှမ်းမှာလိုက်ကာ တင်ဝေဝေထွန်းရဲ့ ရှေ့က လွတ်နေတဲ့ ခုံမှာ ဝင်ထိုင်လိုက်သည်။

"သမီးကို ပြောရဦးမယ် သိလား၊ အန်တီမြတို့ အိမ်မှာ ခွေးလေးတွေ ပေါက်နေတာ ချစ်စရာလေးကွယ်၊ အားလုံး ခြောက် ကောင်တောင်၊ ဝတုတ်နေတာပဲ၊ မေမေတောင် အိမ်က ပန်စီကို ယောကျ်ားပေးစားမလို့ စဉ်းစားလာတယ်"

တင်ဝေဝေထွန်းက ဒေါ်မေစီစကားကိုလည်း ကြားရော သံပရာရည်ခွက်ကို ခွပ်ကနဲချကာ လက်နှစ်ဖက်ကို ခါယမ်းပြ လိုက်ပြီး. . .

"သမီးခွေးမလေးကို သူ့ဘာသာသူ လွတ်လွတ်လပ်လပ် နေပါ စေ မေမေရယ်၊ ယောကျ်ားတော့ မပေးစားလိုက်ပါနဲ့"

"ဒီမှာ သမီး သတ္တဝါရယ်လို့ဖြစ်လာရင် သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ရမှာပဲ၊ အမေကတော့ ပန်စီကို ဒီအတိုင်းမထားနိုင်ဘူး သူ့သဘာဝအတိုင်းပဲ ရှင်သန်စေချင်တယ်၊ ဒါ့ကြောင့် သမီး မကျေနပ် ချင်လည်းနေ၊ မေမေကတော့ ယောကျ်ားပေးစားမှာပဲ"

ဝိုး မိုး ၀၇၄၂



တင်ဝေဝေထွန်းက ဒေါ်မေစီစကားကို ကြားပြီး မကျေ နပ်နှင့် မျက်နှာတစ်ဖက်လှည့်ကာ. . .

"အဲ့ဒါပဲ မေမေတို့က ကိုယ့်ကိစ္စမဟုတ်ဘဲလည်း ဝင်ပူနေတာပဲ၊ ပန်စီကို ယောကျ်ားမပေးစားတော့ရော ဘာဖြစ်လဲ၊ ပေးစားလိုက် တော့မှ အပိုကိစ္စတွေ ရှုပ်လာဦးမယ်၊ သူက ယောကျ်ားယူပြီးရင် ဒီအတိုင်းနေမှာ မဟုတ်ဘူး၊ ကလေးတွေ မွေးဦးမှာ"

"မွေးပလေ့စေပေါ့၊ ဘာဖြစ်လဲ ယောကျ်ားယူပြီး ကလေးမွေး တာ ဆန်းသလား၊ နင်ပဲ အဆန်းလုပ်နေတာ"

"သမီးဘက် လှည့်မလာနဲ့နော်"

"လှည့်သင့်လှည့်ရမှာပဲ၊ ဘယ့်နှယ့်တော် သူများတွေ အခုချိန် မြေးတွေ ကိုယ်စီချီနေကြပြီ၊ ဒေါ်မေစီတို့များ ဘယ်နားနေမှန်း မသိဘူး"

တင်ဝေဝေထွန်း ထိုင်နေရာမှ ထရပ်လိုက်သည်။ မကြာမီ ခွေးကို ယောကျ်ားပေးစားဖို့ကိစ္စမှ လူကို ယောကျ်ားပေးစားဖို့ကိစ္စ ဘက် လှည့်လာတော့မည်ဆိုတာ သိလိုက်၍ ဖြစ်၏။ ထို့ကြောင့်. . .

"သမီး အလုပ်ထဲမှာ ပင်ပန်းလာလို့ သွားနားတော့မယ်၊ ပန်စီကို ယောကျ်ားပေးစားဖို့ကိစ္စက မေမေ့သဘောအတိုင်းသာ စီစဉ်လိုက်တော့၊ တစ်ယောက်မကလို့ ဘယ်နှယောက်နဲ့ ပေးစား

ဝိုး မိုး ၀၇၄၂

www.burmeseclassic.com

www.burmeseclassic.com



ပေးစား သမီး မပြောတော့ဘူး သွားပြီ”

ဟု ဆိုကာ ပိုက်ဆံအိတ်ကို ဆွဲ၍ သူမအခန်းဆီသို့ ထွက်ခဲ့လိုက်သည်။ ဒေါ်မေစီသာ သူမ ဆက်မပြောချင်တဲ့ အကြောင်းအရာတွေ ပြောခွင့်မရလိုက်၍ မျက်စောင်းကြီးခဲကာ ပွစိပွစိနှင့် ကျန်ခဲ့ပါတော့သည်။

❋❋❋





**‘ပန်ဒီ’** က အယ်ဖေးရှင်းအမျိုးအစား၊ မျိုးကောင်းမျိုးသန့် ခွေးမတစ်ကောင်ဖြစ်၏။ ထို့ကြောင့် တော်ရုံတန်ရုံ ခွေးအမျိုးအစားတွေနှင့် မပေးစားနိုင်ပေ။ အယ်ဖေးရှင်း အမျိုးအစားချင်း ဘုရင်တောင် နိုင်ငံခြားမျိုးအစစ် အယ်ဖေးရှင်းနဲ့မှ ပေးစားနိုင်မည်ဖြစ်သည်။

ထိုကိစ္စကို ဒေါ်မေစီက သူ့ယောက်ျား ဦးတောက်ထွန်းအားခင်ပြသောအခါ. . .

“ကိုယ့်သူငယ်ချင်း တစ်ယောက်ရဲ့ သားဆီမှာတော့ ဒီလို နိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com



ခြားဖြစ် ခွေးတွေချည်းပဲ သီးသန့်မွေးထားတယ်ပြောတယ်၊ သူတို့က ဒီလိုမျိုးကောင်းမျိုးသန့် ခွေးတွေကို အာမခံနဲ့ အရောင်းအဝယ်လုပ်တယ်လို့လည်း ကြားတယ်၊ အယ်ဇေးရှင်းအမျိုးအစားတော့ ရှိလားမရှိလားဆိုတာ မေးကြည့်လိုက်ဦးမယ်၊ ရှိတယ်ဆိုရင် ပန်စီအတွက် အဆင်ပြေတာပေါ့”

ထို့နောက် ဦးတောက်ထွန်းက သူ့သူငယ်ချင်းအား ဖုန်းဆက်၍ မေး၏။ ဟိုဘက်က သူ့သားထံ ဖုန်းဆက်မေးပေးမည်ဟု ဆိုကာ ခဏစောင့်ခိုင်းထားသည်။

ခဏနေတော့ ဖုန်းပြန်လာသည်။

“သူငယ်ချင်း မင်းပြောတဲ့ အယ်ဇေးရှင်းအမျိုးအစား ခွေးတစ်ကောင်ကို ငါ့သားက ဟိုတလောကမှ နိုင်ငံခြားက သွင်းလာတယ်ပြောတယ်၊ မင်းခွေးမကို စပ်ချင်တဲ့ အချိန်သာ ဖုန်းဆက်လိုက်၊ အားလုံး အဆင်ပြေစေရမယ်”

ဤသို့ဖြင့် ပန်စီအတွက် ယောကျ်ားခွေးတစ်ကောင်က ရောက်နဲ့အသင့် ကြာအသင့် ဖြစ်သွားလေပြီ။

အဆင်ပြေတဲ့နေ့ ဖုန်းဆက်လိုက်ရုံသာ။

ဦးတောက်ထွန်းက. . .

“ခွေးစပ်တဲ့ကိစ္စကတော့ ငါမအားဘူးနော်၊ ဖိုးသာထူးကိုသာ





တာဝန်ပေး”

ဟု ဒေါ်မေစီကို ပြောလိုက်ပါတော့သည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



တကယ့် တကယ်တမ်း မျိုးစပ်ဖို့လုပ်တော့ နေရာက ပြဿနာဖြစ်လာသည်။ တခြားဟာမဟုတ်။ ကိုယ့်အိမ်မှာပဲ စပ်ရမလား၊ သူတို့ဆီပဲ သွားရမလားဆိုသည့် ပြဿနာပင်။

ထိုကိစ္စကို ဒေါ်မေစီက တာဝန်ယူဖြေရှင်းသည်။ တင်ဝေဝေထွန်းကတော့ ဘာမှဝင်ပြောချင်စိတ်မရှိတော့၍ သူ့အမေစီမံသမျှကိုသာ နားထောင်နေလိုက်သည်။

"သမီးက ဖိုးသာထူးကိုခေါ်ပြီး အဲ့ဒီခွေးတွေ မွေးထားတယ်ဆိုတဲ့ အိမ်ကိုအရင်သွား၊ ပြီးတော့ ဘယ်လိုလုပ်ရမယ်ဆိုတာကို

ဦးမိုးစာအုပ်



သူတို့ကို အရင်မေးလိုက်၊ ဖြစ်နိုင်ရင် ပန်စီ့ကို အိမ်မှာပဲ ထားချင်တယ်လို့ပြော၊ သူတို့ဆီက ခွေးထီးကို ဒီမှာထားလို့ရမလားလို့ မေးလိုက်ပေါ့"

ဒေါ်မေစီ့စကားဆုံးတော့ တင်ဝေဝေထွန်းက ဝင်၍. . .

"သူတို့ခွေးကို ဒီမှာထားတော့ ဘယ်သူက စောင့်ရှောက်မှာလဲ အမေရဲ့၊ ပြီးတော့ ခွေးက သေးသေးကွေးကွေးလည်း မဟုတ်ဘူး၊ အရွယ်ရောက်နေပြီ၊ တော်ကြာ သမီးတို့ကို ရန်မူနေရင် ဘယ်လိုလုပ်မလဲ"

ထိုစကားကို ကြားတော့ ဒေါ်မေစီ အနည်းငယ် တွေဝေသွားသည်။ တင်ဝေဝေထွန်းပြောတာ အဓိပ္ပာယ်ရှိသည်ဟု ရင်ထဲမှာ တွေးလိုက်မိ၏။ သခင်မရှိဘဲ အရွယ်ရောက်ပြီး ခွေးတစ်ကောင်ကို သူ့အိမ်ခေါ်ထားလို့ မဖြစ်နိုင်ဟု တွေးလိုက်မိ၏။ ပြီးတော့ ခွေးက တော်ရုံတန်ရုံခွေးမဟုတ်။ အယ်ဇေးရှင်းအမျိုးအစား၊ နိုင်ငံခြားဖြစ်ခွေးတစ်ကောင်ဖြစ်နေ၏။ မတော်လို့ တစ်စုံတစ်ခုဖြစ်သွားရင်တောင် ခွေးရဲ့တန်ဖိုးက မနည်းပေ။

ထို့ကြောင့် ခွေးပိုင်ရှင်ဆီကိုသာ အရင်သွား၍ လုပ်သင့် လုပ်ထိုက်တာကိုသာ အရင်မေးတာ သင့်တော်မည်ဟု တွေးလိုက်ကာ. . .

"ဒါဆိုလည်း အဲ့ဒီအိမ်ကို အရင်သွားပြီး ဘာလုပ်သင့်သလဲ

ဦးမိုးစာအုပ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ မေးလာခဲ့ပေါ့၊ သူတို့ပြောတဲ့ အစီအစဉ်ကိုကြည့်ပြီး အကောင်းဆုံး စီစဉ်တာပေါ့"

"အဲ့ဒါကြောင့် သမီးပြောတာပေါ့၊ ဒီကိစ္စကို မလုပ်ပါနဲ့လို့ အခုတော့ အလုပ်ရှုပ်ပြီ၊ ပြီးတော့ ပန်စီက ယောကျ်ားလိုချင်တယ်လို့ အော်နေတာလဲမဟုတ်ဘူး"

တင်ဝေဝေထွန်းက စိတ်ရှုပ်စွာနှင့် ထိုစကားကို ဆို၏။ ဒေါ်မေစီက. . .

"ဟဲ့ ယောကျ်ားလိုချင်တယ်လို့ အော်နေရအောင် ခွေးက လူစကားပြောတတ်လို့လားဟဲ့၊ ဒီလိုပဲ အရွယ်ရောက်ရင် ပေးစားရတာပဲ၊ နင်သာ. . ."

"သမီးနဲ့ ဘာဆိုင်လို့လဲ၊ သမီးကို ဆွဲမထည့်နဲ့"

"ဒါဆိုလည်း ကဂျီကကြောင်များမနေနဲ့၊ ငါပြောသလိုလုပ်"

"သမီးက ဆိုင်တစ်ဖက်နဲ့ အလုပ်ပျက်တယ်"

"ဒါဆိုလည်း နင်နေခဲ့လေ၊ ဖိုးသာထူးတစ်ယောက်တည်း သွားပစေပေါ့၊ အဲ့ဒါ နင်ချစ်လှပါချည်ရဲ့ဆိုပြီး ဝယ်မွေးထားတဲ့ခွေးပဲ နင်သံယောဇဉ်ပြတ်နိုင်တယ်ဆိုလည်း သဘောပဲ"

ဒီလိုဆိုတော့လည်း တင်ဝေဝေထွန်းက မနေနိုင်ပြန်။

ပန်စီဆိုတဲ့ ခွေးမလေးကို ငယ်ငယ်ကတည်းက သူမက





သားသမီးတစ်ယောက်လို မွေးလာရ၍ သံယောဇဉ်ကြီး၏။ ထို့ကြောင့် ပန်စီ ယောကျ်ားယူဖို့ကိစ္စကို သူများနှင့် လက်လွှတ်စပယ် လွှဲမထားနိုင်ပေ။

ထိုအကြောင်းကို ဒေါ်မေစီကလည်း သိ၍ ပြောလိုက်ခြင်းပင်။

တင်ဝေဝေထွန်းက မကျေမနပ် ထရပ်လိုက်ကာ. . .

"ကဲ ကဲ သွားရမယ့်လိပ်စာပေး၊ ဖိုးသာထူးနဲ့ သမီးသွားလိုက်မယ်"

ဒေါ်မေစီက အောင်နိုင်သူတစ်ယောက် အပြုံးမျိုးနှင့် ပြုံးလိုက်ကာ လိပ်စာကဒ်ပြားတစ်ခုကို ထုတ်ပေးလိုက်ပါတော့သည်။

❋❋❋



www.burmeseclassic.com

www.burmeseclassic.com



**လိပ်** စာအရ ကိုးမိုင်ဘက်က ခြံတစ်ခြံမှာဖြစ်သည်။ ကားကို သူမက ကိုယ်တိုင်မောင်း၍ ထွက်လာခဲ့၏။ ဖိုးသာထူးက လိပ်စာကဒ်လေးကို ကိုင်ကာ ဘေးမှာထိုင်ရင်း ပါလာ၏။ လိပ်စာအရ ရေးထားသည့် ခြံရှေ့ရောက်တော့ သူမ ဟွန်းတီးလိုက်သည်။ ခြံတံခါးက ပိတ်ထားသောကြောင့် ခြံထဲက လူရိပ်လူခြေကို မမြင်ရသော်လည်း သူမ ဟွန်းတီးလိုက်သည်နှင့် ခွေးဟောင်သံများကို ကြားနေရပါသည်။

ခဏကြာတော့ လူတစ်ယောက် တံခါးလာဖွင့်သည်။ သူမတို့





ကားကို တွေ့သွားတော့ မျက်မှောင်ကျုံ့သွားကာ စူးစမ်းသည့်အနေ နှင့် အနားရောက်လာ၍ သူမက. . .

“ဒီလိပ်စာကဒ်ထဲက ခွေးရောင်းဝယ်ရေးခြံလား မသိဘူး”

ထိုလူက သူမထုတ်ပြသည့် လိပ်စာကဒ်ကို ကြည့်၍ ခေါင်း ညိတ်ပြလိုက်ကာ. . .

“ဟုတ်ပါတယ် ဒီခြံပါပဲ၊ အစ်မတို့က ခွေးဝယ်ဖို့လာတာလား မသိဘူး”

သူမက. . .

“ခွေးဝယ်မလို့လာတာမဟုတ်ပါဘူး၊ ခွေးကိစ္စလေးတစ်ခု ဆွေးနွေးစရာရှိလို့ပါ”

ထိုလူက ခေါင်းညိတ်ပြ၍ ခြံတံခါးကို ပြေးဖွင့်ပေးသည်။ သူမက ကားကို ခြံထဲသို့ မောင်းဝင်လိုက်၏။ ခြံထဲရောက်တော့ မျက်စိ တစ်ချက် ကစားပြီး လေ့လာလိုက်သည်။ ခြံက တော်တော်လေးကျယ် ကြောင်း တွေ့ရသည်။ ခွေးအိမ်လေးများကို ခြံရဲ့ တစ်ဖက်သို့ကပ်ကာ ခြည်းရိုးနံရံမှနေ၍ ထိုးထားသော တစ်ဖက်ရပ်အမိုးလေးများ အောက်တွင် သပ်ရပ်စွာ ထားထားသည်ကို တွေ့ရသည်။

ခွေးတွေက အမျိုးစုံလင်လှ၏။ ဒိုဘာမင်၊ အယ်ဖေးရှင်း၊ ဆော့ပိုင်လာ စသည့်ဖြင့် နိုင်ငံခြားခွေးမျိုးများသာ။ တချို့ သူမ



www.burmeseclassic.com

www.burmeseclassic.com



မသိသော ခွေးအမျိုးအစားများလည်း ပါသည်။

သူမ ကားပေါ်မှ ဆင်း၍ ခွေးအိမ်တွေဘက် ငေးနေစဉ် အိမ်ထဲမှနေ၍ အသက်နှစ်ဆယ့်ငါးပတ်ဝန်းကျင်လောက် ကောင်လေးတစ်ယောက် ထွက်ကာလာ၏။ သူမ ခြေသံကြား၍ လှည့်ကြည့်လိုက်တော့ ကောင်လေးက နှစ်လိုဖွယ်ပြုံးပြ၏။ ကောင်လေးပုံစံက ရုပ်ရည်သားသားနားနားနှင့် ယောကျ်ားပီပီသသ ချောမောသောပုံစံရှိသောကြောင့် ဒီခြံပိုင်ရှင်ကောင်လေးဖြစ်လိမ့်မည်ဟု စိတ်မှာတွေးလိုက်မိ၏။

ကောင်လေးက သူမနားရောက်လာတော့. . .

"မမ ဘာကိစ္စများရှိလို့လဲ ခင်ဗျ"

တင်ဝေဝေထွန်းက. . .

"မမက ဦးတောက်ထွန်းရဲ့ သမီးပါ၊ မမ ဖေဖေက မင်းတို့ဖေဖေဆီကို ဖုန်းဆက်ထားပြီးပြီလို့ ပြောပါတယ်၊ ဟို. . . ခွေးကိစ္စ. . ."

ကောင်လေးက သူမစကားကို နားထောင်ပြီး ဇဝေဇဝါ မျက်နှာအမူအရာနှင့်. . .

"ဟိုနေ့ကတော့ ဖေဖေ ကျွန်တော့်ဆီ ဖုန်းဆက်ထားပါတယ် မမ၊ သူ့သူငယ်ချင်းတစ်ယောက် ခွေးဝယ်မလို့ဆိုလားမသိဘူး၊ အဲဒါ မမ ဖြစ်လိမ့်မယ်ထင်တယ်"





သူမက တစ်ချက်တွေးလိုက်ကာ. . .

"ဟိုနေ့ကဆိုရင်တော့ ဟုတ်လိမ့်မယ်ထင်တယ်၊ ဒါပေမယ့် မင်းဖေဖေပြောသလိုတော့ ခွေးဝယ်ဖို့ မဟုတ်ဘူးကွယ်"

"ဒါဆိုဘာလဲဟင်"

ကောင်လေးရဲ့ အမေးစကားကြောင့် သူမ ဘာပြန်ဖြေရမှန်းမသိ ဖြစ်သွား၏။ အပျိုကြီးတစ်ယောက်အနေနှင့် ခွေးမျိုးစပ်ဖို့ကိစ္စကို ရုတ်တရက် ပါးစပ်က ပြောမထွက်ဘဲ ဖြစ်နေသည်။ ထို့ကြောင့် ဖိုးသာထူးကို အကူအညီတောင်းသည့်အနေနှင့် အဓိပ္ပာယ်ပါပါ တစ်ချက်လှမ်းကြည့်လိုက်၏။

ဖိုးသာထူးက ခွေးတွေကို လျှောက်ငေးနေသောကြောင့် တင်ဝေဝေထွန်း လှမ်းကြည့်တာကို မမြင်လိုက်ပေ။

ထို့ကြောင့် တင်ဝေဝေထွန်းက စိတ်မရှည်နိုင်စွာနှင့်. . .

"ဟဲ့ ဖိုးသာထူး ငါတို့လာရင်း ကိစ္စကို ပြောပြလိုက်လေ"

ခွေးတွေကို စိတ်ဝင်တစားငေးနေရင်းမှ တင်ဝေဝေထွန်းရဲ့ အသံကို ကြား၍ ဖိုးသာထူးက ယောင်နနနှင့်. . .

"ဟုတ် ဟုတ်ကဲ့ ဒီကအစ်မက အစ်ကိုတို့ဆီမှာ သားစပ်ဖို့ လာတာပါ"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



အဆုံးမရှိ အစမရှိ ထပြောလိုက်သော ဖိုးသာထူးစကားကြောင့် ကောင်လေးပါးစပ်က အာမေဍိတ်သံတစ်ချက် ထွက်ကာသွားသည်။ တင်ဝေဝေထွန်းကတော့ မျက်နှာတစ်ခုလုံး ရဲသွားပြီး ဖိုးသာထူးကို ကြက်သေသေကာ ကြည့်နေ၏။

ခွေးပိုင်ရှင်ကောင်လေးက တင်ဝေဝေထွန်း ရှက်သွားတာကို သိလိုက်၍ အခြေအနေကို ထိန်းသည့်အနေနှင့် စကားစကို ဝင်ထောက်ပေးလိုက်သည်။

အဲ့ဒီတော့မှ ပိုဆိုးသွား၏။

"ဩော် ဟုတ်ကဲ့ ကျွန်တော် သဘောပေါက်ပြီ အစ်မ၊ အစ်မက ဘယ်လို. . . ဘယ်လို ခွေးအမျိုးအစားနဲ့ စပ်ချင်တာလဲ မသိဘူး"

တင်ဝေဝေထွန်း မျက်လုံးကြီးပြူးထွက်သွားပြီး. . .

"အို အစ်မ စပ်ချင်တာမဟုတ်ဘူး၊ ဘာတွေ လျှောက်ပြောနေတာလဲ"

ကောင်လေးက သူ့စကားလောသွားမှန်းသိ၍ မျက်စိပျက် မျက်နှာပျက်နှင့် သူ့စကားသူ ပြန်ဖြေရ၏။

"ဟာ ဆောရီး ဆောရီး ကျွန်တော်ပြောတာ အဲ့လိုမဟုတ်ဘူး၊ အစ်မခွေးကို ဘယ်ခွေးနဲ့ မျိုးစပ်ချင်လဲလို့ ပြောတာပါ၊ စကားလော သွားလို့"





တင်ဝေဝေထွန်းလည်း ရှင်းလေ ပိုရှုပ်လေဖြစ်မည်စိုး၍ ထိုစကားကိစ္စနှင့်ပတ်သက်၍ ဘာမှထပ်မပြောတော့ဘဲ ကောင်လေး အမေးကိုသာ ရှက်ရှက်နဲ့ပဲ ဖြေလိုက်ရသည်။

"အစ်မ ခွေးက အယ်ဖေးရှင်းပါ၊ အဲ့ဒါကြောင့် မင်းဆီက အထီးတစ်ကောင်နဲ့ ပေးစားချင်လို့"

အဲ့ဒီတော့မှ ကောင်လေးလည်း တင်ဝေဝေထွန်းက သူ့စကား နှင့်ပတ်သက်၍ စိတ်မဆိုးတာ သိလိုက်ရ၍ စိတ်သက်သာရာ ရသွား ကာ သက်ပြင်းတစ်ချက်ချက်လိုက်၍. . .

"ရပါတယ် အစ်မရယ်၊ အစ်မပြောတဲ့ ခွေးမျိုး ကျွန်တော့်ဆီမှာ ရှိပါတယ်၊ ဒါနဲ့ အစ်မက ဘယ်တော့လောက် အဲ့ဒီကိစ္စကို ဆောင် ရွက်ချင်လဲမသိဘူး"

တင်ဝေဝေထွန်းက. . .

"ဒါကတော့ အဆင်ပြေတဲ့တစ်ရက်ပေါ့၊ မင်းဘက်က ဘယ်နေ့ အဆင်ပြေလဲ ပြောကြည့်ပေါ့"

တင်ဝေဝေထွန်းစကားကြောင့် ကောင်လေးက ရယ်ဖြဲဖြဲ လုပ်ကာ. . .

"ကျွန်တော့်ခွေးလို့ ပြောပါအစ်မရယ်"

တင်ဝေဝေထွန်းက တစ်ချက်ရယ်လိုက်ကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ မင်းခွေးက ဘယ်နေ့အဆင်ပြေမလဲ၊ အမယ်လေး မြန်မာစကားများ တယ်ရှုပ်တာပဲ"

ကောင်လေးက ရယ်လိုက်၍. . .

"ရပါတယ် ကျွန်တော့်ခွေးဘက်ကတော့ အဆင်ပြေပါတယ်၊ အစ်မ ခွေးကိုသာ အားတဲ့နေ့ လာပို့လိုက်ပေါ့"

တင်ဝေဝေထွန်းက မျက်မှောင်တစ်ချက် ကျုံ့လိုက်ကာ. . .

"လာပို့ရမယ်ဟုတ်လား၊ ဒီကိုလာပို့ရမှာလား"

"ဟုတ်တယ်လေ အစ်မ၊ ဒီကိုလာပို့ရမှာပေါ့၊ အစ်မတို့ဆီကို တော့ ကျွန်တော့်ကောင်ကို လွှတ်လို့မရဘူး အစ်မရဲ့၊ ဒီကောင်က နည်းနည်း ဆိုးတယ်၊ သူ့ကို နိုင်ငံခြားကနေ တိုက်ရိုက်သွင်းလာတာ၊ ဒီရောက်တာတောင် မကြာသေးဘူး၊ ကျွန်တော်တို့တောင် မနည်း ယဥ်အောင် လုပ်ထားရတာ"

တင်ဝေဝေထွန်းက ခေါင်းညိတ်ပြ၍. . .

"ဒါဆိုလည်း ပြီးရောလေ၊ သန်ဘက်ခါလောက် အစ်မခွေးကို လာပို့လိုက်မယ်၊ ဒါပေမယ့် အစ်မခွေးကိုတော့ တစ်စုံတစ်ခု မဖြစ် အောင် မင်းဘက်က တာဝန်ယူပေးရမယ်နော်၊ သေသေချာချာ ဂရုစိုက်ပေးစေချင်တယ်၊ အဲ့ဒီအတွက်လည်း မင်းတို့ဘက်ကို အစ်မ က ဝန်ဆောင်ခ သပ်သပ်ပေးပါ့မယ်"





သူမစကားကို ကောင်လေးက တစ်ချက်ရယ်လိုက်ရင်း. . .

"စိတ်ချပါအစ်မ၊ ကျွန်တော်တို့က ဒီအလုပ်ကို စီးပွားရေးအရ လုပ်စားနေတယ်ဆိုပေမယ့် တိရစ္ဆာန်တွေကို သားသမီးတွေလို ချစ်တတ်ပါတယ် အစ်မရဲ့၊ အစ်မခွေးကို ဘာမှမဖြစ်စေရဘူး စိတ်ချ ပါ ပြီးတော့ အစ်မကိုယ်တိုင်လည်း ရှိနေမှာပဲ၊ အစ်မ မျက်စိရှေ့တင် ပဲ အစ်မခွေး ရှိနေမယ့်ဟာ"

"ဘယ်လို"

ထိုစကားကြားတော့ တင်ဝေဝေထွန်းက မျက်လုံးပြူးကာ သွား သည်။ 'ပန်စီ'က သူမရှေ့တင် ရှိနေမည်ဆိုပဲ။ ဒါတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပေ။ ဒီလိုကိစ္စမျိုးတွေကို ကြည့်ရဲဖို့နေနေသာသာ၊ စိတ်ကူး နဲ့တောင် တွေးမကြည့်ဘူးပေ။ ယုတ်စွအဆုံး တော်သလင်းလဆိုရင် တောင် ခွေးတွေကို စေ့စေ့ကြည့်ရဲသူမဟုတ်။

"ဒါတော့ မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး"

တင်ဝေဝေထွန်း၏ ခါးခါးသီးသီးအငြင်းကြောင့် ကောင်လေး က ကြောင်တောင်တောင်ဖြစ်သွားကာ. . .

"ဘာ. . . ဘာဖြစ်လို့လဲ အစ်မ"

"ဘာ. . . ဘာဖြစ်ရမှာလဲ၊ မင်းဟာမင်းပဲ စဥ်းစားကြည့်၊ အိုကွယ်. . . ဒီကိစ္စ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ထိုတော့မှ ကောင်လေးက တစ်ချက်စဉ်းစားမိသွားဟန် လုပ်ပြီး. . .

"ဟာ ဟုတ်သားပဲ၊ ဆောရီး ဆောရီး အစ်မနဲ့ ဘယ်ဖြစ်မလဲ၊ ကျွန်တော် မေ့သွားလို့၊ ဒါဆိုတစ်ယောက်ယောက်တော့ ထည့်ပေးလိုက်မှရမယ်၊ ခွေးက သူနဲ့ရင်းနှီးတဲ့သူ မပါရင် မဖြစ်လို့ပါ"

ကောင်လေးပြောတာ သဘာဝကျ၍ ဒီကိစ္စကို ဖြေရှင်းရန် သူမဘက်က တာဝန်ရှိ၏။ ထို့ကြောင့် ဖိုးသာထူးကို လှမ်းကြည့်လိုက်၍. . .

"ဖိုးသာထူး"

"ဗျာ အစ်မ"

"အဲ့ဒီနေ့ကျရင် ပန်စီ့အတွက် လိုအပ်တဲ့ အကူအညီပေးဖို့ မင်းနေခဲ့လိုက်"

"ဟုတ်ကဲ့ပါ အစ်မ၊ စိတ်ချပါ"

ဖိုးသာထူးစကားဆုံးတော့ ကောင်လေးက ဝင်၍. . .

"ဒါဆို အဆင်ပြေသွားတာပေါ့၊ အစ်မတို့ သန်ဘက်ခါလောက် အားတဲ့အချိန် လာပို့ထားလိုက်ပါ၊ ကျွန်တော်လည်း ရှိနေမှာပါ"

ဤသို့ဖြင့် ခွေးကိစ္စက ပြတ်သွားသည်။ ထို့နောက် 'ပန်စီ'နှင့် ပေးစားမယ့် ခွေးထီးကို ကောင်လေးက လိုက်ပြသည်။ ခွေးက





နိုင်ငံခြားမျိုးအစစ်ဆိုတော့ ခြေဆစ်လက်ဆစ်ကအစ တုတ်တုတ်ခိုင်ခိုင်နှင့် အလုံးအရပ်ကအစ 'ပန်စီ' ထက် ထွားကျိုင်းလွန်းလှ၏။ ခေါင်ကြီးကလည်း ဟက်နေသည်။

တင်ဝေဝေထွန်း ထိုခွေးထီးကြီးကို ကြည့်၍ ရင်တစ်ချက် ထိတ်သွားမိသည်။ စိတ်ထဲမှာလည်း. . .

"ဘုရား. . . ဘုရား ပန်စီနဲ့ ပေးစားမှာ ဒီကောင်ကြီးလား"

ဟု တွေးရင်း စိတ်မသက်မသာနှင့် လှည့်ပြန်ခဲ့ရပါတော့သည်။

❋❋❋



www.burmeseclassic.com

www.burmeseclassic.com



အရွယ်ရောက်ပြီး ခွေးတစ်ကောင်ကို မျိုးစပ်ခြင်းသည် ထင်သလောက် မလွယ်ကူမှန်း 'ပန်စီ့'ကို ယောကျ်ားပေးစားတော့မှ တင်ဝေဝေထွန်း သိကာသွားသည်။ လမ်းဘေးမှာ အလေ့ကျ ပေါက်နေသော ခွေးလေခွေးလွင့်တွေကို ဆိုလိုခြင်းမဟုတ်ပါ။ 'ပန်စီ'တို့လို သေသေချာချာ ခြံနဲ့ဝင်းနဲ့ မွေးထားသော ခွေးတွေကို ဆိုလိုပါသည်။

'ပန်စီ့'ကို ခွေးထီးပိုင်ရှင်ကောင်လေးရဲ့ အိမ်မှာ သုံးရက်လောက် သွားထားလိုက်ရသည်။ သူမကတော့ လိုက်ပို့သည့်တစ်ရက်နှင့် ပြန်ခေါ်သည့်တစ်ရက်သာ ရောက်ပြီး ဖိုးသာထူးကို ထိုခြံထဲမှာပဲ





'ပန်စီ့' ကိစ္စတွေ ဆောင်ရွက်ရန်ထားခဲ့ရ၏။ အခုတော့ 'ပန်စီ'က သူမအိမ်ကို ပြန်ရောက်နေပြီဖြစ်သည်။

သုံးရက်လောက် ခွဲနေလိုက်ရလို့လားမသိ 'ပန်စီ' နည်းနည်း ပိန်သွားသည်ဟု ထင်မိသည်။ သခင်နဲ့ ခွဲနေလိုက်ရ၍ စိတ်ဆင်းရဲပြီး ပိန်သွားသည်ဟု ထင်မိ၍ ဖိုးသာထူးကို မေးကြည့်တော့. . .

"အမယ်လေး အစ်မ ခွေးမက ရောက်ခါစ ခဏပဲ ဂဏာမငြိမ် ဖြစ်နေတာ၊ နောက်တော့ ဟိုကောင်ကြီးနားက ခွာတောင် မခွာဘူး"

"ဘယ်ကောင်ကြီးလဲ"

"ဟိုအိမ်က ခွေးကြီးကို ပြောတာလေ၊ အဲ့ဒီခွေးကြီး နာမည်က ရောက်ဒီတဲ့၊ ပန်စီ့ကို အဲ့ဒီကောင်ကြီးက မြင်မြင်ချင်း ချစ်သွားတယ် ထင်တယ်၊ ပါးတွေ နားတွေကို လျှာနဲ့လျက်ပြီး ကြင်ကြင်နာနာ ဆက်ဆံတယ်"

တင်ဝေဝေထွန်း မျက်နှာတစ်ချက် မဲ့သွားသည်။ ပြီးတော့. . .

"သူက ငါ့ကိုတောင် သတိမရဘဲ အခုမှတွေ့တဲ့ ကောင်နဲ့ ပျော်နေတယ်ပေါ့ ဟုတ်လား"

ဖိုးသာထူးက ပြုံးကျဲကျဲလုပ်ကာ. . .

"ဒါကတော့ သဘာဝပဲ အစ်မရယ်၊ အဖိုနဲ့အမဆိုတာ ကမ္ဘာဦး ကတည်းက တစ်ယောက်နဲ့တစ်ယောက် အတူတွဲလာကြတာမလား"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး စကားကြီး စကားကျယ်၊ နင်ကများ ဒါတွေ ပြောလို့"

"ဟဲ ဟဲ ကျွန်တော်လည်း ဒီလောက်တော့ သိပါတယ်ဗျာ"

"ကဲ ကဲ သွားတော့၊ နင်လုပ်စရာရှိတာ သွားလုပ်တော့"

ထိုတော့မှ ဖိုးသာထူးက 'ဟုတ်ကဲ့' ဟုပြောကာ ထွက်သွားပါတော့သည်။ ဖိုးသာထူး ထွက်သွားတော့ တင်ဝေဝေထွန်းက 'ပန်စီ' အနားကို လှမ်းသွားလိုက်ကာ မကျေမနပ် အမူအရာနှင့် ခါးထောက်လိုက်၍. . .

"ပန်စီ နင်က ငါ့ကိုတောင် သတိမရဘဲ ပျော်နေတယ်ဆို ဟုတ်လား"

'ပန်စီ'က အမြီးလေးနှံ့၍ ခေါင်းလေးငဲ့ကာ သူမကို ကြည့်သည်။ သူမက 'ပန်စီ့' ခေါင်းကို တစ်ချက်ပုတ်လိုက်ကာ. . .

"နင် သိပ်ပျော်လာတယ်ပေါ့ ဟုတ်လား"

'ပန်စီ' က သူမစကားကို နားလည်သည့်အလား 'အာဝု' ဟု တစ်ချက်အော်၍ သူမလက်ကို ခေါင်းနဲ့ တစ်ချက်ခွေ့လိုက်သည်။

သူမ 'ပန်စီ့' အမူအရာကိုကြည့်၍ တစ်ချက်ပြုံးလိုက်သည်။ ထို့နောက် 'ပန်စီ့' ခေါင်းလေးကို လက်ဝါးလေးနှင့်အသာပွတ်ကာ သူမ အတွေးနယ်ချဲ့နေမိသည်။





'ပန်စီ' သူမတို့အိမ် ရောက်လာတုန်းက နှစ်လသားလေးလောက်ပဲ ရှိသေးသည်။ နို့မခွဲသေး။ ထို့ကြောင့် သူမမှာ ကလေးတွေတိုက်သည့် နို့မှုန့်ဘူးကို ဖျော်ကာ နို့ဘူးလေးနဲ့ တိုက်၍ သားသမီးတစ်ယောက်လို မွေးခဲ့ရ၏။ အခုတော့ ကလေးတစ်ယောက်လို အရိပ်တကြည့်ကြည့် လုပ်ကာ နို့တိုက်မွေးခဲ့ရသော 'ပန်စီ' လေးပင် အရွယ်ရောက်၍ အိမ်ထောင်ရက်သား ကျသွားလေပြီဟု သူမ တွေးနေမိသည်။

တွေးရင်းနှင့် စိတ်ထဲမှာ တစ်စုံတစ်ခုကို နှမြောနေသလိုလို ခံစားနေရသည်။ ဘာကိုနှမြောနေသလဲဆိုတာကိုတော့ ကိုယ့်ကိုယ်ကို မဝေဖန်တတ်ပေ။

ထိုအချိန်တွင် ဖိုးသာထူးက ခွက်တစ်ခွက်ကိုင်ကာ ရောက်လာ၏။ သူမ အတွေးစပြတ်သွားကာ ဖိုးသာထူးကို လှည့်ကြည့်လိုက်၍. . .

"ဘာတွေလဲ"

"နွားနို့နဲ့ ကြက်ဥကို ခေါက်ပြီး ဖျော်လာတာ အစ်မ"

တင်ဝေဝေထွန်းက. . .

"အဲ့ဒါတွေကို ဖျော်ပြီး နင်က ဘာလုပ်မလို့လဲ"

"ဟိုအိမ်က အစ်ကိုလေးက ပြောလိုက်လို့၊ ပန်စီ့ကို အိမ်



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရင် အဲ့ဒါလေးဖျော်ပြီး တိုက်လိုက်ပါဆိုလို့"

တင်ဝေဝေထွန်း မျက်နှာက ရှက်ရဲရဲ တစ်ချက်ဖြစ်သွားကာ. . .

"ရှုပ်ရှုပ်ယှက်ယှက်"

ဟု ပြော၍ ထထွက်သွားပါတော့သည်။

❋❋❋



## အခန်း (၂)

www.burmeseclassic.com

www.burmeseclassic.com



**'မမ'** မျက်နှာက တော်တော်ဆွဲဆောင်မှုရှိသည် ဟု 'ညီဘုန်းခန့်' တွေးနေမိ၏။ ဟိုတစ်နေ့က ခွေးကို မျိုးလာစပ်သည့် 'မမ'ကို ဆိုလိုခြင်းပါ။ ထို 'မမ' က ဆွဲဆောင်မှုရှိသည့်အပြင် ကျက်သရေလည်းရှိသည်။ လှလည်းလှ၏။ ထိုနေ့က 'မမ' ရဲ့ နာမည်လေးကိုတောင် မမေးလိုက်ရ၍ ကိုယ့်ကိုယ်ကို ယူကျုံးမရဖြစ်လိုက်မိသည်။

ဖိုးသာထူးဆိုတဲ့ ဝတုတ်ကို မေးမလို့လုပ်သော်လည်း ပေါ်တင်ကြီး သွားမေးလိုက်လျှင် ဝတုတ်က အထာပေါက်ပြီး ဖြေမှာမဟုတ်၍ မေးချင်စိတ်ကို မျိုသိပ်ခဲ့ရသည်။ အဲ့ဒီတုန်းက ဘာပဲဖြစ်ဖြစ် မေးလိုက်ရင် အကောင်းသားဟု အခုမှ စဉ်းစားမိ၏။ အခုတော့ နာမည်လည်း မသိရ နေရပ်လိပ်စာလည်း ဘယ်မှာနေမှန်း မသိဖြစ်နေခဲ့ပြီ။



သို့သော် တစ်ခုတော့ရှိသည်။ 'ဖေဖေ'ကတော့ ထိုမမ၏ လိပ်စာကို သိနိုင်သည်ဟု သူ တွက်လိုက်မိ၏။ မမတို့ ဖေဖေနဲ့ သူ့ဖေဖေက သူငယ်ချင်းတွေဟု ထိုနေ့က ပြောသွားသည်ကိုး။

ထိုသို့ 'မမ' နာမည်နှင့် လိပ်စာကို အသည်းအသန် လိုချင်နေမိပြီဆိုကတည်းက သူ့မှာ အကြောင်းအရင်းရှိသည်ဆိုတာကို မပြောဘဲ သိသင့်ပြီ ထင်သည်။ အဖြေက ရှင်းသည်။

သူ မမကို မြင်မြင်ချင်း စိတ်ဝင်စားမိသွားသောကြောင့် ဖြစ်ပါသည်။

'မမ'က သူ့ထက်တော့ အသက်ကြီးသည်ဆိုတာ သေချာသည်။ ဘယ်လောက်ကြီးသည်ဆိုတာကိုတော့ မခန့်မှန်းတတ်ပေ။ သုံးနှစ်လား လေးနှစ်လား သူမသိ။ မမရဲ့ ပုံစံက အေးဆေးသည်။ အိန္ဒြေရှိသည်။ တည်ငြိမ်သည်။ တစ်ခါတစ်ရံ ရှက်သွားတဲ့ အမူအရာလေးတွေက ကလေးလေးတစ်ယောက်လို ဖြူစင်၍ ချစ်ဖို့ကောင်းသည်။

ထိုသို့ မမအကြောင်းတွေ တွေးနေရင်းနှင့် အတွေးစ တစ်ခုက ခေါင်းထဲသို့ အလိုလိုရောက်ကာလာသည်။

'မမ' မှာ အိမ်ထောင်ရှိနေရင်ကော. . .

ထိုသို့တွေးမိရင်း စိတ်ဓာတ်ဟာစ်ဝက်က ဂုန်းကနဲ ကျသွား

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒါပေမယ့် ခဏချင်းပင် ကျသွားတဲ့စိတ်ဓာတ်တွေကို ဆွဲတင်သည့်အနေနှင့် ဖြေသိမ့်တွေးတွေ လျှောက်တွေးနေလိုက်သည်။

'မမ' မှာ အိမ်ထောင်မရှိနိုင်။ အကယ်၍ ရှိခဲ့ရင်လည်း ထိုနေ့က သူ့ယောက်ျားကိုယ်တိုင် လိုက်ပို့လိမ့်မည်ဖြစ်သည်။ နောက်ပြီး တစ်ခု စဉ်းစားစရာရှိသည်။ ထိုနေ့က သူမခွေးကို မျိုးစပ်ဖို့ စကားပြောရာတွင် ထိုကိစ္စကို ပြောမထွက်ဘဲ ဖြစ်နေသော အမူအရာတွေကို ကြည့်ခြင်းအားဖြင့်လည်းကောင်း၊ ခွေးကိစ္စကို ပြောဖြစ်ပြန်တော့လည်း ရှက်ကိုးရှက်ကန်းဖြစ်ဖြစ်သွားသော အမူအရာလေးတွေကို ကြည့်ခြင်းအားဖြင့်လည်းကောင်း 'မမ' သည် အပျိုတစ်ယောက်ဖြစ်သည်ဆိုတာကို သတိထားမိ၏။

ဒါဆို ရည်းစားရှိနေရင်ကော. . .

ဒါတော့ မတတ်နိုင်ပေ။ ဒီလောက်ထိတော့ အခုမှတွေ့တဲ့ လူတစ်ယောက်ကို သူ မခန့်မှန်းတတ်ပေ။

ထို့ကြောင့် မမအကြောင်းကို သိရရန် မမ အလုပ်အကိုင်နှင့် နေရပ်လိပ်စာကို စုံစမ်းရန် သူ ဆုံးဖြတ်လိုက်ပါတော့သည်။

ထိုသို့ ဆုံးဖြတ်ရန် တစ်ခုတည်းသော လမ်းစကတော့ သူ့ဖေဖေထံ ချဉ်းကပ်ရန်သာ ရှိပါတော့သည်။

***





'ဦး ရဲထွဋ်မင်း' သည် ညနေ့ခင်းက ဆိုဖာခုံမှာ ထိုင်၍ သတင်းစာဖတ်နေသည်။ ထို့နောက် သတင်းစာထဲရှိ ကြော်ငြာကဏ္ဍတွင် 'ခွေးရောင်းမည်' ကြော်ငြာကို ဖတ်လိုက်ရ၍ သားတော်မောင် 'ညီဘုန်းခန့်' ကို သတိရကာသွားသည်။ သူနှင့် ညီဘုန်းခန့်က အတူတူနေကြသူများ မဟုတ်ပေ။

ညီဘုန်းခန့်က သူ့ဝါသနာပါရာ တိရိစ္ဆာန်မွေးမြူရေးလုပ်နေ၍ တိုးမိုင်က ခြံမှာနေသည်။ တစ်ဦးတည်းသော သားလေးမို့ သူလုပ်ချင်ရာ လုပ်ပါစေဆိုပြီးသာ လွှတ်ထားရသည်။ ဦးရဲထွဋ်မင်းစိတ်ထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



သားကို ထိုအလုပ် လုပ်စေချင်သူမဟုတ်ပေ။ သူ၏ စိတ်ကူးက သားကို သူ၏ ဆောက်လုပ်ရေးကုမ္ပဏီတွင် အလုပ်ဝင်လုပ်စေချင်သည်။ သို့သော် ညီဘုန်းခန့်က တိရစ္ဆာန်ချစ်တတ်သူဖြစ်၍ သူဝါသနာပါရာ အိမ်မွေးတိရစ္ဆာန်မွေးမြူရေးကိုသာ ဇောက်ချလုပ်ကိုင်နေလေသည်။

ထိုသို့ သူ့သားအကြောင်း တွေးနေရင်းနှင့် ခြံထဲသို့ ကားဝင်လာသံ ကြားလိုက်ရ၍ ဦးရဲထွဋ်မင်း၏ အတွေးစက ပြတ်ကသွား၏။ ကားစက်သံကြားကတည်းက ညီဘုန်းခန့်ဆိုတာ သိလိုက်သည်။ ခဏနေတော့ ညီဘုန်းခန့်က ဧည့်ခန်းထဲ ဝင်လာ၍. . .

"ဖေဖေ ဒီနေ့ ရုံးမသွားဘူးလား"

ဦးရဲထွဋ်မင်းက ပါးစပ်က ပြန်မပြောဘဲ နံရံမှာ ချိတ်ထားသော ပြက္ခဒိန်ကို မေးငေါ့ပြလိုက်၏။ ညီဘုန်းခန့်က ပြက္ခဒိန်ကို လှမ်းကြည့်၍ သဘောပေါက်သွားကာ. . .

"ဟုတ်သားပဲ ဒီနေ့ တနင်္ဂနွေနေ့ပဲ ကုမ္ပဏီ ပိတ်တာပေါ့"

"မင်းက နေ့တွေ ရက်တွေတောင် မေ့နေရအောင် ဘာတွေများ ဒီလောက်အလုပ်ရှုပ်နေလို့လဲ"

ညီဘုန်းခန့်က ပြုံးကျဲကျဲလုပ်လိုက်ကာ သူ့အဖေအနားက ခုံတစ်ခုံမှာ ဝင်ထိုင်လိုက်ပြီး. . .

"သားလည်း ဒီရက်ပိုင်းအတွင်း ခွေးကိစ္စတွေနဲ့ အလုပ်ရှုပ်နေ





တာနဲ့ နေ့တွေ ရက်တွေတောင် မေ့နေပါတယ် ဖေဖေရယ်"

"မင်းလည်း ဒါနဲ့ပဲ အချိန်ကုန်နေတာပဲနော်၊ ဖေဖေ့အလုပ်မှာ ဝင်လုပ်ဖို့ မစဉ်းစားတော့ဘူးလား"

ညီဘုန်းခန့် စကားမပြောဘဲ ငြိမ်ကာနေသည်။ ဦးရဲထွဋ်မင်းက သူ့သားကို တစ်ချက်စိုက်ကြည့်ပြီး စကားကို ဆက်၏။

"ငါက မင်း တိရစ္ဆာန်ချစ်တတ်တာကို အပြစ်မပြောပါဘူး၊ ဒါပေမယ့် အဲ့ဒီအလုပ်ထဲမှာတော့ မင်းဘဝကို နှစ်မြှုပ်ထားတာမျိုးတော့ အဖေ မကြိုက်ဘူး"

ညီဘုန်းခန့်က. . .

"သားက ဒီအလုပ်ကို တစ်သက်လုံးလုပ်သွားမယ်လို့ မဆိုလိုပါဘူး၊ ဒါပေမယ့် အခုချိန်မှာတော့ ဒီကိစ္စကို မစွန့်လွှတ်နိုင်သေးတာတော့ အမှန်ပဲ အဖေ"

ဦးရဲထွဋ်မင်းက စိတ်ပျက်စွာ ခေါင်းကို ခါသည်။ ပြီးနောက်. . .

"မင်း အခု ငါ့ဆီလာတာ ဘာကိစ္စလဲ"

"သား အဖေ့ဆီက သိချင်တာလေး တစ်ခုရှိလို့ပါ"

ဦးရဲထွဋ်မင်းက မျက်ခုံးကို ပင့်၍. . .

"ဘာလဲ"

"တခြားတော့ မဟုတ်ပါဘူး၊ ဟိုတစ်နေ့က ဖေဖေ မိတ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ရဲ့ သမီးက သားဆီမှာ အယ်ဖေးရှင်း ခွေးတစ်ကောင်ကို မျိုးလာစပ်သွားလို့ပါ၊ အဲ့ဒါ အဲ့ဒီမမရဲ့ လိပ်စာနဲ့ ဖုန်းနံပါတ် လိုချင်လို့"

ညီဘုန်းခန့်ရဲ့ စကားကို နားထောင်ပြီးတော့ ဦးရဲထွဋ်မင်းက. . .

"မင်းက ဘာလုပ်မလို့လဲ"

"တခြားဟာတော့ မဟုတ်ပါဘူး အဖေရယ်၊ သူ့ခွေးမလေး အဆင်ပြေလားဆိုတာ သိချင်လို့ပါ"

"အဆင်မပြေရင် မင်းဆီ ဆက်ပြောမှာပေါ့ကွ၊ ငါ ဦးတောက်ထွန်းဆီကို မင်းရဲ့လိပ်စာကဒ် ပေးလိုက်တာပဲ"

"အဲ့ဒါတော့ အဲ့ဒါပေါ့ အဖေရယ်၊ ဒါပေမယ့် ကိုယ့်ဘက်က ဖုန်းဆက်ပြီး မေးရမယ့် ဝတ္တရားရှိတယ်လေ"

ဦးရဲထွဋ်မင်းက သူ့သားကို စိုက်ကြည့်၍. . .

"ညီဘုန်းခန့်"

"ဗျာ"

"မင်းကို ငါမွေးထားတာပါ"

ညီဘုန်းခန့်က ဦးရဲထွဋ်မင်းစကားကို ကြားတော့ ကြောင်တောင်တောင်နှင့်. . .

"အဲ့ဒါ လူတိုင်းသိတယ်လေ ဖေဖေရဲ့၊ သား အခုပြောတဲ့ စကား





နဲ့ အဖေပြန်ပြောတာနဲ့ ဘာဆိုင်လို့လဲ"

ဦးရဲထွဋ်မင်းက. . .

"ငါပြောတာ ရှင်းရှင်းလေး၊ မင်းဆီမှာ ခွေးတွေ မျိုးလာစပ်တာ ဒီတစ်ယောက်တည်းမဟုတ်ဘူး အများကြီးပဲ၊ တခြားသူတွေတုန်းက ဒါမျိုး ဖုန်းဆက်ပြီး မေးတာတို့ ဘာတို့ မင်းလုပ်ဖူးလို့လား"

ညီဘုန်းခန့်က သူ့ဖခင်ကို ဘာပြန်ပြောရမှန်းမသိဘဲ ကြောင်တောင်တောင်နှင့် ကြည့်နေမိ၏။ ဦးရဲထွဋ်မင်းက ခနဲ့တဲ့တဲ့ တစ်ချက်ရယ်ပြီး. . .

"ကဲပါ ထားပါတော့၊ မင်းဘက်က သိချင်တယ်ဆိုရင်တော့ ငါပြောရမှာပေါ့"

ဦးရဲထွဋ်မင်းစကားကြောင့် ညီဘုန်းခန့် ပျော်ကာသွားသည်။ သို့သော် ထိုအပျော်က ခဏပဲဖြစ်၏။ ဦးရဲထွဋ်မင်း ဆက်ပြောလာသောစကားကြောင့် စိတ်ညစ်ကာ သွားလေသည်။

ဦးရဲထွဋ်မင်းက . . .

"သူ့သမီးရဲ့ ဖုန်းနံပါတ်တော့ မသိဘူးကွ၊ သူ့အဖေရဲ့ ဖုန်းနံပါတ်တော့ သိတယ်၊ ရော့ ဒါက ဦးတောက်ထွန်းရဲ့ကုမ္ပဏီ လိပ်စာကဒ်၊ မင်းဆက်ချင်ရင် သူ့အဖေဦးတောက်ထွန်းဆီသာ ဆက်ပြီးမေးပေတော့"



www.burmeseclassic.com

www.burmeseclassic.com



ညီဘုန်းခန့် စိတ်ပျက်လက်ပျက်နှင့် ဦးတောက်ထွန်းရဲ့ လိပ်စာကဒ်ကြီးကို ယူကာ ပြန်ခဲ့ရပါတော့သည်။

'မမ'ရဲ့ ဖုန်းနံပါတ်ကို မသိရသော်လည်း သူ့အဖေရဲ့ ကုမ္ပဏီနဲ့ ဖုန်းနံပါတ်ကို သိလိုက်ရ၍ တော်ပါသေးသည်ဟုတော့ ဖြေတွေးလေး တွေးလိုက်ရပါသည်။

❋❋❋



'ဦး တောက်ထွန်း' ဆီ ဖုန်းဆက်ပြီး ခွေးကိစ္စမေးဖို့ အတွက် ညီဘုန်းခန့် စိတ်ထဲတွင် မဝံ့မရဲ ဖြစ်နေမိသည်။ ဦးတောက်ထွန်းသည် 'တောက်ထွန်း' အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်၏ ပိုင်ရှင်လူကြီးတစ်ယောက်ဖြစ်သည်။ ထို့အပြင် လူကြီးလူကောင်းတစ်ယောက်လည်း ဖြစ်၏။ ထို့ကြောင့် ဦးတောက်ထွန်းထံ ဖုန်းဆက်ပြီး ခွေးကိစ္စမေးရန်ကိစ္စမှာ ကလေးကလားနိုင်လှပြီး မရှိသေရာကျမည်စိုးသောကြောင့် ဖြစ်၏။

တစ်ဖက်က ပြန်တွေးကြည့်တော့လည်း 'မမ' နှင့် အဆက်

www.burmeseclassic.com

www.burmeseclassic.com



အသွယ်ရရန် လမ်းစမှာ ဦးတောက်ထွန်းထံမှလွဲ၍ အခြားနည်းလမ်း မရှိ ဖြစ်နေမိ၏။

ထိုကိစ္စကို သူငယ်ချင်းဖြစ်သူ နိုင်ထွန်းနဲ့ တိုင်ပင်တော့. . .

“ဒါကတော့ ဘယ်တတ်နိုင်မလဲကွ၊ မင်းအဖေကိုယ်တိုင် လိပ်စာကဒ် ပေးလိုက်တဲ့ကိစ္စပဲ၊ ပြဿနာမရှိလို့ နေမှာပေါ့”

ဟု နိုင်ထွန်းက အကြံပြု၏။

သူက. . .

“ဒါတော့ ဒါပေါ့ကွာ၊ ဒါပေမယ့် ငါမဆက်ရဲဘူး ဖြစ်နေတယ်၊ ဟိုက လူကြီးတစ်ယောက်ကွ၊ တော်ကြာ သူ့လိုလူကြီးလူကောင်း တစ်ယောက်ကို ဘာမဟုတ်တဲ့ ခွေးကိစ္စ လာမေးတယ်ဆိုပြီး စိတ်ဆိုး သွားမှာစိုးလို့”

“အဲ့ဒီလောက်အထိလည်း တွေးပူပြီး ကြောက်မနေနဲ့ ဟေ့ကောင်၊ အရိပ်ကို လိုချင်ရင်တော့ နေပူက လာရမှာပဲ၊ ဒီလောက် အခက်အခဲလေးတော့ မင်းကျော်လွှားရဲရမှာပေါ့ကွာ”

ညီဘုန်းခန့် နိုင်ထွန်းစကားကို နားထောင်ပြီး တွေဝေသွားသည်။ ထို့နောက် တစ်စုံတစ်ခုကို ပြတ်သားစွာ ဆုံးဖြတ်လိုက်လိုက် ဟန်နှင့် ခေါင်းတစ်ချက်ညိတ်လိုက်ကာ. . .

“ဟုတ်တယ်ကွာ၊ ဘာပဲဖြစ်ဖြစ် အဘိုးကြီးဆီကို ဖုန်းဆက်တော့

ဝိုး : မိုး : စာ ပေ



မယ်၊ ငါ့ကိုတော့ မိုက်မိုက်ရိုင်းရိုင်း ပြောမလွှတ်လောက်ပါဘူး”

နိုင်ထွန်းက ညီဘုန်းခန့်ပုခုံးကို အသာဆုပ်ကိုင်လိုက်ကာ. . .

“ဘာမှမဖြစ်ပါဘူး သူငယ်ချင်းရာ၊ ရဲရဲသာဆက်စမ်းပါ”

ထို့နောက် သူ့ခါးမှာ ချိတ်ထားသော ဟန်းဖုန်းကို ညီဘုန်းခန့်အား ထိုးပေးလိုက်ပါတော့သည်။

ညီဘုန်းခန့်က နိုင်ထွန်း ထိုးပေးသော ဟန်းဖုန်းကို ဆွဲယူလိုက်၍ လိပ်စာကဒ်ပြားထဲမှာပါသော ကုမ္ပဏီ၏ ရုံးဖုန်းသို့ လှမ်းဆက်လိုက်ပါတော့သည်။

❋ ❋ ❋

ဝိုး : မိုး : စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



'ဦး တောက်ထွန်း' သည် ကုမ္ပဏီ၏ အဝင်အထွက်ပစ္စည်းစာရင်းတွေကို စစ်ဆေးနေရင်း ကုမ္ပဏီဝန်ထမ်းတစ်ယောက်က သူ့အခန်းထဲ ဝင်လာ၍ မော့ကြည့်လိုက်မိ၏။

ထိုဝန်ထမ်းကောင်မလေးက. . .

"ဆရာ့ဆီ ဖုန်းလာနေလို့ပါ၊ လွှဲပေးလိုက်ရမလား"

ဦးတောက်ထွန်းက. . .

"ဘယ်သူလဲ"

"သမီးလည်း မသိဘူးဆရာ၊ အပွိုင့်မန့်ယူထားတဲ့ လူထင်လို့





မေးကြည့်လိုက်တော့ အပွိုင့်မန့်လည်း ယူမထားဘူးတဲ့"

ဦးတောက်ထွန်းက ခေါင်းညိတ်ပြကာ သူ့စားပွဲပေါ်ရှိ တယ်လီဖုန်းကို လှမ်းကိုင်လိုက်သည်။

ပြီးနောက်. . .

"ဟယ်လို တောက်ထွန်းပါ"

ဦးတောက်ထွန်းအသံကြားတော့ ညီဘုန်းခန့်က သူ့စကားကို ဘယ်က စပြောရမှန်းမသိ၍ ခဏငြိမ်နေမိ၏။ သူ့ဘက်က ဘာအသံမှ မကြားရသောကြောင့် ဟိုဘက်က ထပ်မေး၏။

"ဟယ်လို ကျွန်တော် တောက်ထွန်းပါ၊ အမိန့်ရှိပါ"

ညီဘုန်းခန့်က သူ့ဘက်က ဘာမှမပြောဘဲ ငြိမ်နေလို့မရတော့မှန်း သိသွား၍ စကားကို စရတော့၏။

"ဟုတ်ကဲ့ ဟိုဟာ. . . ကျွန်တော်က ညီဘုန်းခန့်ပါခင်ဗျာ"

"------------"

ဟိုဘက်က ငြိမ်ပြီးနားထောင်နေသည်ထင်သည်။ ဘာသံမှ မကြားရ၍ ညီဘုန်းခန့်က သူဖုန်းဆက်ရသည့်အကြောင်းကို ပြောရန် စကားကို ဆက်ရ၏။

"ကျွန်. . . ကျွန်တော်က ခွေးရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်ပါတယ်ခင်ဗျာ၊ အဲ့ဒါ ဦးဆီက သိချင်တာလေးတစ်ခုရှိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ညီဘုန်းခန့် စကားကိုကြားတော့ ဦးတောက်ထွန်းက မျက်မှောင်တစ်ချက်ကျုံ့လိုက်ကာ ညီဘုန်းခန့်စကားကို သံယောင်လိုက်လိုက်၏။

"ခွေးရောင်းဝယ်ရေး ဟုတ်လား"

"ဟုတ် ဟုတ်ပါတယ်ခင်ဗျ၊ ကျွန်တော်က ခွေးရောင်းဝယ်ရေး လုပ်ပါတယ်"

ဦးတောက်ထွန်းက ရုတ်တရက်ဆိုတော့ သူ့အိမ်က ခွေးမလေး 'ပန်စီ' မျိုးစပ်ထားတာကိုလည်း သတိမရပေ။ ပြီးတော့ တယ်လီဖုန်းက သူ့ရုံးခန်းဖုန်းကို လာနေခြင်းဖြစ်သောကြောင့် သူ့အလုပ်ကိစ္စနှင့်ပဲ ဆက်စပ်ကာ တွေးနေမိ၏။

ထို့ကြောင့်. . .

"ဦးတို့က အိမ်ဆောက်ပစ္စည်းရောင်းတာကွ၊ ခွေးအရောင်းအဝယ်တော့မလုပ်ဘူး၊ မောင်ရင် ဖုန်းမှားဆက်ပြီထင်တယ်"

သူ့စကားဆုံးတော့ ဟိုဘက်က ချာတိတ်က. . .

(ချာတိတ်ဟု သတ်မှတ်လိုက်ခြင်းမှာ ဟိုဘက်က အသံအနေအထားကို ကြည့်၍ သတ်မှတ်လိုက်ခြင်းဖြစ်သည်။)

"မမှား. . . မမှားပါဘူးခင်ဗျ၊ ကျွန်တော် ဦးဆီကိုပဲ ဆက်တာပါ၊ ဟို. . . ကိစ္စလေးတစ်ခု မေးချင်လို့ပါ"





ဦးတောက်ထွန်းက ဟိုဘက်က ပြောနေတဲ့ချာတိတ်ရဲ့ လေယူလေသိမ်းကို နားထောင်ပြီး အကြောင်းကိစ္စတစ်ခုရှိလို့ပဲဟု သဘောပေါက်လိုက်၏။ ထို့ကြောင့်. . .

"ကဲ ဆိုပါဦး၊ မောင်ရင် ဦးနဲ့ဘာကိစ္စများရှိလို့လဲ"

အဲဒီတော့မှ ညီဘုန်းခန့်က. . .

"ဟိုတစ်လောက ကျွန်တော့်ဆီမှာ မေစီ မျိုးလာစပ်သွားတဲ့ကိစ္စလေး အဆင်ပြေလားသိချင်လို့ပါ"

"ဘာ မင်း. . . မင်း ဘာပြောလိုက်တာလဲ"

ရုတ်တရက် သူ့မိန်းမနာမည်ကို ကြားလိုက်ရ၍ ဦးတောက်ထွန်း ကြောက်လန့်တကြား ထအော်လိုက်မိ၏။ ဦးတောက်ထွန်း အော်သံကြောင့် ညီဘုန်းခန့် လန့်သွားကာ တယ်လီဖုန်းတောင် လွတ်ကျလုမတတ် ဖြစ်သွားသည်။

ဦးတောက်ထွန်းက သူ့နားသူ မယုံကြည်နိုင်စွာနှင့် နားကြားများ လွဲသလားဆိုပြီး ထပ်မေးသည်။

"မင်း. . . မင်း ပြန်ပြောစမ်းပါဦး၊ ဘာပြောလိုက်တာလဲ"

ညီဘုန်းခန့်ကလည်း ကြောက်ကြောက်လန့်လန့်နှင့်. . .

"ဟို. . . ဟို ဦးတို့ဆီက မေ. . . မေစီဆိုတဲ့ ခွေးမလေး အဆင်ပြေ. . . ပြေလားလို့ သိချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ထိုတော့မှ 'ပန်စီ' နဲ့ 'မေစီ' ကို မှားပြောပြီဆိုတာ ဦးတောက်ထွန်း သဘောပေါက်လိုက်၏။ သို့သော် ထွက်သွားသော ဒေါသက အရှိန်မသေသေး။ မှားစရာရှားလို့ ခွေးနာမည်နှင့် သူ့မိန်းမနာမည်ကို မှားပြောနေသောကြောင့်. . .

"ဒီမှာ မောင်ရင်၊ မေစီဆိုတာ ဘယ်သူလဲ သိလို့လား"

"သိ. . . သိပါတယ်ခင်ဗျ၊ အယ်ဖေးရှင်းခွေးမလေးပါ"

"ဟေ့ကောင် အဲ့ဒါ ခွေးမဟုတ်ဘူးကွ၊ ငါ့မိန်းမ. . ငါ့မိန်းမ သိလား၊ အိမ်က ခွေးနာမည်က ပန်စီ. . . ပန်စီကွ နားလည်လား"

ဦးတောက်ထွန်းစကားကြောင့် ညီဘုန်းခန့် ပျာယာခတ်သွားသည်။ သူ့အမှားကြောင့် ဘာဆက်ပြောလို့ ပြောရမှန်းမသိတော့ဘဲ ကြောင်တောင်တောင်ကြီး ဖြစ်ကာသွား၏။

သူ ဆွံ့အနေစဉ် ဦးတောက်ထွန်းက. . .

"ဒီမှာ မောင်ရင် နောင်တစ်ခါ ကိစ္စတစ်ခုခုကို ဖုန်းဆက်မေးတော့မယ်ဆိုရင် ကိုယ်ဖုန်းဆက်မယ့် အကြောင်းအရာကို ဂဃနဏ လေ့လာပြီးမှ ဆက်ရတယ်ကွ၊ အခုဟာက ခွေးနာမည်နဲ့ လူနာမည် မှားပြောတယ်ဆိုတာ မင်းဘက်က တော်တော်လွန်နေပြီ"

ထိုတော့မှ ညီဘုန်းခန့် သတိဝင်လာကာ. . .

"ဆော. . . ဆောရီးပါဦးရယ်၊ ကျွန်တော်လည်း ရုတ်တရက်

ဦးမိုးစာပေ



ဆိုတော့ ပန်စီ့နာမည်ကို မေ့သွားလို့ပါ၊ စီတော့စီပဲ. . . ဘာစီမှန်းမေ့သွားလို့ ပြောလိုက်မိတာပါ ကန်တော့ပါ"

ဦးတောက်ထွန်းက သက်ပြင်းကို ချလိုက်သည်။ အခုခေတ် လူငယ်တွေ တော်တော် ပရမ်းပတာနိုင်သည်ဟုလည်း တွေးလိုက်မိ၏။ အခု ဖုန်းဆက်တဲ့ ချာတိတ်ကလည်း သူ့သူငယ်ချင်းရဲ့ သားပဲ ဖြစ်လိမ့်မည်ဟု တွေးလိုက်မိ၍ ဒေါသကို လျှော့လိုက်ရသည်။ ထို့နောက်. . .

"မင်းက ရဲထွဋ်မင်းရဲ့ သားလား"

ညီဘုန်းခန့်က ဦးတောက်ထွန်းရဲ့အမေးကို ပျာပျာသလဲနှင့်. . .

"ဟုတ်. . . ဟုတ်ပါတယ်ခင်ဗျ၊ ဦးရဲ့ လိပ်စာကတ်ကို ဖေဖေပဲ ပေးလိုက်လို့ပါ"

"အေး အေး ထားပါတော့၊ အဲ့ဒီခွေးကိစ္စကို မင်းမေးချင်ရင် ငါ့သမီးကို မေးမှရမယ်၊ ငါက အလုပ်တစ်ဖက်နဲ့ဆိုတော့ အဲ့ဒီကိစ္စတွေ စိတ်မဝင်စားနိုင်ဘူးကွ၊ မင်းကို ငါ့သမီးဖုန်းနံပါတ်ပေးလိုက်မယ် ယူမလား"

ညီဘုန်းခန့် ရင်ထဲမှာ အပျော်လုံးဆို့သွား၍ ရုတ်တရက် ဘာစကားမှ ပြန်မပြောနိုင်သေးပါ။ ခဏကြာတော့မှ စိတ်ကို ငြိမ်ငြိမ်ထားကာ. . .

ဦးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ယူပါ့မယ်ခင်ဗျ"

ထို့နောက် ဦးတောက်ထွန်းက သူ့သမီးရဲ့ ဟန်းဖုန်းနံပါတ်ကို ရွတ်ပြသည်။ ညီဘုန်းခန့် သေချာလိုက်မှတ်ထားလိုက်၏။ ထို့နောက် တစ်ခု သတိရသွား၍. . .

"အဲ့ဒီ အစ်မ နာမည် ဘယ်လိုခေါ်လဲ ဦး"

"မင်းက ဘာလုပ်မလို့လဲ"

"ဟို. . . ကျွန်တော် ဖုန်းဆက်ရင် ဘယ်နာမည်ပြောပြီး ဆက်ရမှန်းမသိလို့ပါ"

ထိုတော့မှ. . .

"ဪ. . . အေး ဟုတ်သားပဲ၊ ငါ့သမီးနာမည်က တင်ဝေဝေ ထွန်းတဲ့"

"ကျေးဇူးပါပဲခင်ဗျ"

"ရတယ် ရတယ်"

ထို့နောက် ဖုန်းချလိုက်တော့သည်။

ပထမအဆင့်တော့ တစ်လွဲတစ်ချော်တွေနဲ့ စကာ အောင်မြင်သွားပြီဟု သူတွေးလိုက်မိ၏။

နောက် ဘာတွေ ဆက်ဖြစ်လာဦးမလဲ မသိပေ။

❋❋❋



**'တင်** ဝေဝေထွန်း' ရဲ့ ဖုန်းနံပါတ်ကို နှိပ်ပြီးမှ ဖုန်းမြန်ပိတ်ပစ်တာ ဒါနဲ့ဆို လေးကြိမ်ရှိသွားပြီဖြစ်သည်။ ထိုအခြင်းအရာကို ကြည့်ခြင်းအားဖြင့် သူ့ဘက်က ဖုန်းပြောဖို့ သတ္တိကြောင်နေပြီဆိုတာ သိသာပါသည်။ ဟုတ်ပါသည်။ သူ. . . တင်ဝေဝေထွန်းနှင့် ဖုန်းစကားပြောဖို့ မဝံ့မရဲဖြစ်နေသောကြောင့်ဖြစ်၏။ ထို့ကြောင့် သူ့ရှေ့တွင် ချထားသော ဖုန်းကို ငုတ်တုတ်ကြီး ထိုင်ကြည့်နေမိသည်။ ပြီးတော့ သူ တွေးသည်။

သူ ဖုန်းခေါ်လိုက်လို့ ဟိုဘက်က ဖုန်းကိုင်လိုက်လျှင် ဘာပြော

www.burmeseclassic.com

www.burmeseclassic.com



မလဲ။ အမှန်အတိုင်းပြောရရင် ဘာပြောရမှန်းမသိပေ။ ဘာပြောရမှန်းမသိရင်လည်း ဖုန်းမဆက်နဲ့ပေါ့ဟု ဆိုရအောင်လည်း မဖြစ်ပြန်။ သူ့ဘက်က တင်ဝေဝေထွန်း ဖုန်းနံပါတ်ကို ဒီလောက် ကြိုးစားပမ်းစား စုံစမ်းထားပြီးမှတော့ အလကားအဖြစ်မခံနိုင်ပေ။ အစောကြီးကတည်းက ဖုန်းပြောချင်၍ ဖုန်းနံပါတ်ကို ဒီလောက်လိုက်ပြီး စုံစမ်းထားခြင်းဖြစ်၏။ ထို့ကြောင့် ဖုန်းတော့ ဆက်ရပေလိမ့်မည်။ ထိုသို့ ဖုန်းဆက်လျှင်လည်း ယုတ္တိရှိရှိ အကြောင်းပြရန်ကိစ္စမှာ ခွေးကိစ္စတစ်ခုတည်းမှလွဲ၍ ကျန်တာမရှိပေ။ သူ ဦးတောက်ထွန်းဆီ ဖုန်းဆက်ခဲ့တော့လည်း ဒီကိစ္စကို အကြောင်းပြခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် 'တင်ဝေဝေထွန်း' ဆီ ဖုန်းဆက်လျှင်လည်း ဒီကိစ္စကိုပဲ အကြောင်းပြရပေလိမ့်မည်။ ထို့နောက် တယ်လီဖုန်းကို ငါးကြိမ်မြောက် ကောက်ကိုင်လိုက်ပါတော့သည်။ ထိုသို့ ကောက်ကိုင်ပြီးနောက် အတွေးတွေက ခေါင်းထဲ ဝင်လာပြန်သည်။

ခွေးကိစ္စ. . .

တကယ်တမ်းတွေးကြည့်ရင် အဓိပ္ပာယ်တော့ သိပ်မရှိလှပေ။ သူ့အိမ်မှာ သူပြန်နေတဲ့ကိစ္စကို အဆင်ပြေလားဟု ဖုန်းဆက်မေးရတာ တော်တော်တော့ ကြောင်တောင်တောင်နိုင်လှ၏။ သူ့အိမ်မှာ သူပြန်နေလို့ အဆင်ပြေတာ၊ မပြေတာသည် အမှန်တော့ သူ့အလုပ်မဟုတ်။





ခွေးပိုင်ရှင်၏ကိစ္စသာ ဖြစ်သည်။

နောက်တစ်ခုက ပိုပြီးတောင် ဆိုးသေး၏။

မျိုးစပ်ထားသောကြောင့် မျိုးအောင်၊ မအောင် မေးရသည့်ကိစ္စ။

ဒီကိစ္စက အခုရက်ပိုင်းလေးအတွင်းမှာ သိနိုင်သည့် ကိစ္စမဟုတ်။ အနည်းဆုံး တစ်လလောက်ကြာတော့မှ တိကျသော အဖြေကို ပေးနိုင်မည့်ကိစ္စ ဖြစ်သည်။

ထို့ကြောင့် ခွေးကိစ္စကို အကြောင်းပြု၍ မေးကြည့်ရန်မှာ တော်တော်တော့ ကြောင်တောင်တောင်နိုင်လှသည်ဟု သူ့ဘက်က တွေးလိုက်ခြင်းဖြစ်၏။ သို့သော် ထိုကိစ္စကို အကြောင်းပြရန်မှလွဲ၍ သူ့ဘက်က ဘာမှအကြောင်းပြစရာမရှိ၍ ခပ်တည်တည်နှင့်ပင် မျက်နှာပြောင်တိုက်၍ မေးရတော့မည်ဟု တွေးကာ ရှိသမျှသတ္တိအကုန်စု၍ 'တင်ဝေဝေထွန်း' ၏ ဖုန်းနံပါတ်ကို နှိပ်ချလိုက်ပါတော့သည်။

ကံအားလျော်စွာ ဖုန်းက တစ်ခါတည်း တန်းဝင်သွားပါတော့၏။ ဆက်သွယ်မှုဧရိယာပြင်ပတွေ၊ ဘာတွေတောင် မကြားရပေ။

✵✵✵



www.burmeseclassic.com

www.burmeseclassic.com



**တင်** ဝေဝေထွန်းက ဈေးဝယ်သူတစ်ယောက်နှင့် စကားပြောနေရင်းမှ ဖုန်းမြည်သံကြားရ၍ ဘီဒိုပေါ်တင်ထားသော ဖုန်းကို လှမ်းယူကြည့်လိုက်သည်။ တယ်လီဖုန်းမှာ ပေါ်လာသော နံပါတ်ကိုကြည့်၍ သူမ မသိသောကြောင့် ဘယ်သူများပါလိမ့်ဆိုပြီး ကိုင်လိုက်တော့သည်။

"ဟယ်လို"

သူမဘက်က ဖုန်းကိုင်ပြီးနောက် တစ်ဖက်က ယောကျ်ားလေး တစ်ယောက်သံ ပေါ်လာသည်။

"မတင်ဝေဝေထွန်းလားခင်ဗျာ"





ဒီလိုအသံမျိုး သူမ မိတ်ဆွေတွေထဲမှာ တစ်ခါမှ မကြားဖူး၍ မျက်မှောင်တစ်ချက်ကျုံ့လိုက်ကာ. . .

"ဟုတ်ပါတယ်၊ ဘယ်သူလဲ မသိဘူး"

ဟိုဘက်က ခဏတိတ်သွားပြီးမှ. . .

"ကျွန်တော် ညီဘုန်းခန့်ပါခင်ဗျ"

သူမ စိတ်ထဲမှာ ညီဘုန်းခန့်ဆိုတဲ့ နာမည်ကို တစ်ချက် ရှာဖွေ လိုက်၏။ မကြားဖူးပေ။ ထို့ကြောင့်. . .

"ဘယ်ကလည်းမသိဘူးနော်၊ ကျွန်မနဲ့ ဘယ်လိုကိစ္စများရှိလို့လဲ"

"ဒီလိုပါ၊ ကျွန်တော်က ဟိုတစ်လောတုန်းက မတင်ဝေဝေထွန်း မျိုးလာစပ်သွားတဲ့ အဲ. . . မတင်ဝေဝေထွန်းရဲ့ ခွေးမလေး ပန်စီ မျိုးလာစပ်သွားတဲ့ အိမ်ကပါ၊ အဲ့ဒါ. . ."

ဟိုဘက်က စကားခဏရပ်သွား၏။ သူမလည်း ထိုနောက်မှ တစ်ဖက်ကပြောတဲ့ သူကို မှတ်မိသွားကာ. . .

"သြော်. . . ဟုတ်ပြီ အစ်မ မှတ်မိပြီ ခွေးပိုင်ရှင် မောင်လေးလား"

"ဟုတ် ဟုတ်ပါတယ် မမ၊ ကျွန်တော့်နာမည်က ညီဘုန်းခန့်ပါ"

"သြော် အေး အေး ပြောလေ၊ ဘာများလဲ"

"တခြားတော့ မဟုတ်ပါဘူး မမရယ်၊ မမ ခွေးမလေး အဆင် ပြေလားလို့ လှမ်းမေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



တင်ဝေဝေထွန်းက ထိုအမေးစကားကို ဖြေရန် တစ်ချက်စဉ်းစားလိုက်၍. . .

"ဘာကို အဆင်ပြေလား မေးတာလဲ မသိဘူးနော်၊ ပန်းစီက အားလုံး အရင်အတိုင်းပါပဲ"

သူမစကားဆုံးတော့ ညီဘုန်းခန့်၏ သက်ပြင်းချသံသဲ့သဲ့ကို ကြားရသည်။ ပြီးတော့မှ ညီဘုန်းခန့်က. . .

"ဒီလိုပါ မမရယ်၊ ကျွန်တော်လည်း မမကို ပြောရမှာတော့ အားနာပါတယ်၊ ဒါပေမယ့် ကျွန်တော့်ဘက်က မေးဖို့ ဝတ္တရားရှိနေလို့ လှမ်းမေးရတာပါ၊ တခြားဟာတော့ မဟုတ်ပါဘူး၊ ပန်းစီကိစ္စပါ၊ သူ မျိုးစပ်သွားတဲ့ကိစ္စ ဘယ်လိုအခြေအနေရှိလဲဆိုတာ သိချင်လို့ပါ၊ တစ်ခြားနေရာတွေကို ထပ်မသွားပါနဲ့လို့၊ အဲ့ဒါ. . ."

"ဩော်. . . အေး အေး မမလည်း ဆရာဝန်နဲ့ အဲ့ဒီကိစ္စကို ပြောထားပါတယ်၊ တကယ်လို့ ပန်းစီအခြေအနေကို ဆရာဝန်ဆီက သိရတာနဲ့ မင်းဆီ ပြန်ပြောပေးမယ်လေ"

ညီဘုန်းခန့် ထိုအဖြေကိုရတော့ တော်တော် ဝမ်းသာသွား၏။ တခြားဟာတော့ မဟုတ်ပါ။ တင်ဝေဝေထွန်းဆီက လိုလိုလားလား တုံ့ပြန်မှုကို ရသောကြောင့် ဖြစ်၏။ ဒီလောက်ဆို မဆိုးဟု သတ်မှတ်ရမည်ဖြစ်သည်။ ခွေးကိစ္စနှင့်ပတ်သက်၍ သူနဲ့တင်ဝေဝေထွန်းနဲ့





ထပ်မံဆက်သွယ်စရာကိစ္စ ရှိသေးသည်။

ထို့နောက် သူ့ဘက်က ဒီလောက်နဲ့တင် ဖုန်းမချချင်သေး၍ နည်းနည်းအထွန့်တက်ကြည့်၏။

"မမက အခု အိမ်မှာလား"

တင်ဝေဝေထွန်းက သူ့အမေးကို ခပ်အေးအေးပဲ ပြန်ဖြေသည်။

"မဟုတ်ဘူးကွယ့် မမက ဆိုင်မှာ"

"ဟုတ်လား မမက ဘာဆိုင်ဖွင့်ထားတာလဲဟင်"

သူ့စကားကြားတော့ တင်ဝေဝေထွန်းက ညှင်းသွဲ့စွာ တစ်ချက်ရယ်လိုက်သည်။ ထို့နောက်. . .

"ခစ်. . . ခစ် မမ ဖွင့်ထားတဲ့ဆိုင်က မင်းတို့ ယောကျ်ားလေးတွေနဲ့တော့ မသက်ဆိုင်ပါဘူးကွယ်၊ မိန်းကလေးအသုံးအဆောင်ပစ္စည်းတွေနဲ့ အဝတ်အထည်ဆိုင်ပါ"

"ဩော် မမရယ် ကျွန်တော်နဲ့ မဆိုင်ပေမယ့် ကျွန်တော့်သူငယ်ချင်း မိန်းကလေးတွေကို ညွှန်ပြပေးလို့ရတာပေါ့"

"အေးပါကွယ် အဲ့ဒါဆိုလည်း ကျေးဇူးတင်ပါတယ်"

"ဒါနဲ့ မမဆိုင်က ဘယ်မှာလဲ"

"ယုဇနပလာဇာမှာပါ"

"ဟုတ်လား ကျွန်တော် အဲ့ဒီဘက်ရောက်ရင် ဝင်လည်လို့ရလား"



www.burmeseclassic.com

www.burmeseclassic.com



ညီဘုန်းခန့် စကားပြော ရဲတင်းလာ၏။ သဒ္ဓါတဲ့ဆွမ်း တော်ရုံ မရပ်ပေ။ တင်ဝေဝေထွန်းဘက်ကတော့ ညီဘုန်းခန့်က ရိုးရိုးသား သားမေးတယ်ထင်၍ ပြန်ဖြေသည်။

"ဝင်လည်ပါကွယ် ရပါတယ်၊ ဒါနဲ့ မမဆိုင်လိပ်စာကိုရော သိရဲ့လား"

"မသိဘူး မမ၊ မမ ပြောပြလေ"

တင်ဝေဝေထွန်းက သူမ ဆိုင်လိပ်စာကို ညီဘုန်းခန့်အား ပြောပြသည်။ ထို့နောက်. . .

"အဲ့ဒါဆို ဒါပဲနော် မောင်လေး၊ မမ ကိစ္စလေးရှိလို့ ဖုန်းချလိုက်ဦးမယ်"

"ဟုတ် ဟုတ်ကဲ့ မမ၊ ကျွန်တော် ရောက်ရင် ဝင်လည်မယ်နော်"

"အေးပါကွယ် လာလည်ပါ"

ဟု ဆို၍ တင်ဝေဝေထွန်းက ဖုန်းချလိုက်၏။

ညီဘုန်းခန့် တယ်လီဖုန်းကို ကြည့်ကာ ခုန်ပေါက်ပြီး ကျန်ခဲ့၏။ ပါးစပ်ကလည်း. . .

"အောင်ပြီကွ အောင်ပြီ" ဟု ပြောကာ အိမ်ပြင်သို့ ပြေးထွက်ခဲ့ ပါတော့သည်။

❋ ❋ ❋





လူ တစ်ယောက်သည် ပျော်ရွှင်စရာပဲဖြစ်ဖြစ်၊ ဝမ်းနည်းစရာပဲဖြစ်ဖြစ် တစ်စုံတစ်ယောက်အား ပြောပြလိုက်မှ ရင်ထဲမှာပေါ့သွားပြီး နေသာထိုင်သာ ရှိသွားတတ်သည်။ ဒီလို နှလုံးသားရေးရာကိစ္စနဲ့ ပတ်သက်ရင် ပိုဆိုးသည်။ တစ်ယောက်ယောက်ကို အမြန်ဆုံး ဖွင့်ပြောချင်သည့်ကိစ္စက တားဆီးမရ။

ထို့ကြောင့် ညီဘုန်းခန့်တစ်ယောက် အပျော်လွန်ပြီး သွေးရူးသွေးတန်းနှင့် အိမ်ပြင်ပြေးထွက်လာပြီးမှ ခြံထဲရောက်တော့ ဘယ်သွားလို့ သွားရမှန်းမသိဘဲ ယောင်ချာချာဖြစ်သွား၏။ သူ့စိတ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း အခုလတ်တလော ဖြစ်ပျက်သွားသည့်ကိစ္စကို တစ်ယောက်ယောက်အား ရင်ဖွင့်ပြချင်နေမိသည်။ အဲ့ဒီလိုမှ မပြောရရင် နေရာတွင်ပင် ပွဲချင်းပြီး သေသွားနိုင်သည့် အနေအထားမျိုး။

ထို့ကြောင့် အရင်းနှီးဆုံး သူငယ်ချင်းလည်းဖြစ်၊ ဒီကိစ္စတွေကိုလည်း သိနေသည့် နိုင်ထွန်းထံ သွားရန် ဆုံးဖြတ်လိုက်ပါတော့သည်။

ထို့ကြောင့် သူ ကားကို ယူကာ နိုင်ထွန်းနေသည့် ဆယ်မိုင်ကုန်းဘက်သို့ မောင်းထွက်ခဲ့တော့၏။ သူ့တပည့် စိုးညွန့်ကတော့ ခွေးစာတွေ ကျွေးနေရင်းမှ သူ့ဆရာ ဟျာယာခတ်နေတာကို နားမလည်နိုင်စွာကြည့်ရင်း. . .

"ဆရာ ဆရာ ဘယ်သွားမလို့လဲ"

ခြံထဲက ထွက်ခါနီးမှ စိုးညွန့်အသံကြား၍ ညီဘုန်းခန့် ကားရပ်လိုက်ကာ. . .

"နိုင်ထွန်းဆီ ခဏသွားမလို့"

"ဟာ ဆရာ ဒီနေ့ ခွေးလာဝယ်မယ့်လူတွေနဲ့ ချိန်းထားတယ်လေ"

"မင်းပဲ ကြည့်စီစဉ်လိုက်ကွာ၊ ငါ့ကိစ္စက ပိုအရေးကြီးတယ်ကွ"

ဟု ဆိုကာ ကားကို မောင်းထွက်ခဲ့တော့၏။ စိုးညွန့်တစ်ယောက်သာ ခေါင်းကုတ်၍ ကျန်ခဲ့၏။ အရင်က အလုပ်ကိစ္စနဲ့ ပတ်သက်ရင်





အလေးထားသောသူက အခုမှ ဘာဖြစ်သွားပါလိမ့်ဟု တွေးကာ ကျန်ရစ်ခဲ့သည်။

ညီဘုန်းခန့်ကတော့ ရင်ခုန်သံပေါင်းစုံနှင့် ပျော်ရွှင်စွာ ကားမောင်းရင်း နိုင်ထွန်းဆီသို့ ထွက်ခဲ့ပါတော့သည်။

နိုင်ထွန်းအိမ်ကိုရောက်တော့ နိုင်ထွန်းမရှိပေ။ လမ်းထိပ်လက်ဖက်ရည်ဆိုင်ဘက် ထွက်သွားသည်ဆို၍ လက်ဖက်ရည်ဆိုင်လာရှာတော့လည်း မတွေ့။ အရေးထဲ မသာက ဘယ်သဝေထိုးနေလည်းမသိဘူးဟု စိတ်ထဲမှာ ကျိန်ဆဲကာ ရပ်ကွက်ကို ပတ်၍ နိုင်ထွန်းသွားတတ်တဲ့နေရာတွေကို လိုက်ရှာတော့မှ တစ်နေရာမှာ နိုင်ထွန်းကိုသွားတွေ့သည်။ သကောင့်သားက ဂေါက်တုတ်လေးတစ်ချောင်းနဲ့ ချောင်းစိမ်နေတာ တွေ့ရ၏။ သူ ကားပေါ်က ဆင်းပြီး နိုင်ထွန်းထံလှမ်းသွားလိုက်ကာ. . .

"နိုင်ထွန်း ငါနဲ့ ခဏလိုက်ခဲ့ကွာ"

နိုင်ထွန်းက သူ့ကို လှည့်ကြည့်၍. . .

"ဟာ ဘုန်းခန့် ဘယ်လာတာလဲ"

"မင်းဆီပဲလာတာ၊ ငါနဲ့ ခဏလိုက်ခဲ့ကွာ"

"ဟာ ငါ ဒီမှာ ပွဲကောင်းနေလို့ကွ ခဏစောင့်ဦး၊ ဟော့ကောင်တွေ ဒါနဲ့ဆို ငါ နှစ်ပွဲရှိပြီနော်၊ ဒီတစ်ပွဲနိုင်ရင် ပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



နိုင်ထွန်းက သူ့ပွဲမပြီးမချင်း လိုက်မယ့်ပုံမပေါ်၍ ခဏစောင့်နေရ၏။ နာရီဝက်လောက်ကြာတော့မှ နိုင်ထွန်းက သူ့ပွဲကို အဆုံးသတ်ကာ သူ့ဆီ လှမ်းလာ၍. . .

"မင်းက ဘာတွေ အရေးကြီးလာပြန်ပြီလဲ"

"ကဲ အဲ့ဒီကိစ္စ နောက်မှ ပြောမယ်၊ ကားပေါ်တက်"

"ဘယ်သွားမလို့လဲကွ၊ ငါ့ပုံစံကိုလည်း ကြည့်ဦး"

"အမယ်လေး မင်းကို ဘယ်သူမှ စိတ်မဝင်စားဘူး၊ ငါသွားမှာကလည်း ဒီနားခဏတင်"

ထိုတော့မှ သကောင့်သားက ကားပေါ်တက်လာသည်။ ထို့နောက် လူရှင်းသည့် ဆိုင်တစ်ဆိုင်သို့ သူတို့ ထွက်ခဲ့လိုက်ပါတော့သည်။

❋❋❋





**ဆိုင်** ရောက်တော့ ညီဘုန်းခန့်က နိုင်ထွန်းအား သူတွေ့ကြုံခဲ့ရသမျှတွေကို အကြောင်းစုံ ရှင်းပြ၏။ နိုင်ထွန်းက ခေါင်းလေး တညိတ်ညိတ်လုပ်ပြီး လက်ဖက်ရည်ဆိုင်က လာချပေးသော ပေါက်စီကို တစ်လုံးပြီး တစ်လုံး စားကာ နားထောင်သည်။ ညီဘုန်းခန့် စကားဆုံးတော့ ပေါက်စီ သုံးလုံးကို နိုင်ထွန်းက စားပြီးသွားပြီဖြစ်သည်။

ညီဘုန်းခန့်က နိုင်ထွန်းကို ကြည့်၍. . .

"ဟေ့ကောင် မင်းအိမ်က မင်းကို ဘာမှ မကျွေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့လဲ"

"မင်းကြည့်ရတာ ငပ်လာသလိုပဲ"

နိုင်ထွန်းက ပါးစပ်ထဲက ပေါက်စီကို ရေနွေးနဲ့ မျောချလိုက်ကာ. . .

"ငါက မင်း ခွေးဇာတ်ခင်းတဲ့ ကိစ္စလေး အောင်မြင်သွားလို့ ဂုဏ်ပြုတဲ့အနေနဲ့ စားပေးတာပါကွာ၊ ညီလေးရေ လက်ဖက်ရည်ရှယ် ပေါ့စိမ့်တစ်ခွက် လုပ်ပါကွာ"

"ဟော့ကောင် မင်းစကားက ဘာကြီးလဲကွ"

"ဟုတ်တယ်လေ မင်းနဲ့ မင်း မမက ခွေးနဲ့ပတ်သက်ပြီး စခဲ့တဲ့ ဇာတ်ကလေးဆိုတော့ ခွေးဇာတ်ပေါ့ကွ၊ ငါပြောတာ မှားလို့လား"

"ခွီးပဲ အဲ့ဒီနာမည်ကြီး မသုံးစမ်းပါနဲ့ကွာ၊ လူကြားလို့တောင် မကောင်းဘူး"

ညီဘုန်းခန့်စကားကြောင့် နိုင်ထွန်းက တဟားဟား ထရယ်သည်။ ပြီးမှ. . .

"ဒါပဲကွ လူတွေက ဟုတ်တာပြောတော့လည်း မခံချင်ကြဘူး"

ညီဘုန်းခန့်က စုတ်တစ်ချက်သပ်လိုက်ကာ. . .

"ကျွတ် ထားပါတော့ကွာ၊ ခွေးဇာတ်မကလို့ ဘာဇာတ်ပဲဖြစ်ဖြစ် အဲ့ဒါ အရေးမကြီးပါဘူး၊ ငါ အခု ဘာဆက်လုပ်သင့်လဲလို့ မင်းကို





ဘာတိုင်ပင်တာ"

"ဘာဆက်လုပ်ရမလဲကွ၊ ဒီလောက် အဆင်ပြေနေတာ ဆက်လိုက်ပေါ့"

"အဲ့ဒါတော့ ဟုတ်ပြီလေ၊ ဘယ်လို ဆက်လိုက်ရမလဲလို့ မင်းကို ဘာတိုင်ပင်ပါတယ်ဆိုမှ"

နိုင်ထွန်းက ညီဘုန်းခန့်စကားကြောင့် မျက်ခုံးတစ်ချက် ပင့်ကြည့်လိုက်ကာ. . .

"မင်း အရင်ထားခဲ့တဲ့ ရည်းစားတွေတုန်းက ဘယ်လိုလုပ်ခဲ့လဲ၊ အဲ့ဒါတွေပြောမနေစမ်းပါနဲ့ကွာ၊ မင်းမှာ အတွေ့အကြုံ မရှိတာကျ နေတာပဲ"

"အဲ့ဒါတော့ အဲ့ဒါပေါ့ကွ ဒါပေမယ့် ဒါနဲ့ မတူဘူးလေ၊ ဟိုဟာ တွေက အပျော်ထားခဲ့တာ"

"ဪ ဒါကတော့ အတည်ပေါ့ ဟုတ်လား"

ညီဘုန်းခန့် ရှက်ရဲရဲနှင့် ခေါင်းညိတ်ပြလိုက်ကာ. . .

"အင်း ဟုတ်တယ်"

နိုင်ထွန်းက မျက်နှာတစ်ချက်မဲ့လိုက်ပြီး. . .

"မင်း အဲ့ဒီလိုမျိုး ပြောခဲ့တာ ဘယ်နှယောက်ရှိပြီလဲ၊ ငါ သိသလောက် သုံးလေးငါးယောက်ရှိပြီ အခုလည်း လာပြန်ပြီ အတည်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့စကား”

“ငါ ဒီတစ်ခါ တကယ်ပြောတာကွ၊ ငါ မမကို မြင်မြင်ချင်း ချစ်သွားတာ အတည် အတည်”

“ မင်း ချီးစားပြောရင်တောင် ကြိုက်လို့လို့ အောက်မေ့မယ်”

“ဘာလဲ မင်းက မယုံလို့လား”

“မယုံဘူး”

“ဘာလို့လဲ”

“ဘယ်ယုံမလဲကွ၊ အခု မင်းမမက မင်းထက်လည်း အသက်ကြီးတယ်လေ၊ အရင်က မင်းတွဲခဲ့တဲ့ ငယ်ငယ်နုနုလေးတွေတောင်မှ မင်းစိတ်က အခုတစ်မျိုး တော်ကြာတစ်မျိုးဖြစ်နေတာ၊ အခုလို အရွယ်လွန် အဘွားကြီးတစ်ယောက်ဆို ပိုဆိုးတယ်၊ မင်း ခဏ စိတ်လှုပ်ရှားတာပဲ နေမှာပါ”

နိုင်ထွန်းစကားဆုံးတော့ ညီဘုန်းခန့်က ကမန်းကတန်း လက်ကာပြ၍. . .

“ဟေ့ကောင် ဟေ့ကောင် မင်း ငါ့မမကို မမြင်ဖူးဘဲ အဘွားကြီးလို့တော့ မပြောနဲ့၊ မမက အိန္ဒြေရှိပြီး ကျက်သရေရှိတဲ့ အလှကို ပိုင်ဆိုင်ထားတဲ့ အမျိုးသမီးတစ်ယောက်ကွ”

နိုင်ထွန်းက လှောင်ရယ် ရယ်ပြသည်။ ပြီးနောက်. . .





“ထားပါတော့ မင်းက ဒီအချိန်မှာ မှိုင်းမိနေတဲ့ မီးပုံးပျံလို ဖြစ်နေတော့ တကြွကြွဖြစ်နေမှာပေါ့၊ ငါပြောလည်း ရမှာမဟုတ်ပါဘူး၊ ဒါနဲ့ မင်း မမအသက်က မင်းထက် ဘယ်လောက်ကြီးမယ် ထင်လဲ”

“အဲ့ဒါတော့ ငါလည်း မမှန်းတတ်ဘူးကွ”

“မင်းက မေးမကြည့်ဘူးလား”

“ဘလိုင်းကြီး သွားမေးရင် ငါ ပါးရိုက်ခံရမှာပေါ့”

“ဒါတော့ ကြောက်သားပဲ”

ဟု နိုင်ထွန်းက မကြားတကြား ဆိုသည်။ ညီဘုန်းခန့်က. . .

“ကဲပါ မင်းကို အခု ငါလာတွေ့တာ မမရဲ့ ကိုယ်ရေးရာဇဝင် ပြောဖို့ လာတာမဟုတ်ဘူး၊ ငါ မမကို ဆက်ပြီး ဘယ်လို ကြိုးစားရမယ် ဆိုတာ လာတိုင်ပင်တာ”

“ဒါကတော့ ရှင်းပါတယ်၊ လူပျိုက အပျိုကို လိုက်တာ ဘာဖြစ်လဲ၊ ဟိုက အသက် (၅၀) ကျော်အဘွားကြီးဖြစ်နေလည်း မင်းစိတ်ပါရင် လိုက်ပေါ့”

“ဟေ့ကောင် အဘွားကြီးဆိုတာ ထည့်မပြောနဲ့ကွာ၊ မင်း မတွေ့ဖူးဘဲနဲ့”

နိုင်ထွန်းက အရယ်တဝက်နှင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား ဟား ကဲပါကွာ မပြောတော့ပါဘူး၊ မင်း ဒီလောက်ညွှန်းနေမှတော့ မင်း မမကို ငါ ကြည့်ရသေးတာပေါ့"

နိုင်ထွန်းရဲ့ စကားကြားတော့ ညီဘုန်းခန့်က တစ်ခု အကြံရသွားကာ. . .

"ဒါဆို အတော်ပဲ၊ မနက်ဖြန် ငါတို့ မမဆိုင်ကို သွားရအောင် မင်းပါ လိုက်ခဲ့"

BURMESE CLASSIC .com

နိုင်ထွန်းက ပေကပ်ကပ် မျက်နှာပေးလုပ်၍. . .

"ဟာ ငါနဲ့ ဘာဆိုင်လို့လဲ"

"မင်းပဲ တွေ့ချင်တယ်ဆို"

"ငါက ကြုံမှ ကြည့်မယ်ပြောတာကွ"

"ကြုံစရာတော့ အကြောင်းမရှိဘူး၊ သွားကြည့်မှပဲရမယ်၊ ငါလည်း အဖော်ရအောင် မနက်ဖြန် မင်းပါ လိုက်ခဲ့ရမယ်"

"မလိုက်ဘူး"

နိုင်ထွန်းက ပြတ်ပြတ်သားသား ငြင်းသည်။

"မလိုက်ရင် မင်းအမေကို ဟိုတစ်နေ့က သာကောင်းတို့နဲ့ ဖဲသွားရိုက်တဲ့အကြောင်း တိုင်ပြောမယ်"

နိုင်ထွန်း ငြိမ်ကျသွား၏။ ညီဘုန်းခန့်ကိုလည်း မကျေမနပ်နှင့် လှမ်းကြည့်သည်။ ပြီးနောက်. . .





"ဒါကတော့ မင်း မိန်းမလို မိန်းမရ ဆန်တာပဲ"

"မင်းဟာမင်း ထင်ချင်သလိုထင်၊ ငါကတော့ သွားတိုင်မှာပဲ၊ မင်းစဉ်းစားပေါ့ကွာ"

ဟု ပြောကာ ထိုင်ရာမှ ထလိုက်သည်။

နိုင်ထွန်းက ညီဘုန်းခန့် လက်ကို လှမ်းဆွဲလိုက်၍. . .

"ငါ လိုက်မယ်၊ သွားတော့ မတိုင်နဲ့"

"ဒါဆိုလည်း ပြီးရော၊ စားထားတာတွေ မင်းပဲရှင်းလိုက်တော့၊ ငါသွားပြီ"

ဟု ဆိုကာ ညီဘုန်းခန့် ထွက်ခဲ့လိုက်တော့၏။

နိုင်ထွန်းတစ်ယောက်သာ အဆဲပေါင်းစုံသုံးကာ ကျိန်ဆဲရင်း ကျန်ခဲ့ပါတော့သည်။

❋❋❋



www.burmeseclassic.com

www.burmeseclassic.com



■ လာဇာထဲကို ဝင်လိုက်တယ်ဆိုရင်ပဲ အရောင်အသွေးမျိုးစုံ ဝတ်ဆင်ထားသော လူများကို သူတို့ကိစ္စနဲ့သူတို့ အံဝင်ဂွင်ကျရှိနေကြသည်ကို တွေ့လိုက်ရသည်။ ခပ်လှမ်းလှမ်းမှ စုံတွဲတစ်တွဲက မှန်တပ်ချပ်နောက်မှာ ချိတ်ထားသော အမျိုးသမီးဝတ်စုံတစ်ထည်ကို ငေးကာ ကြည့်နေသည်။ ကောင်မလေးက ကောင်လေးလက်ကို ချိတ်ရင်း တစ်စုံတစ်ခု တီးတိုးပြောနေ၏။ ကောင်လေးက ကောင်မလေးပြောသမျှတွေ နားထောင်ရင်း ခေါင်းတညိတ်ညိတ် လုပ်ကာနေ၏။

ထိုစုံတွဲ ရပ်နေသည့် ဆိုင်ရှေ့ကိုဖြတ်တော့ နိုင်ထွန်းက သူ့အား





လက်ကုတ်၍. . .

"ဘုန်းခန့်"

ညီဘုန်းခန့်က ဘာလဲဆိုပြီး လှည့်ကြည့်လိုက်တော့. . .

"မင်း မမဆိုင်က ဒီလိုဆိုင်မျိုးလား"

ညီဘုန်းခန့်က ဆိုင်ထဲကို တစ်ချက်လှမ်းကြည့်၍. . .

"ဟုတ်မယ်ထင်တယ်၊ မမပြောတာတော့ မိန်းမအသုံးအဆောင်နဲ့ အဝတ်အစားတွေ ရောင်းတဲ့ဆိုင်လို့ ပြောတာပဲ"

"ဒါဆို ငါတို့နဲ့ဆိုင်တဲ့ ပစ္စည်းမရှိဘူးပေါ့"

ညီဘုန်းခန့်က ပခုံးတွန့်ပြ၏။ နိုင်ထွန်းက ညီဘုန်းခန့် အမူအရာကို ကြည့်၍ စကားကို ဆက်သည်။

"အဲ့ဒီလိုဆို ငါတို့က ဘယ်လိုအကြောင်းပြပြီး သွားမှာလဲ၊ သူ့ဆိုင်မှာ ငါတို့ သွားဝယ်စရာ ပစ္စည်းလည်း မရှိဘဲနဲ့"

"မရှိတော့လည်း ဘာဖြစ်လဲကွာ၊ ရောက်တုန်း ကြုံလို့ ဝင်လည်တယ်လို့ ပြောလိုက်တာပေါ့"

"မင်းဟာကလည်းကွာ မနေ့ကမှ လိပ်စာရတယ်၊ ဒီနေ့ လမ်းကြုံတယ်ဆိုတာတော့ မလွန်လွန်းဘူးလား"

"ဟောကောင် အဲ့ဒီကိစ္စက ငါ့ကိစ္စပါ၊ မင်းက ဘာလို့ ကြားထဲက တွေးပူနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ကြောက်လို့ကွ"

"ဘာကို ကြောက်တာလဲ"

"မင်းဟာက ပေါ်တင်ကြီး"

"ဘာဖြစ်လဲကွာ လိုက်မှာသာ လိုက်ခဲ့စမ်းပါ"

နိုင်ထွန်းက ပွစိပွစိလုပ်ကာ ပါလာ၏။ ထို့နောက် သူတို့ဆိုင်ကို လိပ်စာအရ လိုက်ရှာကြသည်။ သိပ်မရှာလိုက်ရပါ။ လိပ်စာထဲက နာမည်အတိုင်း ဆိုင်ကို ရှာတွေ့ပါသည်။

ဆိုင်ကိုတွေ့တော့ ညီဘုန်းခန့်က ခပ်လှမ်းလှမ်းမှာ ရပ်လိုက်ကာ. .

"ဒီဆိုင်ပဲကွ၊ အထဲမှာ လူသိပ်ရှုပ်ရင်တော့ မဝင်သေးဘူး၊ လူရှင်းသွားမှ ဝင်ရအောင်"

"မင်းက ဘာလဲ စားပြ လာတိုက်တာလား၊ လူလာတွေ့တာလား"

"ခွီးပဲ လူရှုပ်တော့ မမနဲ့ အေးအေးဆေးဆေး ဘယ်တွေ့ရမလဲကွ၊ လူရှင်းတော့မှ ကောင်းမှာပေါ့"

ထို့နောက် ဆိုင်ထဲကို တစ်ချက်လှေ့လာလိုက်သည်။ ဝယ်သူ ဧလးယောက်လောက်ရှိနေသေး၍ မဝင်သေးဘဲ ယောင်လည်လည် လုပ်နေလိုက်၏။ သူ ခုနဆိုင်ထဲ လှမ်းကြည့်လိုက်စဉ် မမကိုတော့ မတွေ့ရပေ။ ထို့ကြောင့် မမ ဆိုင်မှာ ရှိပါ့မလားဆိုပြီး စိုးရိမ်စိတ် ဝင်လာမိ၏။ သို့သော် ရောက်လာမှတော့ ဝင်ကြည့်ပြီးမှ ပြန်မည်ဟု





စိတ်အားတင်းလိုက်ကာ စိုးရိမ်စိတ်ကို ပယ်ဖျောက်ပစ်လိုက်ပါ တော့သည်။

ထိုအချိန်မှာပင် တင်ဝေဝေထွန်းက အပြင်ကနေ ဆိုင်ထဲသို့ လှမ်းဝင်သွားတာကို ညီဘုန်းခန့် တွေ့လိုက်၏။ နိုင်ထွန်းကတော့ အဖော်လိုက်လာသူတို့၏ ထုံးစံအတိုင်း ယောင်ချာချာနှင့် ဟိုကြည့် ဒီကြည့် လုပ်နေ၍ တင်ဝေဝေထွန်းကို သတိမထားမိလိုက်ပေ။ တင်ဝေဝေထွန်းကို တွေ့လိုက်ရင်လည်း တစ်ခါမှ မမြင်ဖူး၍ သူသိမှာ မဟုတ်။

ညီဘုန်းခန့်က. . .

"ဟော့ကောင် မမ ဆိုင်ထဲဝင်သွားပြီကွ၊ တွေ့လား"

နိုင်ထွန်းက တစ်ဖက်ဆိုင်မှာ ဝယ်နေသော စကတ်အတိုနှင့် ကောင်မလေးနှစ်ယောက်ကို လှမ်းငမ်းနေရာမှ. . .

"ဘယ် ဘယ်မှာလဲ"

"အခုလေးတင် ဝင်သွားတာကွ၊ မင်းက ဟိုဘက်ကို ခေါ်တော ကြည့် သွားကြည့်နေတာကိုး၊ ဘယ်တွေ့လိုက်မလဲ"

"ဟိုဘက်ကလည်း အလန်းလေးတွေကွ၊ မင်း မယုံရင် လှည့် ကြည့်လိုက်ပါလား"

"မကြည့်ပါဘူးကွာ၊ ငါ့မမလောက် ဘယ်ဟာမှ ပိုလှမည်



www.burmeseclassic.com

www.burmeseclassic.com



မထင်ပါဘူး"

နိုင်ထွန်းက ညီဘုန်းခန့်ကို တစ်ချက်ကြည့်လိုက်၍ ခေါင်းခါလိုက်သည်။

"မင်းတော့ သွားပြီ"

ဟု ရေရွတ်လိုက်၏။

ညီဘုန်းခန့်က. . .

"ငါ ဘာ့ကြောင့် အဲ့ဒီလိုဖြစ်သွားလဲဆိုတာ မင်း မမကို တွေ့ရင် သိသွားမှာပါ"

"တွေ့ကြသေးတာပေါ့ကွာ"

ဟု နိုင်ထွန်းက ရေရွတ်လိုက်သည်။

ထို့နောက် ဈေးဝယ်သူတွေ ဆိုင်ထဲမှာ ရှင်းသွားပြီဖြစ်၍ သူတို့ ဆိုင်ထဲသို့ လှမ်းဝင်လိုက်ပါတော့၏။

ဆိုင်ထဲကိုရောက်တော့ မမကို ကောင်တာမှာ ထိုင်နေရင်းနှင့် ဘာတွေမှန်းမသိဘဲ ထည့်ထားသော ကြွပ်ကြွပ်အိတ်နှစ်လုံးနှင့် တွေ့လိုက်ရသည်။ ညီဘုန်းခန့်က ဦးဆောင်၍ မမရှိရာ ကောင်တာသို့ လှမ်းသွားလိုက်ပါတော့သည်။ နိုင်ထွန်းကတော့ တောင်ကြည့် မြောက်ကြည့်နှင့် ညီဘုန်းခန့်နောက်မှ ပါလာပါတော့သည်။

❋ ❋ ❋





အခန်း (၃)



www.burmeseclassic.com

www.burmeseclassic.com



# "မမ"

ညီဘုန်းခန့်၏ ခေါ်သံက ကျယ်လည်းမကျယ်၊ တိုးလည်း
မတိုးလှပေ။ အနေတော် ပုံမှန်အနေအထားပင်ဖြစ်သည်။ သို့သော်
စိုးရွံ့မှုအနည်းငယ် ပါဝင်နေ၍ အဖျားနားတွင် အသံအနည်းငယ်
တိမ်ဝင်သွားလေသည်။

တင်ဝေဝေထွန်းက သူမ ဝယ်လာသော အစားအသော
ထုပ်တွေနှင့် အလုပ်ရှုပ်နေ၍ ညီဘုန်းခန့်တို့ ဆိုင်ထဲ ဝင်လာတာ
မသိလိုက်ပေ။ သူ့ကို ညီဘုန်းခန့်က 'မမ'ဟု ခေါ်သံကြားတော့





မော့ကြည့်လိုက်မိသည်။

ရုတ်တရက်ဆိုတော့ ညီဘုန်းခန့်ကို တွေ့သွား၍ သူမ အံ့သြ
သွားသည်။ ထို့ကြောင့် ရုတ်တရက် ပြန်မနှုတ်ဆက်နိုင်သေးဘဲ
ကြောင်ကာ ကြည့်နေမိသည်။ ညီဘုန်းခန့်က ပြုံးပြ၍. . .

"ကျွန်တော် ဝယ်စရာလေးတစ်ခုရှိလို့ လာရင်းနဲ့ ဝင်လာ
တာပါ"

အဲ့ဒီတော့မှ တင်ဝေဝေထွန်းက. . .

"ဪ အေး ရုတ်တရက်ဆိုတော့ မမလည်း အံ့သြသွားတာ၊
ဘယ်တုန်းက ရောက်တာလဲ"

"ဘယ်ကိုလဲ မမ၊ ဒီဆိုင်ကိုလား ပလာဇာကိုလား"

"နှစ်ခုစလုံးပေါ့ကွယ်"

"မမဆိုင်ကိုတော့ အခုမှ ရောက်တာပါ၊ ပလာဇာကိုတော့
ရှိန်ခဲ့တဲ့ တစ်နာရီကတည်းက၊ ဪ ဒါနဲ့ မိတ်ဆက်ပေးရဦးမယ်
ဒါ ကျွန်တော့်သူငယ်ချင်း နိုင်ထွန်းလို့ ခေါ်တယ်၊ နိုင်ထွန်း ဒါက
တင်ဝေဝေထွန်းတဲ့"

နိုင်ထွန်းက တင်ဝေဝေထွန်းရဲ့ အလှမှာ နစ်မျောပြီး မျက်လုံး
ပြူးကာ ကြောင်စီစီကြီး ကြည့်နေရင်းမှ ညီဘုန်းခန့် စကားကြောင့်
သူ့မှာသလဲနှင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ဟုတ် ဟုတ်ကဲ့ပါ ဒီကောင်ကြီး ပြောပြောနေလို့ မမအကြောင်း ကြားဖူးနေပါတယ်"

တင်ဝေဝေထွန်းက နိုင်ထွန်းစကားကြောင့် မျက်ခုံးလေး ပင့်ကာ. . .

"သူက ဘာတွေများ ပြောထားလို့လဲ"

"တခြားဟာတော့ မဟုတ်ပါဘူးဗျာ၊ မမက သူ့ဆီမှာ သားလာ စပ်ဖူးတဲ့ကိစ္စပါ"

"ဟင်"

"ဟာ ဟော့ကောင် ဘာတွေလျှောက်ပြောနေတာလဲ"

တင်ဝေဝေထွန်း ရုတ်တရက် ရှက်လွန်းအားကြီးသွား၍ မျက်နှာကြီးတစ်ခုလုံး ရဲတက်ကာလာ၏။ ညီဘုန်းခန့်လည်း ရုတ်တ ရက်ဆိုတော့ ဘာလုပ်လို့လုပ်ရမှန်းမသိ ဖြစ်သွားသည်။ နိုင်ထွန်းက သူ့စကား မှားသွားပြီဆိုတာ ချက်ချင်းသိလိုက်သည်။ လောလော လောလောနှင့် ပြောလိုက်မိတဲ့အတွက် ကိုယ့်ကိုယ်ကိုလည်း အပြစ် တင်မိ၏။

ထို့ကြောင့် ကမန်းကတန်းပင် ပြန်ပြီး တောင်းပန်လိုက် သည်။

"ဟာ ဆောရီး မဟုတ်ဘူး အဲဒါ. . . ကျွန်တော်ပြောတာ





ခွေး. . . ခွေးကိစ္စပါ၊ လူလူချင်းမဟုတ်ပါဘူး"

အဲ့ဒီကျမှ ငါးပါးပါ မှောက်တော့သည်။ တင်ဝေဝေထွန်းတော့ ဘယ်လိုနေမလဲမသိ။ ညီဘုန်းခန့်ကတော့ ဆိုင်ထဲက ထွက်ပြေး ချင်စိတ်ပင် ပေါက်သွားသည်။

"ဟော့ကောင် ဘာ လူလူချင်းလဲ၊ ဘာတွေ လျှောက်ပြောနေ တာလဲ ဒုက္ခပါပဲ ဒီကောင်တော့. . ."

"ဟာ ဟုတ်ပ. . . ငါပြောတာက. . . ဟာ ရှုပ်ကုန်ပါပြီ၊ တောင်းပန်ပါတယ်ဗျာ ဟိုဟာပါ. . . ခွေးပါ ခွေးကိုပဲ ပြောတာ၊ ခွေးကိစ္စနဲ့ ပတ်သက်ပြီး လူလူချင်း ခင်မင်မိတဲ့အကြောင်းကို ပြောတာ တာ၊ လော. . . လောသွားလို့ပါ"

တင်ဝေဝေထွန်းက ရှက်လည်းရှက်၊ ဘာပြန်ပြောလို့ ပြောရ မှန်းလည်း မသိနှင့် ယောင်တိယောင်ချာဖြင့် ဘီဒိုထဲက ပစ္စည်းအချို့ အပေါ်သို့ ဆွဲထုတ်ကာ တင်လိုက်သည်။ ထို့နောက် ပါးစပ်က သည်း. . .

"ရ ရပါတယ်ကွယ်၊ မြန်မာစကားက ဒီလိုပါပဲ၊ သံတူကြောင်း ကွဲတွေ တစ်ပုံကြီးရှိတာပဲ"

သူမ စကားဆုံးတော့ ညီဘုန်းခန့်တို့ကို လှမ်းကြည့်လိုက်ရာ ညီဘုန်းခန့်တို့က သူ ခုနက အယောင်ယောင် အမှားမှားနှင့် ဘီဒိုအ



www.burmeseclassic.com

www.burmeseclassic.com



က ဆွဲထုတ်လိုက်တဲ့ ပစ္စည်းတွေကို ကြောင်ကြောင်တောင်တောင်နှင့် ကြည့်နေကြသည်ကို တွေ့သွားသည်။

ထို့ကြောင့် သူမ ဆွဲထုတ်လာသော ပစ္စည်းတွေကို အခုမှ သေချာကြည့်မိလိုက်ရာ ရှက်စိတ်က ငယ်ထိပ်တက်ဆောင့်သွား၏။

သူမ ဆွဲထုတ်လိုက်တာက အမျိုးသမီး လစဉ်သုံးအထုပ်များနှင့် အမျိုးသမီး အောက်ခံဘောင်းဘီတချို့ဖြစ်သည်။

သူမလည်း အာမေဍိတ်သံသာတစ်ချက်ပြုနိုင်ပြီး ရှက်စိတ်ကြောင့် သွေးရူးသွေးတန်းနှင့် ထိုအရာများကို ဆွဲပွေ့ပြီး အေးသီတာကို လှမ်းခေါ်လိုက်သည်။

အေးသီတာလည်း ဆိုင်တစ်နေရာမှာ အဝတ်တွေ စီရင်းက ပြေးလာပြီး. . .

"အစ်မ ဘာဖြစ်လို့လဲ"

တင်ဝေဝေထွန်းက ဘာမပြော ညာမပြောနှင့် အေးသီတာလက်ထဲ အမျိုးသမီး လစဉ်သုံးပစ္စည်းနှစ်ထုပ်နှင့် အတွင်းခံနှစ်ထည်ကို ပစ်ထည့်ပြီး ချာခနဲ ထွက်သွားတော့၏။

အေးသီတာ အပါအဝင် ညီဘုန်းခန့်တို့နှစ်ယောက် ကြောင်တောင်တောင်ကြီးဖြစ်ပြီး ကျန်ခဲ့သည်။ အမှန်တော့ တင်ဝေဝေထွန်းက ရှက်လွန်းအားကြီး၍ လုပ်မိလုပ်ရာ လုပ်သွားခြင်းဖြစ်လေသည်။





အေးသီတာက သူ့လက်ထဲရောက်လာသော ပစ္စည်းတွေကို ကြည့်၍ နားမလည်နိုင်စွာနှင့်. . .

"အစ်မ အစ်မ ဒါတွေကို ကျွန်မက ဘာလုပ်ရမှာလဲ"

တင်ဝေဝေထွန်းက ဆိုင်ထဲက ထွက်ခါနီးမှ ဘယ်သူ့မှ လှည့်မကြည့်ဘဲနှင့်. . .

"နင့်ရှေ့မှာရှိတဲ့ လူနှစ်ယောက်ကို ရောင်းလိုက်"

"ရှင်"

"ဗျာ"

ညီဘုန်းခန့်နှင့် နိုင်ထွန်းက အာမေဍိတ် ပြိုင်တူအော်ရင်းနောက်တစ်လှမ်း ဆုတ်သွားသည်။ အေးသီတာကတော့ ဒီကိစ္စ ကိုတစ်ခါ ဘရာစီယာဝယ်သည့် ကိစ္စမျိုးဟု မှတ်ထင်လိုက်ကာ ပြုံးလိုက်ရင်း. . .

"မောင်လေးတို့က လူကဲခတ်မှ မတတ်တာကွဲ့၊ သူက အပျိုကြီးဆိုတော့ ရှက်သွားတာပေါ့၊ ကဲ ပြော ဒါပဲလား နောက် ဘာလိုသေးလဲ"

ညီဘုန်းခန့်နှင့် နိုင်ထွန်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏။ ဒီပစ္စည်းတွေက သူတို့နဲ့ ဘာမှမဆိုင်ကြောင်းရှင်းပြချင်မိသည်။ သို့သော် ဇာတ်လမ်းက ရှင်းပြဖို့တောင် တော်တော်ခက်နေ၍ ဘာမှပြောမနေတော့ဘဲ ထိုပစ္စည်းတွေကို မျက်နှာပူပူနှင့်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ကာ ပြန်ခဲ့ရပါတော့သည်။

ပလာဇာအပြင်ရောက်တော့ ညီဘုန်းခန့်က နိုင်ထွန်း လက်ထဲ သူ့အထုပ်ကို ပစ်ထည့်လိုက်ကာ. . .

"ရော့ ဒါ မင်းအပြောအဆိုမတတ်လို့ ဖြစ်ရတဲ့ကိစ္စ၊ မင်းယူသွားလိုက်"

နိုင်ထွန်းက ရှုံ့မဲ့မဲ့နှင့်. . .

"ငါက ဒါတွေ ဘာလုပ်ရမှာလဲ"

ညီဘုန်းခန့်က. . .

"မင်းညီမကို ပေးလိုက်"

"သေချင်းဆိုး"

ဟု နိုင်ထွန်းက ဆဲလိုက်တော့၏။

❋❋❋





**ရှက်** လွန်းလို့ လဲသေချင်စိတ်တောင် ပေါက်နေသည်။ မြန်မာစကားသည် တချို့စကားလုံးများတွင် ရှုပ်ထွေးပြီး အဓိပ္ပာယ်အမျိုးမျိုး ကောက်လို့ရမှန်း အခုမှပဲ သူမ နားလည်တော့၏။ ◦န်စီကို ယောကျ်ားပေးစားပြီးကတည်းက ထိုကိစ္စနဲ့ပတ်သက်ပြီး စကားပြောမိတိုင်း သူမ ရှက်ခဲ့ရ၏။

ဒီကိစ္စက တစ်ဖက်သားကိုလည်း အပြစ်တင်လို့မရပေ။ တိရိစ္ဆာန်တစ်ကောင်နဲ့တစ်ကောင် ပေးစားခြင်းကို မျိုးစပ်သည်၊ သားစပ်သည်ဆိုသည့် စကားလုံးများမှ လွဲ၍ ယဉ်ယဉ်ကျေးကျေး



www.burmeseclassic.com

www.burmeseclassic.com



ထပ်သုံးစရာစကားလုံး မရှိတော့ပေ။ ထို့ကြောင့် တစ်ဖက်သားက ထိုစကားလုံးများ ရယူသုံးစွဲမှုကို အပြစ်တင်လို့ မရပေ။

သူမ ခုတင်ပေါ်မှာ လှဲနေရင်း သက်ပြင်းကို ချနေမိ၏။ ရှက်စိတ်ကြောင့် ခုန်နေသော ရင်က အခုထိ မငြိမ်သက်သေး။ ပြီးတော့ ညီဘုန်းခန့်ဆိုတဲ့ ကောင်လေးအကြောင်းကိုလည်း စဉ်းစားနေမိ၏။ ဒီကောင်လေးက မနေ့ကမှ သူမဆီက လိပ်စာရသွားခြင်းဖြစ်ပြီး ဒီနေ့ဆိုင်ရောက်လာတယ်ဆိုတာ တိုက်ဆိုင်မှုတစ်ခု ဖြစ်နိုင်ပါ့မလား။ ပြီးတော့ သူမဆီ ဖုန်းဆက်သည့်ကိစ္စကလည်း ခွေးကိစ္စဟု ဆို၏။ အခုမှ စိတ်အေးအေးထားပြီး စဉ်းစားကြည့်တော့ အဓိပ္ပာယ်သိပ်မရှိလှ။ ပြီးတော့ မေးပုံကလည်း အဆင်ပြေလားဆိုပဲ။

ခွေးသည် တိရစ္ဆာန်ဖြစ်၍ လူတွေလို ချစ်ခြင်းမေတ္တာတွေနှင့် လွမ်းဆွတ်နေသည့် အမျိုးအစားမဟုတ်ပေ။ ဒီကောင်လေး မေးပုံအရ ဆိုလျှင် ပန်စီကပဲ ဟိုအကောင်ကြီးကို မခွဲနိုင်၊ မခွာရက်ဖြစ်ပြီး လွမ်းဖျားလွမ်းနာကျနေတဲ့ ပုံစံလိုလို။ တကယ်လို့ အဲ့ဒီလိုဖြစ်ခဲ့ရင်တောင်မှ သူနဲ့ဘာမှမဆိုင်ပေ။ ခွေးပိုင်ရှင်ဖြစ်သည့် ကိုယ်နဲ့သာ ဆိုင်သည်။ ထို့ကြောင့် သူမထံ ဖုန်းဆက်ပြီး တကူးတက မေးရမည့် အရေးကိစ္စမဟုတ်၍ ထိုဖြစ်ရပ်ကို အဓိပ္ပာယ်မရှိဟု သူမ တွေးခြင်းဖြစ်သည်။





ပြီးတော့ သူမ အလုပ်အကိုင်နှင့် ဆိုင်လိပ်စာကိုတောင် စကားရောဖောရော လုပ်၍ စုံစမ်းသွားသေး၏။ ထို့နောက် နောက်တစ်နေ့မှာ ဆိုင်ကို ရောက်လာသည်။

ထိုဖြစ်ရပ်တွေကို တစ်ခုချင်း ပြန်စဉ်းစားပြီး သူမ သက်ပြင်းကို ဖြည်းညင်းစွာ ချမိ၏။

ဒီကောင်လေး ရိုးမှရိုးရဲ့လား။ ထိုသို့တွေးပြီး ရင်ဖိုသွားသည်။

"အိုး. . . ငါဘာတွေ တွေးနေတာလဲ"

ဟု ဆိုပြီး အတွေးတွေကို ခေါင်းထဲက ထုတ်ပစ်လိုက်သည်။

သို့သော် ရင်ခုန်သံကတော့ ကျန်ခဲ့၏။

❋❋❋



www.burmeseclassic.com

www.burmeseclassic.com



"**မင်း** လုပ်တာနဲ့ မမဆီကို ဘယ်လိုသွားရမှန်းတောင် မသိတော့ဘူးကွာ"

သူ့ရဲ့ ညည်းတွားသလိုလိုနှင့် ပြောလိုက်သောစကားကြောင့် နိုင်ထွန်းက လက်ဖက်ရည်ခွက်ထဲမှာ ကျနေတဲ့ အမှိုက်ကို ဖယ်နေရာမှ မော့ကာ ကြည့်သည်။

"ငါက ဘာလုပ်လို့လဲ"

"ဘာလုပ်ရမှာလဲ မင်းအဲ့ဒီနေ့က ပြောလိုက်တဲ့ စကားကြောင့် မမ ရှက်ပြီး ထွက်ပြေးသွားတာ မတွေ့ဘူးလား"





"ဟာ. . . ငါပြောလိုက်တဲ့ စကားကြောင့် ထွက်ပြေးသွားတာ မဟုတ်ပါဘူး၊ သူ့ဘာသာသူ ဘီဒိုထဲက ထုတ်လိုက်တဲ့ ပစ္စည်းတွေကြောင့်ပါ"

"ဘာထူးလဲ၊ မင်းပြောလိုက်လို့ မမက ရှက်ပြီး လုပ်မိလုပ်ရာလုပ်လိုက်တာ၊ ဒါနဲ့ အဲ့ဒီဟာတွေ မင်းညီမကို တကယ်သွားပေးလိုက်လား"

"ခွီးပဲ ငါက ဘယ်လိုမျက်နှာနဲ့ သွားပေးရမှာလဲ၊ လွှင့်ပစ်လိုက်တာပေါ့"

ညီဘုန်းခန့်က နိုင်ထွန်းစကားကြောင့် ရယ်သည်။ ပြီးနောက်. . .

"သိဘူးလေ မင်းက ရူးကြောင်မူးကြောင်ကောင်ဆိုတော့ သွားများပေးလိုက်လားလို့"

နိုင်ထွန်းက အသံတိတ်ဆဲ၍ လက်ဖက်ရည်ကို တစ်ငုံသောက်သည်။ သူတို့စကားဝိုင်းက ခေတ္တတိတ်သွား၏။ ညီဘုန်းခန့်က အဝေးတစ်နေရာကိုငေး၍ တွေးနေသည်။ နိုင်ထွန်းက ညီဘုန်းခန့်ကို ကြည့်၍. . .

"ဟေ့ကောင် ဘာတွေစဉ်းစားနေတာလဲ"

ညီဘုန်းခန့် သက်ပြင်းကိုချကာ. . .

"မမအကြောင်းပေါ့ကွာ၊ မမဆီကို ဘယ်လိုသွားရမလဲ စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



နေတာ"

"မင်း အရင်နေ့ကလည်း ဒီလိုပဲ သွားနေတာပဲ၊ ဒီလိုပဲ ဆက်သွားလိုက်ပေါ့"

"ဒါတော့ မင်းပြောမှလား၊ အမြဲတမ်း လမ်းကြုံလို့ ဝင်လာတယ် ဆိုတော့ ဘယ်ကောင်းမလဲကွ၊ အဲ့ဒါကြောင့် ဘယ်လိုအကြောင်းပြပြီး သွားရမလဲ တွေးနေတာ"

နိုင်ထွန်းက သူ့စကားကို ခဏစဉ်းစားပေးသည်။ ပြီးတော့မှ လက်ဖျောက်တစ်ချက် တီးလိုက်ကာ. . .

"ဒီလိုလုပ် လွယ်လွယ်လေးရယ် မင်းမမရဲ့ အိမ်လိပ်စာကို သိလား"

"သူ့အဖေရဲ့ လိပ်စာတော့ သိတယ်"

"မင်းမမက သူ့အဖေတွေနဲ့ အတူမနေဘူးလား"

"နေတယ်လေ"

"ခို့ပဲ ဒါဆိုလည်း ပြီးတာပဲ၊ စကားကို နှစ်လုံးတည်းနဲ့ ကပ်ရှုပ် နေတယ်"

"ကဲပါ ဟုတ်ပါပြီ မမလိပ်စာကို သိပါပြီတဲ့ မင်းက ဘာလုပ်စေ ချင်လို့လဲ"

နိုင်ထွန်းက မေးစေ့လေးကို ပွတ်လိုက်ကာ. . .





"ငါပြောတဲ့နည်းက လွယ်လွယ်လေးပါ၊ ဒါပေမယ့် မင်းဘက်က လုပ်ရဲဖို့ပဲ လိုတယ်"

"ပြောမှာသာ ပြောစမ်းပါကွာ၊ မမနဲ့သာ နီးစပ်မယ်ဆိုရင် ငါ့ဘက်က ဘာမဆို လုပ်ရဲတယ်"

"ဒါဆို မင်း ခွေးကြီး ဖရက်ဒီကို မမအိမ်ကို ခေါ်သွား"

"ဟာ ဟော့ကောင် ဘာလုပ်ဖို့လဲ"

နိုင်ထွန်းက အတတ်ရန်ကောဟူသော မျက်နှာပေးနှင့် စုတ်တစ်ချက် သပ်လိုက်ကာ. . .

"ကွာတ် မင်းခွေးကြီးက သူ့ခွေးမလေးကို လွမ်းလို့ မစားနိုင်၊ မသောက်နိုင်နဲ့ တမှိုင်မှိုင် တတွေတွေ ဖြစ်နေတာလို့ ပြောပြီး သွားလိုက်ပေါ့ကွ၊ အဲ့ဒါကြောင့် ဒီကောင်ကြီး စိတ်ကျေနပ်သွားအောင် လာပြတာပါလို့ပြောပေါ့"

"မမက ယုံပါ့မလားကွ၊ မင်းဟာက အဓိပ္ပာယ်မရှိလိုက်တာ"

"ဟော့ကောင် သူက မယုံရအောင် ခွေးရဲ့ ခံစားချက်ကို သိတာမှ မဟုတ်တာ၊ မင်းမမက တိရစ္ဆာန်ချစ်တတ်တယ်ဆိုတော့ အဆင်ပြေမှာပေါ့"

ညီဘုန်းခန့် ငြိမ်ကျသွားသည်။ ဘာပဲဖြစ်ဖြစ် ဒီအတိုင်းနေပြီး ခံစားနေရတာထက်စာရင် နိုင်ထွန်း ပြောသလိုလုပ်လိုက်တာက



www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေဦးမည်ဟု တွေးကာ ထိုကိစ္စကို အကောင်အထည်ဖော်ရန် စဉ်းစားလိုက်တော့၏။

ထို့နောက် သူတို့ လမ်းခွဲကာ လက်ဖက်ရည်ဆိုင်မှ ထပြန်ခဲ့ပါတော့သည်။

❋❋❋



**နောက်** တစ်ခါ ယုတ္တိမရှိသည့် ကိစ္စလုပ်လာပြန်ပြီဟု 'တင်ဝေဝေထွန်း' တွေးနေမိသည်။ ဒီတစ်ခါလည်း ခွေးကို အကြောင်းပြကာ အိမ်လာမလို့ဆိုပြီး လုပ်လာပြန်၏။

သူ့ခွေးထီးကြီးက ပန်စီကို လွမ်းလို့ဟုဆိုလာ၏။ ထမင်းလည်း စားတော့ဘဲ တမှိုင်မှိုင်တတွေတွေ ဖြစ်နေသည်ဟုလည်း ဆိုသည်။ ဖြစ်နိုင်ပါ့မလား။ သူမ စဉ်းစားကြည့်တော့ ဒီကိစ္စက ဖြစ်နိုင်စရာ အခြေအနေ မရှိပေ။ သူ့ခွေးဖြစ်လျှင် 'ပန်စီ' လည်း ဖြစ်ရမည်။ အခု ပန်စီကျတော့ ဘာမှမဖြစ်ဘဲ သူ့ခွေးကျမှ တစ်ကောင်တည်း

www.burmeseclassic.com

www.burmeseclassic.com



ကွက်ပြီး ဖြစ်နေတယ်ဆိုတော့ ယုတ္တိမရှိ။

'ခွေး'တွေမှာ တစ်ဖက်သတ်အချစ်ရှိသလားဟု သူမ တွေးမိ၏။ မဖြစ်နိုင်ပေ။ သုံးရက်လောက်ပဲ တွေ့ခဲ့ရသည့် ခွေးတစ်ကောင်ကို နောက်ခွေးတစ်ကောင်က လွမ်းနေသည်ဆိုတာတော့ မဖြစ်နိုင်။ နှစ်နဲ့ချီပြီး အတူတကွနေလာတယ်ဆိုထားဦး။ အခုဟာက ပေါ်တင်ကြီး အကြောင်းပြတာဖြစ်လိမ့်မည်ဟု သူမ တွေးလိုက်မိ၏။

သို့သော် သူမက အိမ်ကို လာခွင့်ပြုလိုက်ပါသည်။ အဲ့ဒီကိစ္စအတွက် ယုတ္တိမရှိပေမယ့် အိမ်ကို ဘာလို့ လာခွင့်ပေးလိုက်သလဲဟု မေးလာလျှင် သူမမှာ အကြောင်းပြစရာရှိသည်။ တခြားတော့ မဟုတ်ပါ။ သူမ ဖေဖေရဲ့ သူငယ်ချင်းသားဖြစ်နေသောကြောင့် ဖြစ်ပါ၏။ ထို့ကြောင့် မျက်နှာထောက်စရာတွေရှိ၍ သူမက ခွင့်ပြုလိုက်ခြင်းဖြစ်၏။

ထိုအကြောင်းတွေကို သူမ မေမေကိုလည်း ပြောပြတော့. . .

"လာပလေ့စေပေါ့ သမီးရယ်၊ တိရစ္ဆာန်တွေမှာလည်း သူတို့ခံစားတတ်တဲ့ သံယောဇဉ်ရှိမှာပေါ့၊ လူတွေလိုပေါ့"

ဟု ပြော၍ သူမ ညီဘုန်းခန့် အိမ်လည်လာဖို့ကိစ္စကို သဘောတူလိုက်မိ၏။ ညီဘုန်းခန့်လာမယ့်နေ့ကလည်း တနင်္ဂနွေ ဆိုင်ပိတ်ရက်ဖြစ်၍ သူမပါ အိမ်မှာ ရှိနေ၍ အဆင်ပြေသွားပါသည်။





ဒီကောင်လေး မရိုးတော့တာတော့ သူမ သိသွားသည်။ ကိုယ်က အကြီးဆိုတော့ အိန္ဒြေသိက္ခာရှိရှိ ဆက်ဆံမှဟု သူမစိတ်ထဲမှာ တွေးထားလိုက်မိ၏။ ရင်တော့ ခုန်နေသည်။

❋❋❋



www.burmeseclassic.com

www.burmeseclassic.com



‘မြ ရက်ဒီ’ က ကားစီးရတဲ့ အရသာကိုကြိုက်ပုံရသည်။ ရှေ့ခေါင်းခန်းကခုံမှာ မိန့်မိန့်ကြီး ထိုင်ပြီး လျှာကြီးတန်းလန်းနှင့် ပတ်ဝန်းကျင်ကို ကြည့်ကာ ပါလာ၏။ သူလည်း တော်တော်ပျော်နေသည်။ မမနဲ့ တွေ့ရမှာကိုး။ နောက်ပြီး မမအိမ်ကိုရောက်လျှင် မမတို့ရဲ့ မိသားစုကိုလည်း လေ့လာခွင့်ရမည်။ အနည်းဆုံးတော့ မမက သူ့အမေနှင့် မိတ်ဆက်ပေးလိမ့်မည် ဖြစ်၏။ ထို့ကြောင့် လူကြီးနဲ့တွေ့ရင် အမြင်တင့်တယ်စေရန် ပုဆိုးလေးနှင့် ရှပ်အင်္ကျီအဖြူရောင်လေးတောင် ဝတ်လာမိ၏။





သူ ရင်ခုန်နေတာတော့ အမှန်ပင်။ ဘဝမှာ ဒါမျိုးလည်း တစ်ခါမှ မလုပ်ဖူး၍ ကြောက်လည်းကြောက်နေသည်။ သို့သော် ထိုကြောက်စိတ်က ပျော်ရွှင်မှုတွေထဲမှာ နစ်မျောစီးဝင်နေသော ကြောက်စိတ်မျိုးဖြစ်၏။ တစ်နည်းဆိုရလျှင် ပျော်ကြောက်ကြီး ဖြစ်နေသည်။

ကားက မမတို့ခြံရှေ့ရောက်၍ ဟွန်းမတီးတော့ဘဲ ဖုန်းလှမ်းဆက်လိုက်သည်။ ဟိုဘက်က အမျိုးသမီးတစ်ယောက် လာကိုင်၏။ ဖုန်းလာကိုင်တဲ့လူကို မမဆိုတာ မပြောဘဲနဲ့ သိလိုက်ပါသည်။ သူ ရောက်ပြီပြောတော့ မမက ‘ခဏ’ ဆိုပြီး ခြံတံခါး လာဖွင့်ပေး၏။

ဘာမှ ဖီးလိမ်းပြင်ဆင်ထားခြင်းမရှိဘဲ အိမ်နေရင်း အဝတ်အစားလေးနှင့် မမကို တွေ့လိုက်ရတော့ တစ်မျိုးလေး ချစ်စရာကောင်းနေသည်ဟု သူ ထင်မိ၏။ အခုချိန်မှာ မမက ဂုန်နီအိတ်ကို အင်္ကျီချုပ်ဝတ်ထားလည်း လှနေမှာပဲဟု သူ စိတ်ထဲမှာ တွေးနေမိသည်။

“ခုနကတောင် မင်း မလာသေးလို့ ဖုန်းခေါ်ကြည့်မလို့ လုပ်သေးတယ်၊ လာ လာ အိမ်ထဲဝင် မင်းကောင်ကြီးက ဖြစ်ပါတယ်နော်”

“ဖြစ်ပါတယ် မမ၊ ဒီကောင့်ပုံစံကို ကြည့်ပါလား၊ ဒီကိုလာမယ်ဆိုတာ ကြိုသိနေလို့ထင်တယ် ပျော်နေလိုက်တာများ”



www.burmeseclassic.com

www.burmeseclassic.com



'မမ' က သူ့စကားကြောင့် ပြုံးလိုက်ကာ ဖရက်ဒီ့ကို လှမ်းကြည့်သည်။ သူက ဖရက်ဒီ့ဘေးက ကားတံခါးကို သွားဖွင့်ပေးလိုက်၏။ ဖရက်ဒီက အောက်သို့ခုန်ဆင်းလာ၍ ပတ်ဝန်းကျင်ကို ဟိုကြည့် ဒီကြည့်လုပ်နေသည်။ ထို့နောက် မမကို ကြည့်ကာ အမြီးနှံ့ပြသည်။

မမက. . .

"မင်းခွေးက လိမ္မာသားပဲ၊ ရန်လိုတဲ့စိတ်တော့ ရှိပုံမရဘူးနော်"

"ဟာ အဲ့ဒါတော့ မပြောနဲ့ မမရေ၊ ဒီကောင်ကြီးက လူသိပ်ခင်တာ၊ တွေ့တဲ့လူကို ဖက်တက်တော့တာပဲ"

ထိုသို့ပြောပြီး ခွေးကို ဆွဲလာ၍. . .

"မမ ပန်းစီရော"

"ရှိပါတယ်ကွယ်၊ သူ့လျှောင်အိမ်ထဲမှာ၊ ပြီးမှ ခြံထဲ လွှတ်ပေးမယ်လေ၊ မင်းလည်း အထဲဝင်ပါဦး၊ အထဲမှာ မင်းအတွက် ကော်ဖီဖျော်ထားတယ်"

"ဟာ အားနာစရာတွေဖြစ်ကုန်ပြီဗျာ၊ ဒါနဲ့ ဒီကောင့်ကို ဘယ်မှာချီခဲ့ရမလဲ"

မမက အိမ်အဝင်က ကာထားသော သံပန်းကို လက်ညှိုးထိုးပြ၍ သူလည်း သွားချည်ထားလိုက်သည်။

"ဒီမှာ ခဏနေခဲ့ဦးနော် ဖရက်ဒီ၊ တော်ကြာ ပြန်ထွက်လာမယ်





သိလား"

ဖရက်ဒီက သူ့စကားကို နားလည်သည့်အလား အမြီးနှံ့ကာပြပါသည်။ သူလည်း မမနဲ့အတူ အိမ်ထဲ လိုက်သွားလိုက်တော့၏။

❋❋❋



www.burmeseclassic.com

www.burmeseclassic.com



"**မေမေ** ဒါ သမီးပြောတဲ့ ညီဘုန်းခန့်လေ၊ အန်ကယ် ဦးရဲထွဋ်မင်းရဲ့သား"

"ဟုတ်ကဲ့ပါ အန်တီ၊ ကျွန်တော် ညီဘုန်းခန့်ပါ"

မမ အမေက သူ့ကို ပြုံးပြကာ. . .

"အေး အေး သမီးပြောပြလို့ သိပြီးပါပြီကွယ်၊ သား ဖေဖေနဲ့ အန်တီ့အမျိုးသားနဲ့ကတော့ သူငယ်ချင်းတွေပါ"

"ဟုတ်ကဲ့ပါ အန်တီ၊ ဖေဖေကလည်း ပြောပါတယ်"

"ထိုင် ထိုင် သား၊ သမီး ကော်ဖီ လုပ်လိုက်ဦး"





ညီဘုန်းခန့်က နီးစပ်ရာ ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်သည်၊ မမတို့အမေက သူနဲ့ မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်၍. . .

"သားရဲ့ ခွေးရော ဘယ်မှာလဲ"

"အိမ်အပြင်က သံပန်းမှာချည်ထားခဲ့တယ် အန်တီ"

မမ အမေက ခေါင်းညိတ်ပြ၍. . .

"ခွေးက လိမ္မာသားပဲ၊ ပါလာမှန်းတောင် မသိရဘူး ငြိမ်နေတာပဲ"

"ဟုတ်တယ် အန်တီ၊ ဒီကောင်က ဒီအိမ်လာရတယ်ဆိုတာ သိလို့ထင်တယ် ပျော်နေတာ"

ဒေါ်မေစီက တစ်ချက်ပြုံးလိုက်ကာ. . .

"အေးကွယ် သမီးပြောပြလို့ အကြောင်းစုံသိပြီးပါပြီ၊ တိရစ္ဆာန်တွေလည်း သူတို့ဟာ သူတို့ သံယောဇဉ်ရှိကြမှာပေါ့၊ ဒါနဲ့ သားရဲ့ ခွေးက ပန်စီ့ကို တွေ့ပြီးပြီလား"

ထိုအချိန်မှာ မမက ကော်ဖီခွက်ထည့်ထားတဲ့ ဗန်းကို ကိုင်ကာ ထွက်လာ၍ သူ့မေမေရဲ့ အမေးကို ဝင်ဖြေလိုက်သည်။

"မတွေ့ရသေးဘူး မေမေရဲ့၊ တော်ကြာလောက်မှ အေးအေးဆေးဆေး ပေးတွေ့လိုက်မယ်လေ"

ဒေါ်မေစီက ခေါင်းညိတ်ပြကာ မမ ချပေးတဲ့ ကော်ဖီခွက်ကို



www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးထိုးပြ၍. . .

"သောက်လိုက်ဦးလေ သား၊ သမီးပြောသလို အေးအေးဆေးဆေးပေါ့၊ ကဲ အန်တီလည်း မီးဖိုချောင်ကိစ္စလေးရှိလို့ သွားလိုက်ဦးမယ်၊ သမီးနဲ့ အေးအေးဆေးဆေး စကားပြောဦး"

ထို့နောက် ဒေါ်မေစီက ထိုင်ရာမှ ထထွက်သွားသည်။ မမက သူ့မေမေ ထသွားတဲ့ ထိုင်ခုံမှာ ဝင်ထိုင်လိုက်၍. . .

"ကော်ဖီသောက်လိုက်ဦး၊ ဘယ်လိုပုံစံမျိုး ကြိုက်တယ်တော့ မသိဘူး၊ အနေတော်လေး ဖျော်လာလိုက်တယ်"

'ရပါတယ်မမ၊ မမလက်ရာဆို ကောင်းမှာပါ"

မမက သူ့စကားကို အပြုံးနဲ့ တုံ့ပြန်သည်။ ပြီးနောက် သူတို့စကားစ ပြတ်သွားကြသည်။ ပတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်ကာသွား၏။ မမတို့အိမ်က လူသံတွေ တိတ်ဆိတ်နေ၍ မိသားစုနည်းပုံရသည်ဟု ကော်ဖီသောက်ရင်းနှင့် မှတ်ချက်ချမိ၏။

သူ ကော်ဖီခွက်ကို ချလိုက်ပြီး. . .

"မမတို့အိမ်က တိတ်ဆိတ်နေတာပဲနော်"

"ဟုတ်တယ်ကွဲ့၊ အိမ်မှာက မမရယ်၊ မေမေရယ်၊ ဖေဖေရယ် မိသားစုဆိုလို့ ဒါပဲရှိတယ်၊ ကျန်တာက အကူကောင်မလေးအေးမိနဲ့ ဖိုးသာထူးပဲရှိတာ၊ အခု ဖေဖေက ဂေါက်ကွင်းသွားတယ်၊ အေးမိက





အနောက်မှာ၊ ဖိုးသာထူးက ခိုင်းထားလို့ အပြင်သွားတယ်"

"ဒါဆို မမတို့က မိသားစုသုံးယောက်ထဲပေါ့"

မမက ခေါင်းညိတ်ပြသည်။ သူက. . .

"ကျွန်တော်တို့လည်း သုံးယောက်တည်းပဲ"

"ဟုတ်လား ဒါဆို မင်းက တစ်ဦးတည်းသော သားပေါ့"

သူက ခေါင်းညိတ်ပြလိုက်သည်။ ထို့နောက် လက်ကျန်ကော်ဖီကို အပြီးသတ်လိုက်ကာ မမကို မော့ကြည့်လိုက်၍. . .

"မမ"

"ဟင်"

"မမကို ဟိုတစ်နေ့ကကိစ္စ တောင်းပန်စရာရှိလို့"

မမက မျက်လုံးကလေး ထောင့်ကပ်ကာ စဉ်းစားဟန်ပြ၍. . .

"ဘာကိစ္စများလဲ"

"ဟိုဟာပါ ကျွန်တော့်သူငယ်ချင်း စကားပြောလောသွားလို့ မမ စိတ်ထဲ တစ်မျိုးထင်သွားတဲ့ ကိစ္စပါ"

ထိုတော့မှ မမက. . .

"သြော် ရပါတယ်ကွယ်၊ သူ့စိတ်ထဲကလည်း တကယ်ရိုးရိုးသားသားပြောတယ်ဆိုတာ သိပါတယ်၊ ဒီလိုပဲပေါ့ စကားတစ်ခွန်းဆိုတာ အဓိပ္ပာယ်အမျိုးမျိုး ကောက်လို့ရတာပဲလေ၊ မမ နားလည်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မမစကားကြောင့် သူ့စိတ်ထဲမှာ ပျော်သွားကာ. . .

"ဝမ်းသာပါတယ် မမရယ်၊ မမဘက်က ဒီလိုစကားကြားရတာ ဝမ်းသာလိုက်တာ၊ ကျွန်တော်က မမ စိတ်ဆိုးသွားမှာစိုးလို့ စိုးရိမ်နေတာ"

မမက အိနြွေရရ ပြုံးရင်း ခေါင်းခါပြ၏။

"ရပါတယ် မဆိုးပါဘူး၊ ကဲ မမတို့ ပန်းစိုက်ဆီ သွားရအောင်"

မမက စကားကို ဖြတ်၍ ထိုင်ရာမှ ထလိုက်သည်။ သူလည်း မမနောက်က လိုက်ထွက်လာခဲ့ပါတော့သည်။ အပြင်ရောက်တော့ ဖရက်ဒီက သံပန်းကို မှီကာ ထိုင်နေရင်း အမြီးနှံ့ကာ ကြိုဆိုနေ၏။ ပန်းစီနဲ့ တွေ့ရမှာမို့ ပျော်နေသလားမသိပေ။

❋ ❋ ❋





**'ပန်းစီ'** သည် လှောင်အိမ်ထဲက ထုတ်လိုက်သည်နှင့် ဇောင်းထဲက လွှတ်လိုက်သော မြင်းတစ်ကောင်လို ပြေးထွက်လာသည်။ သူ့ကိုမြင်တော့ တံ့ကနဲ တစ်ချက်ရပ်လိုက်ကာ ကြည့်၏။ သူလည်း ရုတ်တရက်ဆိုတော့ ကြောက်သွားကာ မမလက်မောင်းကို ဖမ်းကိုင်လိုက်ပြီး. . .

"မမ ဖြစ်. . . ဖြစ်ပါ့မလား၊ ကြိုးလေးဘာလေး ချည်ထားပါဦး၊ တော်ကြာ ကိုက်နေဦးမယ်"

မမက သူ့လက်မောင်းကို ကိုင်ထားတာကို သတိမထားမိသေး



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ပန်စီရဲ့ လည်ပတ်ကြိုးကို လှမ်းကိုင်လိုက်သည်။ ပြီးနောက်. . .

"သူက အဲ့ဒီလိုတော့ မကိုက်တတ်ပါဘူး၊ မင်းက ကြောက်ပြီး ရုတ်ရုတ်သဲသဲလုပ်ရင်တော့ မပြောတတ်ဘူး"

ထိုအချိန်မှာ ဖရက်ဒီက ပန်စီ့အနားသို့ အမြီးလေး နှံ့ကာ ကပ်သွားပါသည်။ ပန်စီက ဖရက်ဒီ့ကို ကြောင်တောင်တောင်နှင့် တစ်ချက်ကြည့်၍ ခဏကြာတော့မှ မှတ်မိသွားပုံရသည်။ အမြီးကလေး နှံ့ကာ နားရွက်လေးကို လှမ်းကိုက်ကာ ကျီစယ်တော့သည်။ အဲ့ဒီတော့မှ သူလည်း သက်ပြင်းချမိသည်။ မမလက်မောင်းကို ကိုင်ထားမိတာတော့ မလွှတ်မိသေး။ မမလည်း သူ့လက်မောင်းကို ကိုင်ထားတာ အခုမှ သတိရသွားပုံရ၍. . .

"မင်းကို ပန်စီက ဘာမှမလုပ်တော့ပါဘူး၊ လက်မောင်းကို လွှတ်ပါဦး ဒီမှာ နာလှပြီ"

အဲ့ဒီတော့မှ သူလည်း အားနာစွာနှင့်. . .

"ဟာ ဆောရီးမမ၊ ကျွန်တော် ဟိုဟာ. . . သတိမထား မိလိုက်လို့"

အမှန်တော့ မမလက်မောင်းကို တစ်သက်လုံး ဆုပ်ကိုင်ထား ချင်တဲ့သူပါဟု ပြောလိုက်ချင်တာပါ။ ဒါ့ကြောင့် ထိုစကားလုံးတွေကို စိတ်ထဲမှာပဲ အားရပါးရ ပြောပစ်လိုက်သည်။





ပန်စီနဲ့ ဖရက်ဒီကတော့ တစ်ကောင်နဲ့တစ်ကောင် ဆော့ရင်း ခြံထဲမှာ ပတ်ပြေးနေ၏။ သူလည်း ဖရက်ဒီ လွတ်လွတ်လပ်လပ် ဆော့ကစားနိုင်ရန်အတွက် လည်ပင်းမှာ ချိတ်ထားတဲ့ ကြိုးကို ဖြုတ်ပေးလိုက်ပါသည်။

သူနဲ့ မမက ခြံထဲက ခုံမှာ ထိုင်ရင်းနှင့် ခွေးနှစ်ကောင် ဆော့တာကို ငေးကြည့်နေမိသည်။

မမက ပန်စီတို့ကို ကြည့်နေရင်းမှ. . .

"ဒီခွေးလေးကို မမ စမွေးတုန်းက နို့တောင် မခွဲသေးဘူးကွဲ့၊ ကလေးတစ်ယောက်လို နို့ဘူးတိုက်ပြီး မွေးခဲ့ရတာ"

"မမက တိရစ္ဆာန် တော်တော်ချစ်တတ်တာပဲနော်"

မမက ခေါင်းညိတ်ပြ၍

"မမမှာ တွယ်တာစရာဆိုလို့ မိဘတွေပြီးရင် သူတို့ပဲ ရှိတာလေ"

မမရဲ့ စကားကို ကြားရတော့ သူ့စိတ်ထဲမှာ အကြံတစ်ခု ရသွား၏။ ထိုစကားကို နင်း၍ 'မမမှာ တစ်ခြားတွယ်တာစရာ မရှိဘူးလား ဘာလား' ဆိုတာတွေ မေးကြည့်ပြီး မမအကြောင်းကို မသိမသာ စုံစမ်းကြည့်မလို့ဖြစ်၏။

"ဒါဆို မမက တခြားတွယ်တာစရာ မရှိဘူးပေါ့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မရှိပါဘူးကွယ်၊ မမမှာ ဘာမှမရှိပါဘူး"

"ကျွန်တော်တော့ မယုံပါဘူး"

"ဘာလို့လဲ"

"မမက ဒီလောက်လှတာ၊ ချစ်တဲ့သူတွေ ဝိုင်းဝိုင်းလည်နေမှာပေါ့"

ညီဘုန်းခန့်စကားကြောင့် တင်ဝေဝေထွန်းက တစ်ချက်ရယ်လိုက်မိ၏။ ဒီကောင်လေး သူ့ကို စကားအစ်နေပြီဆိုတော့ သိလိုက်သည်။ ထို့ကြောင့် အိန္ဒြေရရပင် ပြန်၍. . .

"ဒါကတော့ကွယ် ချစ်တဲ့သူတွေ ပေါတိုင်း ကိုယ်က ပြန်ချစ်ရမှာမှ မဟုတ်တာ၊ မမက အဲ့ဒီကိစ္စတွေ စိတ်မဝင်စားလို့ အခုအချိန်ထိ ဒီအတိုင်းနေလာခဲ့တာပေါ့"

သူမ ပြောလိုက်တဲ့ စကားက ပညာသားပါ၏။ အချစ်ကို စိတ်မဝင်စားဘူးဆိုတဲ့သဘော သက်ရောက်သွား၏။ ထိုစကားရဲ့ အဓိပ္ပာယ်ကိုလည်း ညီဘုန်းခန့်က နားလည်လိုက်၍ ဘာဆက်ပြောရမှန်းမသိ ဖြစ်ကာသွားသည်။

ထို့နောက် သူတို့စကားဝိုင်းလေးသည် တိတ်ဆိတ်ကာသွားပါသည်။ ခဏကြာတော့မှ မမက တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်၏။

"မင်းက တိရစ္ဆာန်မွေးမြူရေးလုပ်တယ်ဆိုတော့ တိရစ္ဆာန်တွေကို ချစ်တတ်လို့ပေါ့နော်"

ညီဘုန်းခန့်က ခေါင်းညိတ်ပြလိုက်ပြီး. . .

"ကျွန်တော်က ငယ်ငယ်လေးကတည်းက ခွေးတွေ ချစ်တတ်တာ၊ အဲ့ဒါကြောင့် ကြီးလာတော့ အိမ်နဲ့ အတိုက်အခံလုပ်ပြီး ခွေးမွေးမြူရေး လုပ်နေတာ"

"အိမ်နဲ့အတိုက်အခံလုပ်ပြီးဆိုတော့ မင်းအိမ်က ဒီအလုပ်ကို သဘောမတူဘူးလား"

သူ ခေါင်းခါပြလိုက်ကာ. . .

"မတူဘူး မမ၊ ဖေဖေက ကျွန်တော့်ကို သူ့ရဲ့ကုမ္ပဏီမှာပဲ အလုပ်လုပ်စေချင်တာ၊ ကျွန်တော်က ဒီအလုပ်ထဲမှာပဲ စိတ်ရောလူရော နှစ်ထားတာ"

"ဩော် အေးလေ ဒီလိုပါပဲ လူဆိုတာ ကိုယ်ဝါသနာပါရာ ကိုယ်လုပ်ကြတာပါပဲကွယ်"

ညီဘုန်းခန့်က တင်ဝေဝေထွန်းကို လှည့်ကြည့်လိုက်၍. . .

"ဒါဆို မမကလည်း အဝတ်အစားဆိုင်ဖွင့်ထားတာဆိုတော့ အဲ့ဒီဘက်မှာ ဝါသနာပါလို့ပေါ့နော်"

သူမက ရယ်လိုက်သည်။ အရယ်ဆုံးမှ. . .

"ဟုတ်တယ် မမက ငယ်ငယ်တည်းက ဈေးရောင်းတာ ဝါသနာ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်ကွဲ့၊ ကစားရင်တောင် ဈေးရောင်းတမ်းကစားကာ၊ အဲ့ဒါကြောင့် ကြီးလာတော့ ဒီအလုပ်လုပ်ဖြစ်တာပေါ့"

"ကောင်းပါတယ်"

ဟု ညီဘုန်းခန့်က ဆိုလိုက်သည်။ ထို့နောက် သူက လက်ပတ်နာရီကို ကြည့်လိုက်၍. . .

"အချိန်တောင် ကြာသွားပြီ၊ ကျွန်တော် ပြန်ဖို့ သင့်ပြီထင်တယ်"

သူမက. . .

"မင်းကို မမ မနှင်ဘူးနော်၊ နေချင်သေးရင်လည်း နေဦး၊ ကိစ္စရှိလို့ ပြန်မယ်ဆိုလည်း သဘော"

"ရပါတယ်မမရယ်၊ ဧည့်သည်ဆိုတာ အိမ်ရှင်နှင်မှ ပြန်ရမှာမှ မဟုတ်တာ၊ ကိုယ့်ဘာသာကိုယ် အလိုက်တသိ ပြန်ရမှာပေါ့၊ ဒီလောက်ဆို ဖရက်ဒီလည်း ကျေနပ်သွားလောက်ပါပြီ၊ ကျွန်တော့်ကို လာလည်ခွင့်ပေးတဲ့အတွက် မမကို ကျေးဇူးအများကြီးတင်ပါတယ်ဗျာ"

မမက ပြုံးရုံလေး ပြုံးပြသည်။ ညီဘုန်းခန့်က ဖရက်ဒီ့ကို လှမ်းခေါ်လိုက်၏။ ဖရက်ဒီက ပန်စီနဲ့ ပြေးလွှားဆော့နေရာမှ သူ့ဆီသို့ ပြေးလာပါသည်။

ဖရက်ဒီ့လည်ပင်းမှာ ပတ်ပေးတဲ့ လည်ပတ်ကို သံကြိုးနဲ့





ချိတ်၍ သူ ထရပ်လိုက်၏။

"အန်တီ့ကို ကျွန်တော် နှုတ်ဆက်လိုက်ဦးမယ်"

မမက ပြုံးပြ၍ အိမ်ဘက်သို့ လှမ်းထွက်သွားကာ ဒေါ်မေစီကို လှမ်းခေါ်လိုက်ပါသည်။

ခဏနေတော့ ဒေါ်မေစီ ထွက်လာ၍. . .

"ပြန်တော့မလို့လား သား"

"ဟုတ်ကဲ့ အန်တီ ပြန်တော့မယ်"

"အေးကွယ် အေး၊ နောက်လည်း လမ်းကြုံရင် ဝင်လည်ပေါ့"

ညီဘုန်းခန့်က ပြုံးပြ၍ ခေါင်းညိတ်ပြလိုက်၏။

ထို့နောက် ဖရက်ဒီ့ကို ဆွဲကာ ကားဆီသွားမလို့ လုပ်စဉ် ဖရက်ဒီက ဘာဖြစ်သွားမှန်းမသိဘဲ ပန်စီ့ဆီသို့ ဝုန်းကနဲ ထကာ ပြေးသည်။ ရုတ်တရက်ဆိုတော့ ညီဘုန်းခန့် ခန္ဓာကိုယ်သည် တစ်ချက်ယိုင်ထွက်သွားပြီး သံကြိုးကို ဆွဲတင်းလိုက်မိ၏။ သို့သော် သံကြိုးက သူ့လက်ထဲမှာ မိမိရရ ဆွဲကိုင်မရဘဲ ချော်ထွက်သွားကာ လက်မှ လွတ်ထွက်သွားလေသည်။ ထိုအခါ သံကြိုးနောက်မှာ ချိတ်ရန်ထားသော ချိတ်က ညီဘုန်းခန့်ရဲ့ ပုဆိုးခါးပုံစကို သွားချိတ်မိလေသည်။

အဖြစ်အပျက်က မြန်ဆန်လွန်း၏။ သူ ဘာမှမလုပ်လိုက်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ခင်မှာဘဲ ပုဆိုးက ခွေးဆွဲပြေးသည့်အရှိန်ကြောင့် ကွင်းလုံးကြီး ကျွတ်ကျသွားပါတော့သည်။ တစ်ဆက်တည်းမှာပင် ပုဆိုးက ခြေထောက်အောက်မှ လွတ်ထွက်သွားပြီး ဖင်ထိုင်လျက် ပြုတ်ကျကာသွား၏။

“ဟင်”

“ဟာ”

“ဟောတော့”

သူ အပါအဝင် ဒေါ်မေစီနဲ့ တင်ဝေဝေထွန်းဆီကပါ အာမေဋိတ်အသံတွေ တစ်ပြိုင်နက် ထွက်ကာလာ၏။ ညီဘုန်းခန့်၏ အသိအာရုံသည် ရုတ်တရက် ပျောက်ကာသွားပြီး ဘာလုပ်လို့ လုပ်ရမှန်းမသိဘဲ ကြောင်တောင်တောင်ကြီး ထိုင်နေမိသည်။ သူ အသိပြန်ဝင်လာချိန်တွင် သူ့အောက်ပိုင်းသည် အောက်ခံဘောင်းဘီလေးတစ်ခုသာရှိတော့၍ ဟာလာဟင်းလင်းကြီး ဖြစ်နေတာ တွေ့ရသည်။ ပုဆိုးကတော့ ခွေးသံကြိုးနောက်သို့ တန်းလန်းကြီး ချိတ်ကာ ပါသွားလေပြီ

ညီဘုန်းခန့်၏ ပတ်ဝန်းကျင်သည် လုံးဝတိတ်ဆိတ်ကာသွားသည်။ ဒေါ်မေစီနဲ့ တင်ဝေဝေထွန်းလည်း သူ့ရှေ့မှာ မရှိတော့ပေ။ သူလည်း ကားပေါ်သို့ ဘယ်လိုတက်လို့ တက်လာမှန်းမသိတော့။ ရှက်စိတ်ကြောင့် သူ့တစ်ကိုယ်လုံး ပြာတက်လာကာ နှုတ်ခမ်းတွေတောင် တုန်ခါလာသည်။



ခဏနေတော့ ဒေါ်မေစီက ကားပြတင်းပေါက်မှ ပုဆိုးတစ်ထည်လာပေးသည်ဟု ထင်ရသည်။ ထိုပုဆိုးကို ယူဝတ်ပြီး သူကားမောင်းထွက်ခဲ့လိုက်တော့၏။

သူ့ရဲ့ အသိစိတ်သည် ပျောက်ကာနေသည်။ သူ အိမ်သို့ ကားကို ဘယ်လိုမောင်းပြီး ပြန်ခဲ့လည်း သူမမှတ်မိတော့။ အရာအားလုံးကို မသိစိတ်က လုပ်ဆောင်သွားခဲ့၏။

ဖရက်ဒီလည်း မမတို့အိမ်မှာ ကျန်ခဲ့ပါတော့သည်။ စိတ်ထဲမှာဘာကို ဒေါသဖြစ်ရမှန်းမသိဘဲ မွန်းကြပ်ကာနေ၏။ အိမ်ရောက်တော့ အုတ်နံရံတစ်ခုကို အားရပါးရ လက်သီးနဲ့ ပြေးထိုးပစ်လိုက်သည်။

ပါးစပ်ကလည်း နာကြည်းစွာနှင့်. . .

“ခွေးမသားခွေး မယားတရှူး တဏှာရှူး”

ဟု ဖရက်ဒီကို ကျိန်ဆဲမိပါတော့၏။

❋❋❋

www.burmeseclassic.com

www.burmeseclassic.com



သူ့ ဘဝသက်တမ်း သုံးဆယ့်ခြောက်နှစ်အတွင်း ကိုယ့်မျက်စိရှေ့တွင် ယောက်ျားတစ်ယောက် ပုဆိုးကွင်းလုံး ကျွတ်ကျတာကို မျက်ဝါးထင်ထင် မြင်ဖူးတာ ဒီတစ်ခါ ပထမဆုံးအကြိမ်ဖြစ်သည်။ ဖြစ်တဲ့ အချိန်တုန်းက သူမ ကိုယ်တိုင် ကြောင်ပြီး ကြည့်နေခဲ့မိ၏။ ဘာလုပ်လို့ လုပ်ပေးရမှန်းလည်း မသိပေ။ အကူအညီလည်း မပေးတတ်။ အကူအညီပေးချင်ရင်တောင်မှ ဘယ်လိုပေးလို့ ပေးရမှန်း မသိခဲ့ပေ။ အသိပြန်ဝင်လာချိန်တွင် သူမ အိမ်ထဲသို့ ပြေးဝင်လိုက်မိ၏။





ဒါက လူတစ်ဖက်သား ဒုက္ခရောက်နေတာကို မျက်နှာလွှဲခဲပစ်ထားခဲ့ချင်၍ မဟုတ်ပေ။ သူမ ရှိနေခြင်းထက် ရှိမနေခြင်းက တစ်ဖက်လူအတွက် ပိုကောင်းသည်ဟု ထင်ခဲ့မိသောကြောင့် ဖြစ်၏။ မေမေကတော့ ဖေဖေ့ပုဆိုးတစ်ထည်ကို အမြန်ယူ၍ သွားပေးခဲ့သည်။

ညီဘုန်းခန့် ဘယ်လောက်အထိ ရှက်သွားမည်ဆိုတာ သူမ ကိုယ်ချင်းစာကြည့်လို့ရသည်။ သူမတောင် ကာယကံရှင်မဟုတ်ဘဲ ဒီလောက် ရှက်သွားခဲ့ရင် ကာယကံရှင်ဆိုလျှင် ပြောဖွယ်ရာမရှိပေ။

ထိုကိစ္စတွေဖြစ်ပြီး ညီဘုန်းခန့် သူမဆီကို ဖုန်းလည်း မဆက်တော့ပေ။ သူ့ခွေး ဖရက်ဒီကိုလည်းလာမယူတော့။ ထိုအခြင်းအရာများကို ကြည့်ခြင်းအားဖြင့် ဘယ်လောက်အထိ ရှက်သွားခဲ့တယ်ဆိုတာ သိသာပါသည်။ သူမစိတ်ထဲမှာလည်း ညီဘုန်းခန့်အပေါ် တော်တော်လေး သနားသွားမိ၏။

သူ ဘယ်လောက်ခံစားသွားရမလဲ။

သူမ စိတ်ထဲမှာ ကိုယ်ချင်းစာတရားနှင့် ခံစားမိတာထက် ညီဘုန်းခန့်က အဆပေါင်းများစွာပို၍ ခံစားမိမည်ဆိုတာ သူမ သိပါသည်။ ထို့ကြောင့် သူမက စပြီး ဖုန်းဆက်ချင်သော်လည်း တစ်ဖက်သားကို အားနာ၍ ဖုန်းမဆက်ဖြစ်။ ဒီလိုကိစ္စမျိုးက အားပေးစကားပြောဖို့ သင့်တော်တဲ့ကိစ္စ မဟုတ်ပေ။ ခွေးကိစ္စကိုတော့ သူမ



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက တစ်ဆင့် ပြောခိုင်းထားသည်။ အခုလောလောဆယ်တော့ ခွေးက သူမတို့အိမ်မှာပင် သောင်တင်နေ၏။ ဖရက်ဒီက ထင်ထား တာထက် လိမ္မာပါသည်။ ပန်စီလည်း ရှိနေသောကြောင့် အဖော်ရှိနေ၍ထင်သည်။ မြူးပျော်ကာနေ၏။ သူမလည်း ခွေးချစ်တတ်၍ ပန်စီကဲ့သို့ပင် ကောင်းကောင်းမွန်မွန် ကျွေးမွေးထား၏။

ဒီကြားထဲ ထူးထူးခြားခြား ဖြစ်ပေါ်လာခဲ့တဲ့ ခံစားချက်လေး တစ်ခုရှိ၏။ သူမ ညီဘုန်းခန့်ကို သတိရမိနေခြင်းပင်။

ယောကျ်ားတစ်ယောက်အပေါ် သတိရနေမိတာ ပထမဆုံး အကြိမ်ပါ။

ဒါက အားနာခြင်းကြောင့်လား၊ သနားသွားတာကြောင့်လား တော့ သူမ မဆုံးဖြတ်တတ်ပေ။

❋❋❋





'ညီဘုန်းခန့်' အိမ်ထဲက အိမ်ပြင်မထွက်တာ တော်တော်ကြာပြီဖြစ်သည်။ ရှက်လွန်းအားကြီး၍ အိမ်တွင်အောင်းနေခြင်းသာဖြစ်သည်။ သူ အတွေ့ခံတာဆိုလို့ နိုင်ထွန်း တစ်ယောက်သာရှိ၏။

နိုင်ထွန်းက. . .

"မင်း ဒီလိုပဲ နေနေလို့ ဖြစ်တာမဟုတ်ဘူးနော်၊ ဖရက်ဒ့်ကို သွားမခေါ်တော့ဘူးလား"

"နေစမ်းပါကွာ စိတ်ညစ်ရတဲ့အထဲ ငါက ဘယ်မျက်နှာနဲ့ သွားခေါ်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကတော့ကွာ တကယ်ပါပဲ ဖြစ်လိုက်ရင် အသဲအသန် ချည်းပဲ"

"ငါလည်း ဘယ်ဖြစ်ချင်ပါ့မလဲကွ၊ အဲ့ဒီသောက်ခွေးကိုက မယားတရှူးပြီး ထပြေးတာ"

နိုင်ထွန်းက တဟားဟား ရယ်မောလိုက်ကာ. . .

"ခွေးကို အပြစ်မတင်ပါနဲ့ကွာ၊ သူက ခွေးပဲ လူတွေလိုတော့ ဘယ်အသိဉာဏ်ရှိပါမလဲ၊ သူ အဲ့ဒီလို ပြေးသွားလိုက်လို့ မင်းပုဆိုး ကျွတ်ကျသွားမယ်လို့ သူ ဘယ်လိုထင်မှာလဲ"

သူ ဘာမှမပြောဘဲ ငြိမ်နေမိသည်။ မနေ့ကလည်း ဖေဖေက သူ့ထံဖုန်းဆက်ပြီး ပြောခဲ့သေး၏။ ခွေးကို သွားခေါ်ဖို့ကိစ္စပင် ပြီးတော့ ဖေဖေက သူဖြစ်ပျက်ခဲ့တဲ့ကိစ္စကိုလည်း မမတို့ ဖေဖေထံမှ တစ်ဆင့် သိသွား၍ သူ့ကို အပြစ်တင်၏။

"မင်းကွာ ကိုယ့်ပုဆိုးကိုယ်တောင် ခိုင်ခိုင်ဝတ်မထားဘူးလား မင်း ဒီအတိုင်းနေလို့တော့ မဖြစ်ဘူးနော်၊ ကိုယ့်ခွေးကိုယ် သွားခေါ် ကိုယ့်ခွေးက သူများအိမ်ရောက်နေတာ၊ ဝန်ထုပ်ဝန်ပိုးတစ်ခု ပေး သလိုဖြစ်နေတယ်၊ မင်းမသွားချင်ရင်လည်း တစ်ယောက်ယောက်ကို လွှတ်လိုက်"

ဟု ဆို၏။





ဒီကိစ္စတွေကို သူနားလည်ပါသည်။ ခွေးတစ်ကောင်လုံး သူများအိမ်မှာ ထားခဲ့ခြင်းသည် ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်စေသည် ဆိုတာ သူ နားလည်ပါသည်။ သို့သော် သူ ဘယ်လိုမျက်နှာမျိုးနဲ့ သွားရမည်နည်း။

သူ့ဘဝ၏ အရှက်နှင့်သိက္ခာသည် မမရှေ့မှာရော မမရဲ့အမေ ရှေ့မှာပါ ရစရာမရှိအောင် ကွဲသွားခဲ့ပြီဖြစ်သည်။ ငါးပါးတင်မဟုတ်၊ သံဃာစင်ပါ မှောက်သွားခဲ့၏။ ဒါတောင် မမ အမေက ပုဆိုးတစ် ထည်လာပေးခဲ့၍ အရှက်လုံလုံ အိမ်ပြန်လာနိုင်ခဲ့ခြင်းပါ။

နို့မို့ဆိုမလွယ်။ အတွင်းခံဘောင်းဘီနှင့် အိမ်ပြန်ရမယ့်အဖြစ်။

"စိတ်လည်း အဲ့ဒီလောက် ညစ်မနေပါနဲ့ သူငယ်ချင်းရာ၊ ဖြစ်ပြီး တာတွေလည်း ဖြစ်ပြီးသွားပြီပဲ၊ ခေါင်းထဲက ထုတ်လို့ရရင် ထုတ်ပစ် လိုက်ပါ"

နိုင်ထွန်းစကားကြောင့် သူ သက်ပြင်းချလိုက်ကာ. . .

"ဘယ်တတ်နိုင်မလဲကွာ၊ တဖြည်းဖြည်းတော့ ကိုယ့်စိတ်ကိုယ် ပြန်မွေးယူရဦးမှာပေါ့"

"ကဲ အဲ့ဒါတွေ ခဏမေ့လိုက်၊ မင်းလည်း အိမ်တွင်းပုန်းနေတာ ကြာပြီ၊ လာ ငါတို့ အပြင်လေး ဘာလေး ထွက်ရအောင်"

"ဘယ်သွားမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့ ညစ်နေတာတွေ လစ်သွားအောင် တစ်နေရာရှိတယ်"

"ဘယ်နေရာလဲ"

"ဘီယာဆိုင်"

သူတစ်ချက် တွေဝေသွားကာ. . .

"သွားကွာ ချမယ်"

ဟု ဆိုကာ ထရပ်လိုက်ပါတော့သည်။

✵✵✵

မိုး မိုး စာပေ



ဘီယာလေး နည်းနည်းမူးလာတော့ ရင်ထဲက ခံစားချက်တွေကို ဖွင့်ထုတ်မိ၏။ အဲ့ဒီတော့မှ ရင်ထဲက ခံစားချက်က နည်းနည်းပေါ့သွားသည်ဟု ခံစားမိသည်။ နိုင်ထွန်းက ဘီယာလေး မြှုံ့လိုက် အမြည်းလေး စားလိုက်နှင့် သူ့ခံစားချက်တွေကို နားထောင်ပေး၏။

"ငါ မမကို ချစ်တာ အရှက်နဲ့လဲပြီး ချစ်တာကွ"

"အသက်နဲ့လဲပြီး ချစ်တာပဲ ကြားဖူးပါတယ်ကွာ၊ မင်းကျမှ အရှက်နဲ့လဲပြီး ချစ်တယ်လို့ပဲ"

"ဟ လူဆိုတာ အရှက်ကို အသက်ထက် ပိုတန်ဖိုးထားကြ

မိုး မိုး စာပေ

www.burmeseclassic.com

www.burmeseclassic.com



တယ်တဲ့၊ ငါက အသက်ထက်ပိုတန်ဖိုးထားတဲ့ အရှက်ကို မမရှေ့မှာ ဖြန်းဖြန်းကြီး အကွဲခံပြီး ချစ်ခဲ့တာကွ”

နိုင်ထွန်းက လက်ကျန်ဘီယာကို အပြတ်ရှင်းလိုက်ပြီး အမြည်းတစ်ဖတ်ကို ကောက်ဝါးလိုက်ရင်းမှ. . .

“ထားပါတော့ကွာ မင်း အဲ့ဒီလိုပဲ ငါ့ကို လာပြောနေလို့ မဖြစ်ဘူးလေ၊ မင်း မမသိအောင် ပြောမှပေါ့”

ညီဘုန်းခန့်က သက်ပြင်းချကာ ဆံပင်ကို လက်နဲ့ သပ်တင်ပစ်လိုက်၏။ ပြီးတော့ ကုလားထိုင်မှာ ခြေပစ်လက်ပစ် ပုံစံမျိုး ထိုင်လိုက်ကာ. . .

“ငါပြောချင်တာပေါ့ကွာ၊ ငါ သိပ်ပြောချင်တာပေါ့၊ ဒါပေမယ့် ဖြစ်ခဲ့တဲ့ ပြဿနာတွေကြောင့် မမကို ငါ ဘယ်လိုရင်ဆိုင်ပြီး ပြောရမလဲ”

“ကျွတ် အဲ့ဒါ မင်းကို ငါက ပြောတာပေါ့၊ မင်းချစ်ရင် ချစ်တယ် ပြောရဲရမှာပေါ့၊ ဘာသွေးကြောင်နေစရာလိုလဲ၊ ပုဆိုးကျွတ်ကျတာနဲ့ ချစ်တာနဲ့ ဘာမှမဆိုင်ဘူးကွ၊ ဒါမတော်တဆဖြစ်တာ၊ မင်း မမက မင်းထက် အသက်ပိုကြီးတော့ ဒီကိစ္စတွေကို သူပိုနားလည်ပါတယ်၊ အဲ့ဒီကိစ္စအတွက်လည်း မင်းကို သူက ဗွေယူမှာမဟုတ်ဘူး၊ မင်းကိုတောင် သနားနေဦးမှာ”





‘သနားနေဦးမှာ’ ဆိုတဲ့စကား ကြားတော့ ညီဘုန်းခန့် ခေါင်းထောင်လာ၏။ ပြီးနောက် မျက်လုံးကို တစ်ချက်မှေးလိုက်ကာ နိုင်ထွန်းကို ကြည့်၍. . .

“မမက ငါ့ကို သနားမှာဟုတ်လား၊ မင်းက ဘယ်လိုသိလဲ”

“ဟ သိတာပေါ့ကွ၊ ဒါက စဉ်းစားကြည့်ရင် အရှင်းလေးပဲ၊ ဥပမာ မင်းရှေ့မှာ မိန်းကလေးတစ်ယောက် အရှက်တကွဲနဲ့ မတော်တဆ ထဘီကျွတ်ကျသွားရင် မင်း ဟားတိုက်ရယ်မောနေမှာလား၊ ဒါမှမဟုတ် အပြစ်တင်နေမှာလား၊ သနားနေမှာလား”

ထိုစကားဆုံးတော့ သူတို့စကားဝိုင်းလေးသည် တိတ်ဆိတ်ငြိမ်သက်ကာသွားသည်။ ညီဘုန်းခန့်က ဘီယာခွက်ကို ငေးကြည့်၍ တစ်စုံတစ်ခုကို စဉ်းစားသွား၏။ နိုင်ထွန်းကလည်း အလိုက်သိစွာ ညီဘုန်းခန့်ကို ကြည့်ကာ ငြိမ်သက်နေသည်။ တော်တော်လေးကြာတော့မှ ညီဘုန်းခန့်က နိုင်ထွန်းကို မော့ကြည့်လိုက်ကာ. . .

“ဒါဆို မမ ငါ့ကို သနားနေမှာပေါ့”

နိုင်ထွန်းက လက်ဖျောက်တစ်ချက်တီး၍. . .

“သိပ်သေချာတာပေါ့ကွ၊ မမက မင်းကို သနားနေမှာ အမှန်ပဲ”

“ဒါ ဒါဆို ငါ ဘာလုပ်ရမလဲဟင်”

“မင်း ဒါတောင် မသိတော့ဘူးလား၊ မင်း မမဆီကို တယ်လီဖုန်း



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြီး မင်းရဲ့ ခံစားချက်တွေကို ဖွင့်ပြောလိုက်ပေါ့ကွ”

“ငါ ငါ ဘယ်တော့ပြောရမှာလဲဟင်”

“ဟ ဖြစ်နိုင်ရင် ဒီည ဒီညတောင် ပြောသင့်တယ်၊ ဒီအချိန်က မင်းအတွက် အခွင့်ကောင်းပဲ ဟ့ကောင်၊ မင်းမမကလည်း မင်းကို သနားနေတဲ့အချိန်ဆိုတော့ ဖွင့်သာပြောလိုက်တော့ ဟေ့ကောင်၊ မိန်းကလေးတွေဆိုတာ သူတို့စိတ်ထဲ သူတစ်ပါးကို သနားနေတဲ့ အချိန်က စိတ်အားအပျော့ဆုံးအချိန်ပဲ၊ ဒီအချိန်မှာ မင်းအတွက် အခွင့်အရေးပဲကွ၊ မင်းက ဒါတွေ ငါ့ထက်ပိုသိပါတယ်ကွာ”

ညီဘုန်းခန့် စဉ်းစားလိုက်သည်။ ဘီယာကလည်း ခပ်ထွေထွေ ဆိုတော့ ရဲစိတ်ကြောင့် စိတ်ထဲမှာ အင်အားတွေ တိုးကာလာ၏။ ထို့ကြောင့်. . .

“ငါ အိမ်ပြန်ရောက်တာနဲ့ မမဆီ ဖုန်းဆက်မယ်”

“ကောင်းတယ် ဟေ့ကောင်၊ ချသာ ချ”

နိုင်ထွန်းကလည်း ဘီယာတန်ခိုးနှင့် နှစ်ဆတိုးကာ မြှောက် ပေး၏။ ထို့နောက် နှစ်ယောက်သား ခွက်ချင်းတိုက်လိုက်ကာ. . .

“ကဲ ဒီည မင်းရဲ့ အောင်မြင်မှုအတွက် ချီးယားစ်”

“ချီးယားစ်”

❋❋❋





ည သည် လရောင်အောက်၌ ဝါဝင်းတောက်ပကာ နေသည်။ အေးမြသော လေပြည်လေညင်းက ညရန့်ကို သယ်ဆောင်၍ အရပ်လေးမျက်နှာမှာ ဖြန့်ကျက်ကာထား၏။ ညီဘုန်းခန့်က ခြံထဲသို့ ဆင်း၍ ခုံတစ်လုံးမှာ ထိုင်ကာ ဟန်းဖုန်းကို ကိုင်၍ ငေးကြည့် နေမိသည်။

သူ့ရင်ထဲ၌ ရင်ခုန်သံတွေ သံစုံကျူးရင့်ကာနေသည်။ ထို့ကြောင့် ရင်ခွင်တစ်ခုလုံး ငြိမ်သက်သွားအောင် ခဏစောင့်နေသည့်သဘော နှင့် တယ်လီဖုန်းကို မဆက်သေးဘဲ ကိုင်ထားလိုက်ခြင်းသဘောပင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ ခဏနေတော့ အသက်ကို ပြင်းပြင်းရှူထုတ်လိုက်ကာ မမရဲ့ ဖုန်းနံပါတ်ကို နှိပ်လိုက်ပါတော့သည်။

ဟိုဘက်ကို ဖုန်းဝင်သွား၏။ ညီဘုန်းခန့်၏ ရင်ထဲ တယ်လီဖုန်း Ring Tone ခေါ်သံနဲ့အပြိုင် စည်းချက်ညီညီ လှိုက်ကာခုန်နေမိ၏။

"ဟယ်လို"

မမရဲ့အသံဆိုတာ သူသိလိုက်ပါသည်။ ရင်ခုန်သံတွေ အစ မသေနိုင်သေးသောကြောင့် ရုတ်တရက် စကားမပြောနိုင်သေးဘဲ တယ်လီဖုန်းကို ကိုင်ထားမိ၏။ ထို့ကြောင့် ဟိုဘက်က. . .

"ညီဘုန်းခန့်လား ပြောလေ၊ မမ နားထောင်နေတယ်"

မမက သူ့ဖုန်းမှာပေါ်တဲ့ နံပါတ်ကိုကြည့်၍ သူမှန်းသိသွားပုံ ရ၏။ ထို့ကြောင့် သူက. . .

"မမ အိပ်နေတာလား၊ ကျွန်တော်. . . ကျွန်တော် ဖုန်းဆက်မိတာ အနှောင့်အယှက်ဖြစ်သွားလားဟင်"

"မအိပ်သေးပါဘူးကွယ်၊ မဂ္ဂဇင်းဖတ်ပြီး လှဲနေတာပါ၊ ရပါတယ် ပြော"

"မမ"

သူ့ခေါ်သံက အဖျားခတ်တုန်ခါနေမည်ဆိုတာ သေချာပါသည်။ မမက ပြန်မပြောဘဲ သူ ဆက်ပြောလာမည့်စကားကို ငြိမ်





သက်စွာ နားထောင်နေ၏။

"မမ ကျွန်တော် မမဆီကို ဖုန်းဆက်ဖို့အတွက် တော်တော် အားအင်တွေ မွေးခဲ့ရတာပါဗျာ၊ ဟိုတစ်နေ့က ဖြစ်ခဲ့တဲ့ ဖြစ်ရပ်တွေ အတွက် ကျွန်တော့်ဘက်က မမကို မျက်နှာမပြရဲအောင် ဖြစ်နေရတာပါ"

"ရပါတယ်ကွယ်၊ အဲ့ဒီကိစ္စအတွက် မမစိတ်ထဲမှာ ဘာမှမရှိပါဘူး၊ မမက မင်းကိုတောင် အားနာနေတာပါ"

မမအသံက ချိုသာလွန်း၏။ အားနာခြင်းဆိုတာထက် သူ့အပေါ် သနားကရုဏာသက်၍ ပြောနေသော လေသံပေါက်နေသည်။ သူ့ရင်ထဲမှာ အားအင်တွေ ချက်ချင်းရောက်ကာလာသည်။ နှလုံးသားသည် အချစ်စိတ်ကြောင့် တဒုတ်ဒုတ် ခုန်ကာနေမိ၏။

"မမ"

"ပြောပါ ညီဘုန်းခန့်၊ မမကိုပဲ တစ်ချိန်လုံး ခေါ်နေတာပဲ၊ ပြောပါ ရှက်လည်းမနေပါနဲ့"

"ဟိုဟာ. . . ဟို ဖရက်ဒီ အဆင်ပြေလားဟင်"

"အမယ်လေး ပြေပါတယ်ကွယ်၊ ဖရက်ဒီက ဒီမှာတောင် ပျော်နေပြီသိလား၊ မမလည်း သူ့ကို သံယောဇဉ်ဖြစ်နေပြီ၊ အဲ့ဒါ ကြောင့် ပြန်တောင်မပေးချင်တော့ဘူး၊ အပိုင်ယူထားမလို့ စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



နေတာ"

သူ့စိတ်ထဲမှာ 'ဖရက်ဒီ' အကြောင်းမေးချင်၍ မဟုတ်ပါ။ ချစ်တယ်ဆိုတဲ့ စကားကို နှုတ်က ပြောဖို့မရဲ၍ ဖရက်ဒီအကြောင်း မေးလိုက်ရတာပါ။ အခုတော့ မမက ဖရက်ဒီကို ပြန်မပေးချင်တော့ဘူးဟု ဆိုလာ၏။ သခင်ကိုပါ တစ်ဘဝလုံးစာအတွက် အပိုင်သိမ်းလိုက်ပါလား မမရယ်ဟု ရင်ထဲမှာ ဆိုလိုက်မိသည်။

မမမက စကားကို ဆက်သည်။

"ညီဘုန်းခန့် အခု ဘယ်က ဆက်နေတာလဲ"

"အိမ်က ဆက်နေတာပါ မမ"

"သြော် မမက ဒီအချိန်ကြီးကျမှ မင်းဆီက ဖုန်းဝင်လာလို့ ဘာများဖြစ်သလဲဆိုပြီး စိတ်ပူနေတာ"

"မမက ဘာကိုစိတ်ပူတာလဲဟင်"

"မသိဘူးလေကွယ် ညဘက်ကြီး ဖုန်းဆက်တယ်ဆိုတော့ စိတ်ပူမိတာပေါ့"

"မမက ကျွန်တော့်ကို စိတ်ပူတယ်ပေါ့ ဟုတ်လား"

ဟိုဘက်က ချက်ချင်းအဖြေမပေးနိုင်သေးဘဲ ငြိမ်ကျသွားသည်။ ပြီးတော့မှ ထစ်ထစ်ငေါ့ငေါ့လေသံနှင့်. . .

"အိုကွယ်. . . ဒါကတော့ ဒီလိုပဲ စိတ်ပူမိတာပါ"





အဖြေက မရေရာမသေချာပေ။

အခုမှတော့ မထူးတော့ပြီမို့ ညီဘုန်းခန့်က သတ္တိတွေစုကာ ချစ်တယ်ဆိုတဲ့ စကားကို ပြောချလိုက်ပါတော့သည်။

"မမကို ကျွန်တော် ချစ်တယ်ဗျာ"

"ဟယ်"

"တကယ်ပြောတာပါ မမရယ်၊ မမကို ကျွန်တော့်အိမ်မှာ စမြင်ကတည်းက ချစ်မိတာပါ၊ အဲ့ဒါကြောင့် မမဆီကို အကြောင်းအမျိုးမျိုးပြပြီး လာခဲ့ရတာပါ၊ ဒါပေမယ့် မမရယ် ကံကြမ္မာက ကျွန်တော့်ဘက်မှာ မရှိပါဘူး၊ ကျွန်တော် မမရှေ့မှာ အလွဲလွဲ အချော်ချော်တွေ ဖြစ်ပြီး အရှက်တွေ ကွဲခဲ့ရပါတယ်၊ ဒါပေမယ့် မမရယ် ကျွန်တော် မမကို မမြင်ရရင် မနေနိုင်အောင် ချစ်မိနေပြီဗျာ"

ဟိုဘက်က လုံးဝငြိမ်သက်သွားသည်။ ဘာစကားမှ ပြန်မပြောတော့ပေ။ မမရဲ့ အသက်ရှူသံသဲ့သဲ့ကိုတော့ တယ်လီဖုန်းထဲမှ ကြားနေရ၏။

သူ မမကို ခေါ်မိသည်။

"မမ"

"-----------"

"မမ"



www.burmeseclassic.com

www.burmeseclassic.com



“-----------”

“မမ စကားပြန်ပြောပါဦးဗျာ စိတ်ဆိုးသွားတာလား”

အဲ့ဒီတော့မှ. . .

“မမနဲ့မင်းက အသက်အများကြီး ကွာပါတယ်ကွယ် စိတ်ကူးမယဉ်စမ်းပါနဲ့”

“ရဘူးဗျာ အသက်ကွာတော့ ဘာဖြစ်လဲ၊ အချစ်မှာ အသက်အရွယ်နဲ့ မဆိုင်ပါဘူး မမရယ်၊ ကျွန်တော်ကတော့ ချစ်မှာပဲ”

ညီဘုန်းခန့်က အတင်းဇွတ်ချစ်မှာပဲချည်း လုပ်၏။ ဟိုဘက်က သက်ပြင်းချသံတွေ ထွက်လာသည်။

“မဖြစ်နိုင်ဘူး ညီဘုန်းခန့်ရယ်”

“ဘာလို့ မဖြစ်နိုင်ရမှာလဲ မမရယ်၊ ကျွန်တော်က မမကို တစ်ဘဝလုံးအတွက် ရည်ရွယ်ပြီး ချစ်နေတာပါ တကယ်လက်ထပ်မှာ”

“အို မင်းဘာတွေလျှောက်ပြောနေတာလဲ၊ ဒီက ဘာအဖြေမှတောင် မပေးရသေးဘူး”

“ကျွန်တော်က တစ်ခါတည်း ပြောထားတာပါ”

“ကဲပါ ထားပါတော့၊ မင်းပြောချင်တာ ဒါပဲမလား၊ မမ အိပ်ချင်ပြီ ဖုန်းချလိုက်တော့မယ်”

“ရဘူးဗျာ တစ်ခုခုတော့ ပြောခဲ့ဦး”

ဦး မိုး စာ ပေ



“ဟယ် ဘာပြောရမှာလဲ”

“အဖြေလေးတစ်ခုခုတော့ ပေးခဲ့ပါဦးလို့”

“ဘာအဖြေလဲ မမမှာ မင်းအတွက် အဖြေမရှိဘူး”

“ရက်စက်လိုက်တာဗျာ စဉ်းစားပါဦးမယ်ဆိုတဲ့ အဖြေလေးတောင် မရှိဘူးလားဗျာ”

“မမ မင်းကိုပြောပြီးသားပဲ၊ မမ အဲ့ဒီကိစ္စတွေ မစဉ်းစားချင်လို့ ဒီအရွယ်ထိ အပျိုကြီးဘဝနဲ့နေလာတာပါလို့”

“သူများတွေ မစဉ်းစားချင်နေပါဗျာ ကျွန်တော့်ကိုတော့ စဉ်းစားပေးပါ”

ဟိုဘက်က သက်ပြင်းချ၍. . .

“မင်းက ဇွတ်ပါလား”

“ကျွန်တော်က ချစ်နေတာကိုးဗျ ဇွတ်ပဲ”

“ကဲပါ ကဲပါ စဉ်းစားပေးမယ်၊ ဟုတ်ပြီလား အခုတော့ ဖုန်းချလိုက်တော့မယ်”

“ခဏ ခဏနေပါဦးမမရယ်၊ ကျွန်တော် မနက်ဖြန် မမရဲ့ဆိုင်ကို လာလည်လို့ရမလား”

“မမ မနက်ဖြန် အိမ်မှာပဲ ရှိမယ်၊ ဆိုင်မသွားဘူး”

“ဒါဆို အိမ်လာလည်မယ်လေ”

ဦး မိုး စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"မင်းက အိမ်ကို လာရလို့လား"

ညီဘုန်းခန့်က တစ်ချက်ရယ်လိုက်ကာ. . .

"ရွှေမျက်နှာ နောက်ထားပြီး အရှက်သိက္ခာတွေ ဘေးချိတ်ကာ လာရမှာပေါ့ဗျာ၊ ကျွန်တော်က ချစ်နေတာကိုး"

ဟိုဘက်က သူ့စကားကြောင့် ညင်းသွဲ့စွာ ရယ်သည်။ ပြီးတော့မှ. . .

"ကဲပါ အိမ်တော့ မလာနဲ့၊ လာချင်ရင် ဆိုင်ကိုပဲ လာခဲ့၊ မမ နေ့ခင်းဘက် ဆိုင်ကို လာစရာရှိတယ်"

"ဟေး ဒါမှ တို့မမကွ"

သူ ပျော်ရွှင်စွာ ထအော်လိုက်မိ၏။ ဟိုဘက်ကတော့ ဖုန်းချသွားပါပြီ။

ညီဘုန်းခန့်၏ ရင်ခုန်သံသည် အရင်ကထက် နှစ်ဆမြင့်ကာ ကျန်ရစ်ခဲ့ပါတော့သည်။

❋❋❋

ပို : မို : ၈၇၄၀



**အချစ်** သည် အချိန်အခါ၊ အရွယ်သုံးပါးနှင့် ဆိုင်ဘဲ ဖြစ်ပေါ်တတ်လားဆိုတာ သူမ မသိပေ။ ညီဘုန်းခန့်ကို ဘာလို့ ဒီလောက်အထိ လိုက်လျောမိလဲဆိုတာကိုလည်း သူမ မပြော တတ်။ သူမ သိတာ တစ်ခုတော့ရှိသည်။ ညီဘုန်းခန့်နဲ့ ပတ်သက်ရင် သူမရင်ထဲမှာ ရှက်ရွံ့ခြင်း၊ ရင်ခုန်ခြင်း၊ သနားခြင်း စသည်တို့ တစ်လှည့်စီ ဖြစ်ပေါ်ခဲ့၏။

သူမဘက်က ဒီကောင်လေး မရိုးတာကို အစကတည်းက သိနေခဲ့သည်။ သိသိကြီးနဲ့ပဲ ရှောင်လွှဲမရအောင် ဖြစ်ခဲ့ရ၏။ ညီဘုန်း

ပို : မို : ၈၇၄၀

www.burmeseclassic.com

www.burmeseclassic.com



ခန့် သူမကို ချစ်ခွင့်ပန်တော့ ရင်ခုန်သွားမိတာ အမှန်ပင်။ သူမသည် ရောက်ရှိနေသော အသက်အရွယ်အရ ရင့်ကျက်ပြီဟု ဆိုနိုင်သော်လည်း အချစ်နဲ့ပတ်သက်ရင် အတွေ့အကြုံမရှိခဲ့၍ အပျိုဖျန်းလေး တစ်ယောက်လို ရှက်သွေးဖြာ၍ ရင်ခုန်သွားခဲ့ရ၏။ ရင်ထဲမှာ ကြည်နူးသလိုလို၊ ကြောက်ရွံ့သလိုလို။ ပြီးတော့ ရှက်သလိုလို။

သူမ ထိုအကြောင်းတွေ တွေးနေရင်းနှင့်ပင် ကိုယ့်ကိုယ်ကို မလုံမလဲဖြစ်သွားပြီး ရှက်ရွံ့စွာ ပြုံးလိုက်မိသည်။ ထိုအချိန်မှာ သူမ ဆိုင်ကိုအသွား ကားပေါ်မှာဖြစ်၍ သူမတစ်ယောက်တည်း ပြုံးနေတာကို ဘယ်သူမှ မမြင်လိုက်ပေ။

ဒီနေ့ သူမ ဆိုင်ကိုသွားနေခြင်းသည် ခါတိုင်း အချိန်တွေ ဆိုင်ကို သွားနေခြင်းနှင့်မတူ စိတ်ထဲမှာ ပေါ့ပါးနေ၏။ ပြီးတော့ ရင်ခုန်နေသည်။ ညီဘုန်းခန့်က သူ့ကို အဖြေ ဇွတ်တောင်းလာရင် ဘာပြောမလဲဆိုတာ စဉ်းစားသည်။ တိကျသောအဖြေ သူမှာမရှိ ငြင်းပစ်လိုက်မလားဆိုပြီးတော့လည်း စဉ်းစားကြည့်၏။

ဒါဆိုတော့လည်း ကောင်လေးကို သနားသလိုလို။ သူမ ကောင်လေးကို ချစ်မိနေပြီလားဟု ကိုယ့်ဘာသာကိုယ် ပြန်မေးလိုက်သည်။ သူ့စိတ်သူ ပြန်လည် ရှက်ရွံ့စွာနှင့် ထိုအမေးကို မဖြေရဲ။

ဒီလိုနဲ့ပဲ မပြတ်မသားစိတ်တွေနှင့် သူမ ဆိုင်သို့ ရောက်လာပါ





တော့သည်။ ဆိုင်ရောက်တော့ အေးသီတာက သူမအား ဆီးကြို၍. . .

“အစ်မ ဒီနေ့ သိပ်လှနေပါလား”

“အိုကွယ်. . . ခါတိုင်းလည်း ဒီလိုပါပဲ”

“မဟုတ်ပါဘူး အစ်မရယ်၊ ကျွန်မလည်း နေ့တိုင်း တွေ့နေကျ သီတာပေါ့၊ အစ်မ ဒီနေ့သိပ်လှနေတယ်၊ ခါတိုင်းနဲ့မတူဘူး”

သူမ မလုံမလဲနှင့် သူမကိုယ်သူမ ငုံ့ကြည့်လိုက်ကာ. . .

“ဒီအတိုင်းက ဒီအတိုင်းပါပဲ အေးသီတာရယ်၊ နင့်မျက်စိတွေ မှားလို့နေမှာပါ”

ဟု မလုံမလဲ ဖြေလိုက်ကာ ကောင်တာဆီသို့ လှမ်းသွားလိုက်၏။ ပြီးမှ သူ ဒီနေ့ အလှပြင်မိတာ ခါတိုင်းထက် ပိုများသွားပြီလားဟု တွေးလိုက်မိ၏။

❋❋❋



www.burmeseclassic.com

www.burmeseclassic.com



**ညီ** ဘုန်းခန့် ဆိုင်ရှေ့ရောက်တော့ အထဲကို လှမ်းဝင်မည်အလုပ် ခြေထောက်တွေက တစ်ခုခု ဆွဲထားသလို ရုတ်ချည်းလေးလံကာသွားပါသည်။ ကြောက်စိတ်ကြောင့် လေးလံသွားခြင်းပင်ဖြစ်သည်။ ထိုကြောက်စိတ်က ဆရာကို တပည့်က ကြောက်နည်းမျိုးနှင့်လည်းမတူ။ မိဘကို သားသမီးက ကြောက်ရွံ့ခြင်းနှင့်လည်းမတူပေ။ ဘာကို ဘာက ကြောက်နေမှန်း မသိသော ကြောက်စိတ်မျိုးဖြစ်သည်။ ရင်တွေလည်း ခုန်နေမိ၏။ လက်ဖျားခြေဖျားတွေလည်းအေးနေသည်။ သို့သော် ဒီအတိုင်း မဝင်ဘဲ ကြောင်တောင်တောင်ကြီး



ရပ်နေလို့လည်း မရသည့်အတွက် လှမ်းဝင်လိုက်ပါတော့သည်။

ဆိုင်ထဲရောက်တော့ လူရှင်းနေတာ တွေ့ရသည်။ မမကို ခပ်လှမ်းလှမ်းက ဘီဒိုတစ်ခုနောက်မှာ ဆိုင်က ကောင်မလေးတစ်ယောက်နှင့် စကားပြောနေတာကို လှမ်းမြင်ရသည်။ သူ ခြေလှမ်းတွေ မမှားအောင် သတိထားကာ မမထံ လှမ်းသွားလိုက်ပါတော့သည်။

"မမ"

သူခေါ်သံကြားတော့ မမက လှည့်ကြည့်လိုက်ကာ နှစ်လိုဖွယ်အပြုံးလေးတစ်ခု နှုတ်ခမ်းမှာ တပ်ဆင်လိုက်ရင်း. . .

"ဩော် ညီဘုန်းခန့် ဘယ်လာရင်း ဝင်လာတာလဲ"

ချိန်းထားတာ သိရဲ့သားနှင့် မမဆီက ထိုစကားကြားရ၍ သူတစ်ချက် အံ့သြသွားမိ၏။ နောက်တော့မှ ဆိုင်က ကောင်မလေးတွေ ရှေ့မှာမို့ တမင်ပြောလိုက်မှန်း သဘောပေါက်သွားကာ. . .

"ဝယ်စရာလေးတစ်ခုရှိလို့ လာရင်း ဝင်လာတာပါ မမ"

မမက တည်ငြိမ်စွာ ခေါင်းညိတ်ပြ၍. . .

"ဩော်. . . မမတောင် အခုလေးတင် ဆိုင်ကိုရောက်တာ"

"ဟုတ်လား မမ၊ ဟိုဟာလေ ကျွန်တော်တို့ တစ်ခုခု သွားသောက်ရအောင်လား အအေးဖြစ်ဖြစ်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားက အချိန်အခါနှင့် အခြေအနေကို ကြည့်၍ အသုံးပြုလိုက်သော စကားပင်ဖြစ်သည်။ ဆိုင်မှာဆိုတော့ စကားပြောရတာ မလွတ်လပ်၍ အေးအေးဆေးဆေး စကားပြောချင်သည်ဆိုသည့် သဘောဖြင့် ပြောလိုက်ခြင်းဖြစ်၏။

မမက တစ်ချက်စဉ်းစား၍. . .

"သွားလေ မမ ခဏတော့ အချိန်ရပါတယ်"

ထို့နောက် သူတို့ လူရှင်းသည့် အအေးဆိုင်လေးသို့ ထွက်လာခဲ့လိုက်ပါသည်။ ဆိုင်ရောက်တော့ မမက စတော်ဘယ်ရီတစ်ခွက် မှာ၏။ သူလည်း စတော်ဘယ်ရီတစ်ခွက် လိုက်မှာလိုက်၏။

မမက သူ စတော်ဘယ်ရီဖျော်ရည် မှာလိုက်တာ တွေ့တော့. . .

"မင်းက စတော်ဘယ်ရီ ကြိုက်လို့လား"

"ကြိုက်တယ် မမ၊ မမကရော"

"မမက အသီးတွေထဲမှာ စတော်ဘယ်ရီသီးကို အကြိုက်ဆုံးပဲ ကျောင်းတုန်းကဆို မမကို စတော်ဘယ်ရီ ချစ်သည်းရှင်လို့ စကြတယ်"

သူက တစ်ချက်ပြုံးလိုက်ကာ. . .

"ဒါဆို မမနဲ့ ကျွန်တော်နဲ့က အကြိုက်ချင်း တူတာပေါ့နော်"





မမက ပြုံးစိစိနှင့် 'ထားပါတော့' ဆိုပြီး မပွင့်တပွင့် ဆို၏။ သူက မမ မျက်နှာလေးကို ငေးကြည့်လိုက်ကာ. . .

"မမ"

"ဘာလဲ ပြောလေ"

"မမကို ကျွန်တော် အရမ်းချစ်တယ်ဗျာ"

"အိုကွယ် မင်းဒါတွေ ပြောမယ်ဆိုရင် မမ ပြန်တော့မယ်"

"မလုပ်ပါနဲ့ မမရယ်၊ မမပြန်သွားရင် ကျွန်တော်တစ်ယောက်တည်း ကျန်ခဲ့မှာပေါ့"

"ကျန်ခဲ့ပစေပေါ့ ဘာဖြစ်လဲ၊ လူဆိုတာ မွေးလာကတည်းက တစ်ယောက်တည်းပဲဟာ"

"အဲ့ဒါတော့ မမ မှားသွားပြီ၊ တချို့တွေက အမွှာပူး မွေးတယ်ဗျ၊ သုံးမွှာပူး လေးမွှာပူးတောင် ပါလိုက်သေးတယ်"

"ဒါကတော့ စကားကပ်ပြောတာပဲ"

"ကပ်ပြောတာ မဟုတ်ပါဘူးဗျာ၊ ခွာပြောနေတာပါ၊ မမက ကပ်ပြောစေချင်ရင် ကျွန်တော် ကပ်ပြောပါ့မယ်"

သူက ပြောပြောဆိုဆိုနှင့် ထကာ မမဘေးက ခုံကို ပြောင်းမလို့လုပ်သည်။ မမက ကြောက်ကြောက်လန့်လန့်နှင့် လက်ကာပြ၍. . .

"ရပြီ ရပြီ တော်ပါတော့ ကိုယ်တော်ချောရယ်၊ အဲ့ဒီမှာပဲ နေပါ"



www.burmeseclassic.com

www.burmeseclassic.com



မင်းနဲ့ စကား ပြိုင်မပြောတော့ပါဘူး"

"ဒါဆို ကျွန်တော့်ကို ချစ်တယ်ပြော"

"အိုး. . . ဘာဆိုင်လို့လဲ"

"မပြောဘူးလား၊ မပြောရင် အဲ့ဒီဘက်ကို ပြောင်းလာမှာနော်"

"မင်း အဲ့ဒီလိုတော့ မလုပ်နဲ့လေ၊ မင်းကို မမက ခင်လို့ လိုက်လာတာ"

ဒီလောက် တုံ့ပြန်မှုဆို အခြေအနေ ကောင်းသည်ဟု သူ တွေးလိုက်၏။ နည်းနည်းလောက်ဆက်ပြီး ဂျီကျပူဆာပြလျှင် အပျိုကြီး ပြုံဆင်းလာနိုင်သည်ဟု သူ တွေးလိုက်မိ၏။ သူကလည်း ခေသူမှ မဟုတ်ဘဲ။ ရည်းစားသုံးယောက်လောက် ထားခဲ့ဖူးသည့် အတွေ့အကြုံက ရှိခဲ့ဖူးသည်ဆိုတော့ ဒီလောက်တော့ ကျွမ်းသည်။

ထိုအချိန်မှာ ဆိုင်က ဝိတ်တာလေးက အအေးနှစ်ခွက်ယူပြီး သူတို့ဝိုင်းကို လှမ်းလာနေတာ တွေ့ရ၏။ သူ အကြံတစ်ခုရသွားကာ ထိုကောင်လေးအလာကို စောင့်နေလိုက်သည်။ ထိုကောင်လေး သူတို့ စားပွဲနားရောက်ခါနီးမှာ အချိန်ကိုက်၍ မမဘေးက ခုံသို့ ဆွေ့ကနဲ ပြောင်းထိုင်လိုက်ပါတော့သည်။

"ပလုတ်တုတ်"

ရုတ်တရက်ဆိုတော့ မမက အာမေဍိတ်သံပြု၍ သူ့ကို လှည့်ကြည့်ပြီး တစ်စုံတစ်ခု ပြောဖို့လုပ်စဉ်. . .





"အစ်မတို့ မှာထားတာ ရပြီဗျ၊ ဘာများ ထပ်မှာဦးမလဲ မသိဘူး"

"မမှာတော့ပါဘူး ညီလေး၊ လိုအပ်ရင် ခေါ်လိုက်မယ်နော်"

ဝိတ်တာကောင်လေးကလည်း သူတို့နှစ်ယောက်ကို အဓိပ္ပာယ်ပါပါ ပြုံးပြသွားကာ ထွက်သွားပါတော့သည်။ မမက အဖြစ်အပျက်တွေကို ကြောင်ငေးစွာ ကြည့်ရင်း ဆွံ့အနေစဉ် သူက ရတဲ့အခွင့်အရေးကို အမိအရ အသုံးချလိုက်ကာ မမ လက်ကလေးကို ဆုပ်ကိုင်လိုက်သည်။

"အို. . . ဘာလုပ်တာလဲ"

မမ လက်ကလေးတွေက အေးစက်ကာနေ၏။ မမရဲ့ ရင်ခုန်သံကို သူ ရင်ဘတ်က စည်းချက်ညီညီ ကြားနေရသည်။ ဒီလောက်ဆို ဖြစ်ပြီ။

"ချစ်တယ် မမရယ် တကယ်ပါ"

"မင်းက ဟိုဝိတ်တာလေးရှေ့မှာ မင်းကို ဘာမှမပြောနိုင်တာ သိလို့ အခွင့်အရေး ယူလိုက်တာပေါ့ ဟုတ်လား"

"အဲ့ဒီလို မထင်ပါနဲ့ မမရယ်၊ ကျွန်တော်လည်း ကြံမိကြံရာ ကြံမိတာပါ"



www.burmeseclassic.com

www.burmeseclassic.com



မမက ဘာမှဆက်မပြောတော့ဘဲ ခေါင်းကလေး ငုံ့ကာနေ၏။ လက်ကို မသိမသာလေး ရုန်းသည်။ သူက လုံးဝ အလွတ်မပေးတော့။

"မမ"

သူ တိုးတိတ်စွာ ခေါ်လိုက်၏။ မမကလည်း တိုးဖွဖွလေး ပြန်ဖြေပါသည်။

"ဘာလဲ"

"ကျွန်တော့်ကို ချစ်လားဟင်"

"---------"

"မမ"

"---------"

ဘာမှ ပြန်မဖြေပါ။ ရှက်ရွံ့စွာ ခေါင်းငုံ့နေသည်ဆိုတာ သူ သိပါသည်။ ထို့နောက် မမကိုယ်လုံးလေးကို အသာလေး ဆွဲယူမိလိုက်၏။ ရုန်းကန်မှုတစ်ဝက်၊ လိုက်လျောမှုတစ်ဝက်နှင့် သူ့ရင်ခွင်ထဲသို့ ဖမ ခန္ဓာကိုယ်လေး ပြုံဆင်းလာ၏။ ခန္ဓာကိုယ်လေးက မသိမသာ ပူနွေးတုန်ခါနေတာ သူ သတိထားမိလိုက်ပါတော့သည်။

"အိုကွယ်"

❋❋❋

BURMESE CLASSIC .com



(၆) လခန့်ကြာသောအခါ

www.burmeseclassic.com

www.burmeseclassic.com



**သူ** တို့၏ လက်ထပ်ပွဲကို သိပ်မကြာခင်မှာပဲ ဆီဒိုးနား ဟိုတယ်မှာ ကြီးကျယ်ခမ်းနားစွာ ကျင်းပလိုက်ကြသည်။ မမ၏ မလွန်းတလွန်း အသက်အရွယ်ကြောင့် မြန်မြန်ဆန်ဆန် ကျင်းပလိုက်ခြင်း ဖြစ်၏။ ချမ်းသာကြွယ်ဝသော အသိုင်းအဝိုင်း၊ ကြီးမားသော မိသားစု နှစ်ခု၏ မင်္ဂလာပွဲဖြစ်သောကြောင့် လူတွေ စည်ကားလှ၏။ ဒေါ်မေစီလည်း ယခုမှ သူ့စိတ်ဆန္ဒပြည့်ဝသွား၍ စိတ်ကျေနပ်ကာသွားသည်။

"ဒီအရေးတွေ မြင်လို့ ပန်စီကို ငါက ယောကျ်ားပေးစားတာပေါ့"



BURMESE CLASSIC .com



ဟု ဒေါ်မေစီက ဆို၏။ မမက သူ့အမေစကားကို ကြား၍ အောက်ပါအတိုင်းမေးတော့. . .

"ဒါဆို မေမေတို့က အရင်ကတည်းက လူကြီးချင်း ကြိုတင်စီစဉ်ထားကြတာပေါ့ ဟုတ်လား"

"ဒါတော့ ဘယ်ပြောမလဲ" ဟု ဒေါ်မေစီက ဆိုသည်

ထိုကိစ္စကိုတော့ ဒေါ်မေစီက လုံးဝ ဖွင့်မပြောပြပါ။ လူကြီးချင်း ကြိုတင်စီမံမှုရှိသလား၊ မရှိဘူးလားဆိုတာကိုလည်း သူတို့နှစ်ယောက် လုံးဝ မသိခဲ့ရပေ။

နှစ်ဖက်လူကြီးတွေက ရုပ်ရှင်တွေထဲကအတိုင်း ကြိုတင်စီစဉ်မှုတွေ လုပ်ပြီး သူတို့နှစ်ယောက်ကို ပေါင်းဖက်စေခဲ့သလား၊ ဒါမှမဟုတ် ဘာကြိုတင်စီစဉ်မှုမှ မပါဘဲ သူတို့ဘာသာ သူတို့ ကံတရားကြောင့် တွေ့ခဲ့ကြရတာလားဆိုတာကိုတော့ လူကြီးတွေကလွဲ၍ ဘယ်သူမှ သိနိုင်မည်မဟုတ်ပေ။

ဘာပဲဖြစ်ဖြစ် ဖူးစာပါလို့ ညားခဲ့ကြတာဟုသာ မှတ်ယူထားရပေလိမ့်မည်။

နောက်ထပ် ဝမ်းသာစရာ သတင်းလေးတစ်ခု ရှိသေးသည်။

ပန်စီလေးက ဖရက်ဒီအတွက် အထီးလေးနှစ်ကောင်၊ အမလေးနှစ်ကောင် မွေးပေးလိုက်ပါသည်ဆိုသည့် သတင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကတော့ ဦးညီဘုန်းခန့်နှင့် ဒေါ်တင်ဝေဝေထွန်းတို့နှင့်ပင် အတူတကွ နေထိုင်သွားကြပါတော့သည် ခင်ဗျာ. . . . . ။

❋❋❋

ကြိုးစားလျက်

မိုးဆက်လင်းထက်

BURMESE CLASSIC .com

ပိ း မှိ း ၈၁၆၀

www.burmeseclassic.com